စာပေဗိမာန်စာမူဆုရ



# သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု



လင်းကိုကို



၂၀၁၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဘာသာပြန်စာပေ၊ ပထမဆုရ

# သဘာဝဘေးအန္တရာယ်
# စီမံခန့်ခွဲမှု

## လင်းကိုကို


တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ - အင်းစိန်)
စာတည်း (တာဝန်ခံ)
မျက်နှာဖုံးပန်းချီ - မောင်သွင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

တန်ဖိုး (          ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် ခေတ္တစာတည်းမှူးချုပ်
ဦးမျိုးမြင့်မောင် (မျိုးမြတ်မြတ်မြင့်မောင်) က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန် အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
- ❖ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

# ရည်ရွယ်ချက်များ

၁။ သဘာဝဘေးဒုက္ခများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကျိုးသက်ရောက်မှု ကယ်ဆယ်ရေးလုပ်ငန်းများဖြေရှင်းမှု ယန္တရားများအကြား ဖြစ်ပေါ်နေသော ရှုထောင့်အမျိုးမျိုးအား နားလည်သဘောပေါက်စေရန်။

၂။ ဘေးဒုက္ခမကျရောက်မီအခြေအနေနှင့် သမိုင်းကြောင်းအရ တုံ့ပြန်ဆောင်ရွက်မှုတို့ကို အခြေခံ၍သဘာဝဘေးအန္တရာယ် ဖြေရှင်းမှု အခြေအနေများအား နားလည်သဘောပေါက်စေရန်။

၃။ ကယ်ဆယ်ရေးလုပ်ငန်းများ ဖြေရှင်းမှုယန္တရားများသည် သဘာဝအားထိခိုက်မှုရှိ မရှိ၊ ရေရှည်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသည် ပြန်ပြင်၍ရနိုင်၊ မရနိုင်တို့အား သတိပြုသိရှိစေရန်။

၄။ သဘာဝထိခိုက်ပျက်စီးမှုမရှိစေရန် ရွေးရှုဆောင်ရွက်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ စီးပွားရေး၊ ဒေသဓလေ့ထုံးစံ၊ လူမှုရေးနှင့် နိုင်ငံရေးအကျိုးသက်ရောက်မှုများအား တန်ဖိုးဖြတ် ချင့်ချိန်နိုင်ရန်။

၅။ ကယ်ဆယ်ရေးလုပ်ငန်းများတာဝန်ယူဆောင်ရွက်မည့် အစိုးရအဖွဲ့ဝင်များ (မူဝါဒချမှတ်သူ)၊ အစီအစဉ်ရေးဆွဲသူများ၊ အလှူရှင်များနှင့် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အေဂျင်စီများအတွက် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ရန်။

၆။ ငလျင်ဘေးဒုက္ခကဲ့သို့သော ဘေးအန္တရာယ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် အကျိုးပြုစေသည့် အချက်များအား စုစည်းအသုံးချတတ်စေရေးအတွက် ဤစာအုပ်အား ကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်စေရန်။

၇။ အလယ်အလတ်ကာလနှင့် ကာလရှည် ဆောင်ရွက်မည့် အစီအစဉ် လမ်းညွှန်ချက်များရေးဆွဲရာတွင် အထောက်အကူပြုစေရန်။

၈။ ချို့တဲ့မှုများကို ဦးဆောင်ဖြေရှင်းရမည့် အခန်းကဏ္ဍများအား သတိပြုသိရှိစေရန်။

# အခန်း (၁)

# obm0ab;'urm;!ab;'uajz&i;y , E&m;rm;Ei quo , aeaoxmtjrioabmxm;rm;tay. %haxmitrf;rf;ravvmjci;

## ၁.၁ နိဒါန်း

လူအများသည် မီးဘေး၊ ရေလွှမ်းမိုးမှုဘေး၊ မိုးခေါင်မှုဘေး၊ ငလျင်ဘေး၊ ငတ်မွတ်ခေါင်းပါးမှုဘေးများနှင့် အစဉ်အမြဲတွေ့ကြုံဖြေရှင်းကျော်လွှားနေကြရပါသည်။ သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဒုက္ခသည်အရေအတွက်သည် များစွာတိုးတက်လာပြီး ၎င်း၏ကြီးမားသော အကျိုးသက်ရောက်မှုကို ခံစားနေရပါသည်။ များစွာသော မိုးလေဝသပညာရှင်တို့သည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် ရာသီဥတုကို လျင်မြန်စွာ ပြောင်းလဲစေသော အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း လက်ခံယုံကြည်ထားကြပါသည်။ ပင်လယ်ရေမျက်နှာပြင်များမြင့်တက်မှုသည် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးတစ်ရပ်ဖြစ်ပြီး ပြင်းထန်သော အယ်နီညိုနှင့် လာနီညာသဘာဝဖြစ်စဉ်များကို

ဖြစ်ပေါ်စေသည့်အကြောင်းတရားများ ဖြစ်ပါသည်။ ၎င်းအယ်နီညို နှင့် လာနီညာဖြစ်စဉ်များသည် ကမ္ဘာ့ရာသီဥတုနှင့် သမုဒ္ဒရာ ဆက်နွယ်ပြောင်းလဲမှု အချိန်ဇယားအရ ခုနစ် နှစ်လျှင်နှစ်ကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။

(Jom Palakudiyil နှင့် Mary Tod ၁၉၇၃)

### ၁. ၁. ၁။ အိန္ဒိယနိုင်ငံမှ သဘာဝဘေးဒုက္ခများ (၁၉၈၅-၂၀၀၁)

ပထဝီအနေအထား၊ ရာသီဥတုနှင့် ဘူမိဗေဒ အနေအထားများအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဘေး အန္တရာယ် အလွယ်တကူထိခိုက်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မိုးခေါင်မှု၊ ရေကြီးမှု၊ မြေငလျင်လှုပ်မှုနှင့် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် တစ်နှစ်ပြီးတစ်နှစ် နှစ်စဉ်ပင်ပန်းကြီးစွာ ဘေးဒုက္ခ ခံစားရပါသည်။ ပြည်နယ်နှင့်ပြည်ထောင်စုဒေသ (၃၂) ခုရှိသည့် အနက် (၂၂) ခုသည် ဘေးအန္တရာယ် ကျရောက်လွယ်သောဒေသများ ဖြစ်ကြပါသည်။ ၁၉၈၈ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်အကြားတွင် နှစ်စဉ် ဘေးဒုက္ခသည် (၅၁၁၆) ဦးရှိပြီး ဘေးဒုက္ခအကျိုးသက်ရောက်မှုခံစားရသည့်ဦးရေမှာ ၂၄ ဒသမ ၇၉ သန်းအထိ ကြီးမားစွာ ခံစားကြရပါသည်။ နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် ဘေးအန္တရာယ် များအနက် ရေကြီးမှုသည် အကြိမ်အများဆုံးဖြစ်ပြီး တစ်ခါတစ်ရံ အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုနှင့် တွေ့ကြုံရပါသည်။ အရေးကြီးသော အချက်တစ်ချက်မှာ နိုင်ငံ၏မိုးရွာသွန်းမှုပုံစံဖြစ်သည်။

မိုးရွာသွန်းမှုစုစုပေါင်း၏၇၅ ရာခိုင်နှုန်းသည် လေးလတာကာလအတွင်း ရွာသွန်းခြင်းဖြစ်သဖြင့် အဆိုပါအချိန်ကာလတွင် မြစ်ချောင်းများသည် နေရာအနှံ့အပြားတွင် ရေလျှံမှုဖြစ်ပွားပြီး ကြီးစွာသော ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါသည်။ ရေလွှမ်းမိုးမှုဖြစ်လွယ်သော မြေပြင်ပမာဏမှာ ဟက်တာသန်း ၄၀ အထိ များပြားစွာတည်ရှိပြီး ပျမ်းမျှအားဖြင့် နှစ်စဉ် ဟက်တာ ရှစ် သန်းခန့် အထိ ရေလွှမ်းမိုးခံရ လေ့ရှိပါသည်။ ရုတ်တရက် ဖြစ်ပွားသည့် ကပ်ဘေးကြီးများကြောင့် အိန္ဒိယနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း၌ အသက်ဆုံးရှုံးခဲ့ရသည့် (သို့မဟုတ်) ဘေးဒုက္ခခံစားရသည့် အရေအတွက်သည် နှစ်စဉ်ပျမ်းမျှ ၅၆ သန်းအထိရှိပြီး စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးမှုမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းအထိရှိကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ၂၀၀၂ ခုနှစ် ထုတ်ပြန်ချက်အရသိရှိရပါသည်။

### ၁. ၁. ၂။ သဘာဝဘေးအန္တရာယ်ဒဏ် သက်ရောက်ခံရသော လူဦးရေအရေအတွက်

သဘာဝဘေးအန္တရာယ်ဒဏ် သက်ရောက်ခံရသော နှစ်စဉ်ပျမ်းမျှလူအရေအတွက်သည် ၁၉၈၁ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်ကြားတွင် ၁၄၇ သန်းရှိရာမှ ၁၉၉၂ ခုနှစ်မှ ၂၀၀၁ ခုနှစ်ကြားတွင် သန်း ၂၀၀ အထိ မြင့်တက်လာခဲ့ပါသည်။ သဘာဝဘေးဒဏ်ကျရောက်ခံရသော အရေအတွက်သည် ပို၍ပို၍များပြားလာခြင်းမှာ ဘေးအန္တရာယ် လျော့ကျစေရေးနှင့် ကြိုတင်ပြင်ဆင်မှု

ဇယား ၁. ၁ အိန္ဒိယနိုင်ငံအတွင်း
သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ

| ခုနှစ် | အိုးအိမ်အဆောက်အအုံများ တစ်စိတ်တစ်ပိုင်း(သို့) အားလုံးပျက်စီးဆုံးရှုံးမှု တန်ဖိုး(သိန်းပေါင်း) | အကျိုးသက်ရောက် သည့်လူဦးရေ | ပျက်စီး/ ဆုံးရှုံးမှု တန်ဖိုး (သန်း) |
|---|---|---|---|
| ၁၉၈၅ | ၃၉၅. ၆ | ၂,၄၄၉,၈၇၈ | ၄၀. ၀၆ |
| ၁၉၈၆ | ၅၅၀. ၀ | ၂,၀၄၉,၂၇၇ | ၃၀. ၇၄ |
| ၁၉၈၇ | ၄၈၇. ၄ | ၂,၉၁၉,၃၈၀ | ၂၀. ၅၇ |
| ၁၉၈၈ | ၁၀၁. ၅ | ၂၄၂,၅၇၇ | ၄၀. ၆၃ |
| ၁၉၈၉ | ၇၀. ၁ | ၇၈၂,၃၄၀ | ၂၀. ၄၁ |
| ၁၉၉၀ | ၇၁. ၇ | ၁,၀၀၉,၉၃၀ | ၁၀. ၇၁ |
| ၁၉၉၁ | ၇၄၂. ၇ | ၁,၁၉၀,၁၀၉ | ၁၀. ၉၀ |
| ၁၉၉၂ | ၁၉၀. ၉ | ၅၇၀,၉၆၉ | ၂၀. ၀၅ |
| ၁၉၉၃ | ၂၆၂. ၄ | ၁,၅၂၉,၉၁၆ | ၅၀. ၈၀ |
| ၁၉၉၄ | ၂၇၅. ၇ | ၁,၈၅၁,၂၂၇ | ၁၀. ၈၃ |
| ၁၉၉၅ | ၃၄၇. ၅ | ၂,၀၈၈,၃၅၅ | ၄၀. ၇၇ |
| ၁၉၉၆ | ၃၄၉. ၉ | ၂,၇၇၆,၆၉၇ | ၅၀. ၄၇ |
| ၁၉၉၇ | ၄၄၇. ၈ | ၁,၁၀၃,၅၄၉ | - |
| ၁၉၉၈ | ၅၂၀. ၇ | ၁,၅၆၃,၄၀၅ | . ၇၂ |
| ၁၉၉၉ | ၅၀၁. ၇ | ၃,၁၀၄,၀၆၄ | ၁၀ ၂၀. ၉၇ |
| ၂၀၀၀ | ၃၉၄. ၇၄ | ၂,၇၃၆,၃၅၅ | ၈၀၀ |
| ၂၀၀၁ | ၇၈၈. ၁၉ | ၈၄၆,၈၇၈ | ၁ ၂၀၀၀ |

(အိန္ဒိယနိုင်ငံအစိုးရပြည်ထဲရေးဝန်ကြီးဌာန၏နှစ်ပတ်လည်အစီရင်ခံစာ)

အလေ့အကျင့် (နည်းလမ်း) အား ရွေးချယ်ရန် အချိန်တိုတောင်း လွန်းသောကြောင့် ဖြစ်ကြောင်း ရှင်းလင်းစွာ သိရှိနိုင်ပါသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၁ ခုနှစ် အကြားတွင် သဘာဝဘေးအန္တရာယ် ကြောင့် အသက်ဆုံးရှုံးရသူဦးရေ သည် မှတ်တမ်းများအရ ၆၂၂,၀၀၀ ကျော်ရှိကြောင်း သိရှိရပါသည်။ ပျမ်းမျှအားဖြင့် အဆိုပါနှစ်များ အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးမှုများ၏ ၈၆ ရာခိုင်နှုန်းအား ပျမ်းမျှအားဖြင့် လေ့လာသုံးသပ်နိုင်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် မီးတောင်များ ပေါက်ကွဲခြင်း၊ လျှောင်လှုပ်ခြင်း စသော ဘူမိရူပဘေးအန္တရာယ်များကြောင့် သေဆုံးသော အရေအတွက်သည် မိုးလေဝသနှင့် ဆိုင်သော ဘေးအန္တရာယ်များ ကြောင့် သေဆုံးသူအရေအတွက်ထက် ပိုများခဲ့ပါသည်။ နှစ်တစ်ဝက်ကျော် လေ့လာသုံးသပ်ချက်များအရ သေဆုံးသူ ၂၁,၃၅၅ အထိရှိခဲ့ပြီး ၎င်းတို့အနက်အများစုမှာ ဂူဂျာရတ် မြေငလျင်ကြောင့်ဖြစ်ကြောင်း မှတ်ယူသိရှိရပါသည်။ သို့သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း မိုးလေဝသနှင့် ဇလဗေဒ ဘေးအန္တရာယ်များဖြစ်သော ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ လေမုန်တိုင်းများ၊ မိုးခေါင်မှု၊ ငတ်မွတ်ခေါင်းပါးမှု စသည်တို့ကြောင့် သေဆုံးမှု သည် သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးသူ အားလုံး၏ ၇၁ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း မြေငလျင်ဘေးကြောင့် ဆုံးရှုံးပျက်စီးမှုသည် တန်ဖိုးကြီးမြင့် ကြောင်း သက်သေပြခဲ့ပါသည်။ (ပျက်စီးဆုံးရှုံးမှု တန်ဖိုးအားလုံး၏

၃၄ ရာခိုင်နှုန်း ရှိပါသည်။) တစ်ကမ္ဘာလုံးရှိ ဆုံးရှုံးမှုတန်ဖိုးကို တွက်ချက်ကြည့်ပါက အမေရိကန်ဒေါ်လာ ၂၃၈ သန်းကျော် ရှိပါသည်။ စီးပွားရေးကဏ္ဍအပေါ် ရေရှည်ထိခိုက်မှုသည် အဆိုပါ တန်ဖိုး၏ အဆပေါင်းများစွာရှိခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းလုံး ဆုံးရှုံးမှုကို ကြည့်ပါက ရေဘေး (၂၈ ရာခိုင်နှုန်း) နှင့် လေဘေး (၂၆ ရာခိုင်နှုန်း) တို့၏ နှစ်ခုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် မြေငလျင်ဘေးကြောင့် ဆုံးရှုံးမှုတန်ဖိုးနီးပါးရှိပါသည်။ Munich Re ၏ အဆိုအရ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ၁၉၅၀ ပြည့်နှစ် နှင့် ၁၉၉၀ ပြည့်နှစ်များအကြား ၁၄ ချိုးမြင့်တက်လာကြောင်း သိရှိရပါသည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး မဟာဗျူဟာအရ အောင်မြင်မှုအနေဖြင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း၌ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူ နှစ်သန်းခန့် ရှိခဲ့ရာမှ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ရှစ်သိန်းထက် လျော့နည်းခဲ့ သည်ကို လေ့လာသိရှိရပါသည်။ သို့သော်လည်း အစီရင်ခံစာများအရ သဘာဝဘေးအန္တရာယ် ကျရောက်မှုဒဏ်ခံရသည့် လူအရေအတွက်မှာ ၁၉၇၀ ပြည့်လွန်နှစ်များ၌ သန်း ၇၀၀ ရှိခဲ့ရာမှ ၁၉၉၀ ပြည့် လွန်နှစ်များတွင် သန်းပေါင်း နှစ်ထောင်ခန့်အထိ ပမာဏကြီးမားစွာ တိုးတက်ခဲ့ပါသည်။

ဤကဲ့သို့ သဘာဝဘေးဒဏ် အကျိုးသက်ရောက်ခံရသည့် အရေအတွက်မြင့်တက်လာမှုသည် အကြောင်းတရားများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှု

ကျယ်ပြန့်လာခြင်းသည် တစ်ခါတစ်ရံရေလွှမ်းမိုးမှုများ၊ လေပြင်းမုန်တိုင်းများ၊ မိုးခေါင်မှုများကို ဦးတည်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် များစွာသော ဆင်းရဲချို့တဲ့သူတို့သည် မြို့ကြီးများသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး ရွေးချယ်ပိုင်ခွင့်အနည်းငယ်သာရှိ သူတို့သာ ဘေးအန္တရာယ်ကျရောက်လွယ်သော ဒေသတွင် ဆက်လက်နေထိုင်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်တိုးတက် ဖြစ်ပေါ်လာခြင်း၏ အကျိုးဆက်အဖြစ် ဆင်းရဲသောနိုင်ငံများအနေဖြင့် အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်အကြားတွင် ဘေးဒုက္ခအရေအတွက်သည် အာရှတွင် ၂၁၂၈၊ အမေရိကတွင် ၁၀၇၁၊ အာဖရိကတွင် ၉၄၆ နှင့် ဥရောပတွင် ၆၉၈ ရှိကြောင်း သိရှိရပါသည်။
(ကမ္ဘာ့ဘေးအန္တရာယ် အစီရင်ခံစာ - ၂၀၀၂ ခုနှစ်)

## ၁. ၁. ၃။ သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုတန်ဖိုးများ

လာမည့်နှစ် ၂၀ ကျော်ကာလအတွင်းတွင် ရာသီဥတုနှင့် ဆက်နွယ်သည့် ဘေးဒုက္ခကြောင့် ပျက်စီးဆုံးရှုံးမည့်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ထရီလီယံမှ ၁၀ ထရီလီယံအထိရှိနိုင်ပြီး ၎င်းသည် အထောက်အပံ့ပေးမည့်တန်ဖိုး၏ ၁၀ ဆအထိရှိပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသည်ဟု မှတ်ယူနိုင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးရမှုတန်ဖိုးသည် နှစ်စဉ်

အမေရိကန်ဒေါ်လာ ၃၀၄ ဘီလီယံရှိမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တွက်ချက်ထုတ်ပြန်ထားပါသည်။ Munich Re အာမခံအဖွဲ့ကြီး၏ အချက်အလက်များအပေါ် အခြေခံ၍ ခန့်မှန်းရပါက ရာသီဥတုပြောင်းလဲမှုကြောင့် တွေ့ကြုံရသည့် ဆုံးရှုံးမှုတန်ဖိုးသည် ၂၀၆၅ ခုနှစ် ပတ်ဝန်းကျင်တွင် တစ်ကမ္ဘာလုံးစီးပွားရေးထုတ်လုပ်မှုတန်ဖိုးကို ကျော်သွားလိမ့်မည် ဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြားတွင် အစီရင်ခံစာစာရင်းဝင် သဘာဝဘေးဒုက္ခအရေအတွက် စုစုပေါင်းသည် မြင့်မားစွာမြင့်တက်လာခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်အရေအတွက်သည် ၂၀၀၀ ခုနှစ်တွင် (၃၅၉) ခု၊ ၂၀၀၁ ခုနှစ်တွင် (၃၁၂) ခု ရှိသဖြင့် လွန်ခဲ့သည့် ၁၀ ခုနှစ်များအတွက်ရှိ နှစ်များအားလုံးထက် ပိုမိုဖြစ်ပေါ်ခဲ့ပါသည်။ (ကမ္ဘာ့သဘာဝဘေးအန္တရာယ်အစီရင်ခံစာ - ၂၀၀၂ ခုနှစ်)

## ဧယား ၁.၂ ၁၉၉၂ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ သဘာဝဘေးအန္တရာယ် ဒဏ်ခံတိုက်ကြီးများအလိုက် နှစ်စဉ်လူဦးရေစာရင်း (ထောင်ပေါင်း)

| တိုက်ကြီးများ | ၁၉၉၂ | ၁၉၉၃ | ၁၉၉၄ | ၁၉၉၅ | ၁၉၉၆ | ၁၉၉၇ | ၁၉၉၈ | ၁၉၉၉ | ၂၀၀၀ | ၂၀၀၁ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| အာဖရိက | ၂၁·၄၄၇ | ၁၆·၅၀၀ | ၁၁·၂၄၄ | ၉·၄၉၃ | ၄·၂၈၂ | ၇·၁၃၆ | ၁၀·၇၃၈ | ၁၄·၃၆၂ | ၂၃·၀၄၃ | ၁၈·၃၇၈ | ၁၃၆·၉၄၄ |
| အမေရိက | ၃·၄၅၉ | ၁·၆၇၀ | ၂·၇၁၁ | ၁·၀၂၇ | ၂·၂၀၀ | ၂·၀၇၀ | ၁၈·၁၈၀ | ၅·၀၀၀ | ၁·၃၈၄ | ၁၁·၂၂၅ | ၅၆·၂၇၆ |
| အာရှ | ၅၁·၈၉၄ | ၁၆၂·၂၅ | ၁၆၈·၁၄၅ | ၂၅၆·၈၆၃ | ၂၈၇·၁၄၁ | ၃၆·၂၃၉ | ၃၁၅·၀၀၆ | ၁၈၈·၆၀၅ | ၂၂၉·၆၃၆ | ၁၄၀·၁၆၈ | ၁၇၇၄·၈၄ |
| ဥရောပ | ၄၇၂ | ၁·၃၀၀ | ၉၀၉ | ၈·၂၂၀ | ၃၀ | ၆·၇၉ | ၆၂၁ | ၆·၃၅၉ | ၂·၉၇၇ | ၇၇၇ | ၂၂·၄၄၄ |
| သမုဒ္ဒရာနိုင်ငံများ | ၁·၈၄၉ | ၅·၁၅၀ | ၅·၁၈၄ | ၂·၆၈၂ | ၆၅၂ | ၁·၂၀၀ | ၃၂၈ | ၁၅၁ | ၇ | ၃၂ | ၁၈·၀၀၄ |
| စုစုပေါင်း | ၇၈·၂၈၂ | ၁၈၇·၂၈၂ | ၁၈၈·၉၂၃ | ၂၇၈·၃၂၅ | ၂၈၄·၃၀၅ | ၆၇·၄၄၄ | ၃၄၄·၈၇၃ | ၂၈၄·၆၅၅ | ၂၅၆·၉၄၀ | ၁၇၀·၄၇၈ | ၂၀၀၀·၅၁၉ |

(ကမ္ဘာ့သဘာဝဘေးအန္တရာယ်အစီရင်ခံစာ ၂၀၀၂)

## ဇယား ၁.၃ သဘာဝဘေးအန္တရာယ်ကြောင့် တိုက်ကြီးများအလိုက် နှစ်စဉ် သေဆုံးလူဦးရေစာရင်း (၁၉၉၂-၂၀၀၁)

| တိုက်ကြီးများ | ၁၉၉၂ | ၁၉၉၃ | ၁၉၉၄ | ၁၉၉၅ | ၁၉၉၆ | ၁၉၉၇ | ၁၉၉၈ | ၁၉၉၉ | ၂၀၀၀ | ၂၀၀၁ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| အာဖရိက | ၄,၇၀၁ | ၁,၆၃၀ | ၃,၁၄၄ | ၂,၇၆၂ | ၃,၄၀၄ | ၄,၀၀၃ | ၇,၀၉၂ | ၂,၆၀၀ | ၅,၆၁၀ | ၄,၄၇၄ | ၄၀၀၇၆ |
| အမေရိက | ၁,၇၃၈ | ၄,၆၀၆ | ၂,၉၃၅ | ၂,၆၃၂ | ၂,၇၁၀ | ၂,၇၅၃ | ၂၂,၉၄၃ | ၃၃,၉၃၇ | ၁,၇၃၈ | ၃,၅၅၃ | ၇၉,၂၉၃ |
| အာရှ | ၁၃,၄၁၄ | ၂၂,၇၈၈ | ၁၃,၃၆၁ | ၇၄,၉၇၄ | ၆၉,၇၀၄ | ၇၁,၀၉၁ | ၈၂,၃၉၀ | ၇၅,၈၉၀ | ၁၁,၀၈၇ | ၂၈,၇၉၀ | ၄၆၃၆၀၁ |
| ဥရောပ | ၂,၁၁၅ | ၁,၁၆၂ | ၂,၃၅၀ | ၃,၀၆၆ | ၁,၂၀၄ | ၁၁၆၆ | ၁,၄၃၉ | ၁၉,၄၄၈ | ၁,၆၀၅ | ၂,၁၅၃ | ၃၅,၅၅၄ |
| သမုဒ္ဒရာနိုင်ငံများ | ၆ | ၁၂၀ | ၁၀၃ | ၂၄ | ၁၁၁ | ၃၉၈ | ၂၂၇ | ၁၁၆ | ၂၀၅ | ၉ | ၃၃၁၉ |
| စုစုပေါင်း | ၂၂,၂၀၄ | ၃၀,၃၀၂ | ၂၀,၈၀၇ | ၈၃,၉၉၈ | ၇၇,၀၃၃ | ၇၉,၆၁၁ | ၁၁၆,၈၀၃ | ၁၃၂,၀၉၉ | ၂၀,၂၅၆ | ၃၉,၀၇၉ | ၆၂၂,၃၅၃ |

(ကမ္ဘာ့သဘာဝဘေးအန္တရာယ်အစီရင်ခံစာ ၂၀၀၂)

ဇယား ၁.၄ တိုက်ကြီးများအလိုက်နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးစုစုပေါင်း (၁၉၉၂–၂၀၀၁) အမေရိကန်ဒေါ်လာသန်းပေါင်း
(၂၀၀၁ ခုနှစ်ဈေးနှုန်းများအရ)

| တိုက်ကြီးများ | ၁၉၉၂ | ၁၉၉၃ | ၁၉၉၄ | ၁၉၉၅ | ၁၉၉၆ | ၁၉၉၇ | ၁၉၉၈ | ၁၉၉၉ | ၂၀၀၀ | ၂၀၀၁ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| အာဖရိက | ၂၀၈ | ၁၁ | ၅၁၃ | ၁၉၂ | ၁၂၅ | ၀ | ၃၅၇ | ၇၇၀ | ၁၅၄ | ၃၁၈ | ၂·၇၃၆ |
| အမေရိက | ၅၇·၄၃၁ | ၂၇·၁၁၃ | ၃၅·၆၁၃ | ၂၉၉၃၂ | ၁၃·၉၃၁ | ၉·၅၈၈ | ၂၀·၁၄၀ | ၁၃၆၈၆ | ၃၃၅၇ | ၉·၇၂၅ | ၂၁၆၅၁၆ |
| အာရှ | ၇·၅၉၉ | ၁၇·၀၂၈ | ၁၄·၇၅၈ | ၁၀၀·၅၇၉ | ၃၃·၆၈၈ | ၂၈·၁၈၅ | ၃၁·၁၄၆ | ၂၈၂၇၁ | ၁၆၉၉၆ | ၁၃·၄၈၇ | ၃၇၁၈၈၅ |
| ဥရောပ | ၃·၀၀၆ | ၁·၅၀၆ | ၁၂·၂၁၅ | ၁၄·၃၅၃ | ၁၉၂ | ၁၀·၆၆၇ | ၂·၇၀၉ | ၃၈၀၀၀ | ၈၅၂၀ | ၇·၃၉ | ၉၂၃၇၆ |
| သမုဒ္ဒရာနိုင်ငံများ | ၂·၅၇၁ | ၁·၇၄၆ | ၂·၀၂၈ | ၁·၄၈၃ | ၁·၀၅၇ | ၂၅၇ | ၁၉၄ | ၆၀၄ | ၅၁၉ | ၁၄၁ | ၁၀·၉၀၀ |
| စုစုပေါင်း | ၇၀·၈၄၇ | ၄၇·၀၀၄ | ၆၅·၁၂၅ | ၁၁၇·၅၃၈ | ၄၈·၈၈၃ | ၄၈·၈၀၅ | ၅၄·၅၄၆ | ၈၀၆၃၉ | ၂၈၅၁၄ | ၂၄·၄၆၀ | ၆၉၄·၄၂၄ |

(ကမ္ဘာ့သဘာဝဘေးအန္တရာယ်အစီရင်ခံစာ ၂၀၀၂)

## ၁. ၁. ၄။ ကွပ်ချ်မြေငလျင် ၂၀၀၁ ခုနှစ်

၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဂူဂျာရတ်၌ လှုပ်ခတ်ခဲ့သော မြေငလျင်သည် ရစ်ချပ်တာစကေး ၇. ၉ ပြင်းအားရှိပြီး အိန္ဒိယမိုးလေဝသဌာနမှ ပထမဆုံးကြေညာခဲ့သော ၆. ၉ ထက် ပိုမိုအားပြင်းခဲ့ပါသည်။ ၎င်းငလျင်ဒဏ်ကြောင့် သေဆုံးသူဦးရေ ၂၀,၀၀၀ကျော်ရှိပြီး ဒဏ်ရာရရှိသူ၁၆၇,၀၀၀ ခန့်ရှိခဲ့ပါသည်။ စာရင်းကောက်ယူ တွက်ချက်မှုများအရ ကျေးရွာပေါင်း ၉၀၀ နှင့် မြို့ ၁၀ မြို့ ပျက်စီးခဲ့ပြီး လျှင်ဗဟိုချက်အနီးရှိ ကွပ်ချ်ခရိုင်အတွင်း မှ မြို့ ၄ ခု (ဘုဂျ်၊ အန်ဂျာ၊ ဘာဘူနှင့် ရာပါ) တို့တွင် အကြီးအကျယ် ပျက်စီးခဲ့ပါသည်။ အဆိုပါငလျင်သည် အမ်ဒါဘတ်မြို့တော်ကိုလည်း ထိခိုက်စေခဲ့ပြီး အထပ်မြင့် အဆောက်အအုံ ၅၆ လုံး ပြိုကျပျက်စီးခဲ့ပြီး အဆောက်အအုံ ၃၀၀ ကိုလည်း လူနေထိုင်ရန် မသင့်လျော်ကြောင်း သတ်မှတ်ကြေညာခံခဲ့ရသဖြင့် ဖြိုချဖျက်ဆီးခဲ့ရပါသည်။ (၂၀၀၁ ခုနှစ် ကမ္ဘာ့ဘေး အစီရင်ခံစာ)

အဆိုပါမြေငလျင်သည် လူ့အသိုက်အမြုံတစ်ခုလုံးအား အကြီးအကျယ်ပျက်စီးစေခဲ့ပါသည်။ ဘဏ္ဍာရေးအရဆုံးရှုံးမှု၊ ပိုင်ဆိုင်မှုများနှင့် ထုတ်လုပ်ကဏ္ဍပျက်စီးဆုံးရှုံးမှုများ အပါအဝင် စီးပွားရေးကဏ္ဍတွင် ဆုံးရှုံးမှုတန်ဖိုးမှာ ရူပီးသန်း ၉၉၀၀၊ အမေရိကန်ဒေါ်လာ ၂၂၀၀ သန်းအထိရှိကြောင်း ခန့်မှန်းသိရှိရပါသည်။ ငလျင်ဒဏ်ခံခရိုင်အတွင်း ပုဂ္ဂလိကပိုင်ဆိုင်သော ပစ္စည်းများ၏ ဆုံးရှုံးမှုတန်ဖိုးမှာ ရူပီး ၇၄၀၀ သန်း (အမေရိကန်ဒေါ်လာ ၆၄၅ သန်း)

ရှိပါသည်။ ကျန်းမာရေးဌာနအများအပြားနှင့် ပညာရေးအဆောက်အအုံအများအပြား ထိခိုက်ခံခဲ့ရပါသည်။ ခရိုင်ဆေးရုံကြီး ၂ ခုနှင့် ကျေးလက်ဒေသရှိ ကျန်းမာရေးဆေးခန်း ၁၂၀၀၊ မူလတန်းကျောင်း ၉၆၀၀၊ အလယ်တန်းကျောင်း ၂၀၄၀ နှင့် စက်မှုနှင့် အထက်တန်းကျောင်း ၁၄၀ မှာ ပျက်စီးခဲ့ရပါသည်။ စက်ရုံအသေးစား ၃၀၀၀ ခန့် အလတ်စားနှင့် အကြီးစားစက်ရုံ ၂၀ နှင့် လက်မှုလုပ်ငန်းများ အပါအဝင် စက်ရုံအဆောက်အအုံထောင်ပေါင်းများစွာ ထိခိုက်ခဲ့ရပါသည်။ ရုံးများနှင့် မှတ်တမ်းမှတ်ရာများ ပျက်စီးခဲ့ရသဖြင့် အစိုးရအုပ်ချုပ်ရေးစနစ်တွင် အနှောင့်အယှက်ဖြစ်ခဲ့ရပါသည်။ အထက်ပါပျက်စီးဆုံးရှုံးမှုများအား လိုအပ်သောအဆင့်သို့ပြန်လည်ရောက်ရှိအောင် တည်ဆောက်ရန်အတွက် ရူပီး ၁၀၆၀၀ သန်း (အမေရိကန်ဒေါ်လာ ၂၃၅၀ သန်း) အသုံးပြုရမည်ဟု ခန့်မှန်းရပါသည်။

## ၁. ၂။ အိန္ဒိယနိုင်ငံ၏ သဘာဝဘေးအန္တရာယ်နှင့် စီမံအုပ်ချုပ်မှုစနစ်အား သမိုင်းရှုထောင့်မှ လေ့လာခြင်း

### ၁. ၂. ၁။ မိုဟာအကြိုခေတ်ကာလ

ဗွီဒတ်နှင့် ပူရာနာစ်ကဲ့သို့သော ရှေးဦးဘာသာရေးပြဋ္ဌာန်းစာအုပ်များတွင် ကပ်ဘေးများကျရောက်သောကာလများ၌ အစာရေစာနှင့် အဝတ်အထည်များထောက်ပံ့ခြင်းကို ဘုရင်တို့၏ တာဝန်အဖြစ် ဥပမာပြုဖော်ပြထားချက်များဖြင့် ပြည့်နှက်နေပါသည်။

ကောလိရ၏ အဌောသျှုတြကျမ်းတွင် သဘာဝကပ်ဘေး ခံစားနေရသော ပြည်သူများသက်သာမှု ရရှိစေရန် ရည်ရွယ်၍ ဘုရင်ကောင်းများရှောင်ကြဉ်ရမည့် အချက်အလက်များအား ချမှတ်ရေးသားဖော်ပြခဲ့ပါသည်။ ဝတ်မှတ်ခေါင်းပါးမှု ကာလအတွင်း စားသုံးရန်နှင့် ထုတ်လုပ်ရန် (ဖြန့်ဝေမည့်၊ ဝေငှမည့်) ထောက်ပံ့ မည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြခဲ့ပါသည်။ **ချန္ဒရာ ဂုတ္တမူရ** အစိုးရလက်ထက်တွင် ဝတ်မှတ်ခေါင်းပါးမှုနှင့် အခြားကပ် ဘေးများအား ရင်ဆိုင်ဖြေရှင်းရန် ချင့်ချိန်ဆောင်ရွက်ရမည့် လုပ်ငန်း များအား အသေးစိတ်ဖော်ပြခဲ့ပါသည်။ ပထမအနေဖြင့် နိုင်ငံတော် သိုလှောင်ရုံများ၏တစ်ဝက်တွင် အစာရေစာဝတ်မှတ်ခေါင်းပါးမှု ကာလကို ဖြေရှင်းရန် အရန်အစားအစာများအား သိုလှောင်ထား ရမည်ဖြစ်ပါသည်။ ဝတ်မှတ်ခေါင်းပါးမှုကပ်ဘေး ကျရောက်လာ သောအခါ နိုင်ငံတော်အနေဖြင့် အဆိုပါအရန်ပစ္စည်းများအား ကယ်ဆယ်ရေးအဖြစ်ထောက်ပံ့ပေးခြင်း၊ နောက်ရာသီတွင် စိုက်ပျိုး နိုင်ရန် မျိုးစေ့များ ထောက်ပံ့ပေးခြင်း၊ ပြည်သူများအလုပ်အကိုင်ရရှိ စေရန် ပြည်သူ့လုပ်ငန်းများ စတင်ဆောင်ရွက်ပေးခြင်း တို့ကိုပြု လုပ်ပါသည်။ ဒုတိယအနေဖြင့် ချမ်းသာကြွယ်ဝသူများကို ခေါ်ယူ ၍ ဆင်းရဲသားများကိုကယ်တင်နိုင်ရန် ငွေကြေးများ ထည့်ဝင် လှူဒါန်းစေခြင်းဖြစ်ပါသည်။ တတိယအားဖြင့် ဒုက္ခခံစားနေရသော လူထုအား ကောက်ပဲသီးနှံများ ပေါကြွယ်ဝသည့် မြစ်ချောင်းများ၊ ရေအိုင်ကြီးများ၊ ပင်လယ်များ အနီးရှိနေရာများသို့ ရွှေ့ပြောင်းစေ

ပါသည်။ တော္တအနေဖြင့် ချန္နရာဂုတ္တ၏ ဆည်မြောင်းဌာနသည် ရေလွှဲပေါက်များအား စစ်ဆေးခြင်း၊ လယ်မြေများသို့ ပုံမှန်ရေပေးသွင်းနိုင်ရန်နှင့် ရေမြောင်းများ ဖောက်လုပ်ရန် တိုင်းတာမှု လုပ်ငန်းများအား လုပ်ကိုင်ခဲ့ပါသည်။ တူးမြောင်းများမှ ရေများအား လေအားသုံးစက်များဖြင့် လည်းကောင်း၊ နွားလှည်းများဖြင့် သယ်ယူ၍လည်းကောင်း ရေပေးဝေရေးကို ဆောင်ရွက်ခဲ့ပါသည်။

(ထရီဗူဇမ်ဒတ်စ်အတွဲ - ၁)

မဟာဘာရတ္တ၊ ဗုဒ္ဓဘာသာနှင့် ဂျိမ်းစာပေတို့တွင် ပါရှိသော ပုံတိုပတ်စများတွင်လည်း ဘေးဒုက္ခတွေ့ကြုံရသော ကာလများတွင် ဘုရင်တို့သည် ဂုဏ်ပိုင်ကောက်ပဲသီးနှံများကို ချေးငှားထောက်ပံ့ခွင့်ပြုကြောင်း ရေးသားချက်များဖြင့် ပြည့်နှက်နေကြောင်း တွေ့ရှိရပါသည်။ ကက်ရှမီးယားဘုရင် အတ်ချာသည်လည်း နိုင်ငံတော်ဘဏ္ဍာတိုက်ဂိုဒေါင်များမှ အစားအစာနှင့် ကောက်ပဲသီးနှံ များကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နိုင်ငံတော်၏ အခွန်အခများကို ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း သိရှိရပါသည်။

(ထရီဗူဇမ်ဒတ်စ်အတွဲ - ၁)

## ၁. ၂. ၂။ မိုဂုလ်အုပ်ချုပ်မှုကာလ

ဂျာလာလုဒင်နှင့် ချာလီအစိုးရလက်ထက်တွင် ဝတ်မှတ်ခေါင်းပါးမှုဘေး ကျရောက်စဉ် ဘေးဒုက္ခခံစားနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် နည်းလမ်းပေါင်းစုံအသုံးပြု၍ ဖြေရှင်းခဲ့ပါသည်။ အလုဒင်ခါဂျီ အုပ်စိုး

သူဖြစ်လာသောအခါ အထက်တွင် ဖော်ပြခဲ့သည့် ငတ်မွတ်ခေါင်းပါးမှုဘေးကို တွန်းလှန်ရာ၌ စီးပွားရေးဆိုင်ရာနည်းလမ်းအသစ်များကို ချမှတ်ကျင့်သုံးခဲ့ပါသည်။ ဆူလတန်အလူဒင်ခါဂျီ၏ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို အသုံးပြုခဲ့မှုကြောင့် ဒေလီမြို့တွင် ငတ်မွတ်ခေါင်းပါးမှုဘေးကျရောက်ခဲ့သော်လည်း ဆန်စပါး၊ ကောက်ပဲသီးနှံများပါးမှုမဖြစ်ခဲ့ကြောင်း ဘာရွှန်နီမှရေးသားခဲ့ပါသည်။ အလူဒင်သည် နည်းလမ်း (၂) သွယ်အား ပြဋ္ဌာန်းခဲ့ပါသည်။ ပထမနည်းလမ်းမှာ ဈေးကွက်အတွင်းရှိ ကုန်ဈေးနှုန်းအားထိန်းသိမ်းခြင်းနှင့် ဒုတိယနည်းလမ်းမှာ နိုင်ငံပိုင်စပါးကျီများတွင် ပြောင်းဆန်များအား ပမာဏအမြောက်အမြား သိုလှောင်ခြင်းပင်ဖြစ်ပါသည်။ အလားတူ အဝတ်အထည် သစ်သီးဝလံများနှင့် ကျွဲ နွားများအား အနိမ့်ဆုံးဈေးနှုန်းဖြင့်ရရှိရေး စီစဉ်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

(ဝီ-ဆာရန်)

မိုဟာမက်ဘင်တူလခ်သည် တောင်သူလယ်သမားများအား ကြိုတင်စိုက်ပျိုးစရိတ်များ ထုတ်ချေးခြင်း၊ ရေတွင်းများတူးဖော်ပေးခြင်း၊ ရွှေ့ပြောင်းစွန့်ခွာလာသူများအား အားပေးခြင်း၊ ၎င်းတို့အား ဒေလီမြို့အနီးရှိ ပလပ်မြေအားထွန်ယက်၍ လယ်ယာများတည်ထောင်ပေးခြင်း၊ ဆင်းရဲနွမ်းပါးသောအိမ်များသို့ ချက်ပြုတ်ပြီးအစားအသောက်များဝေငှခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အင်ဗရာဟင်ဘာတူတာသည် ဒုတ် (Doab) တွင် ငတ်မွတ်ခေါင်းပါးခြင်းမဖြစ်နိုင်ဟုယူဆသဖြင့် ဒေလီရှိလူများအား (၆) လကြာအောင်

ထောက်ပံ့ဝေငှပေးရန် အမိန့်ထုတ်ခဲ့သည်။ မိုဟာမက်ဆင်တာကူ လဒ်သည် အခွန်ဌာနတွင် ဒိုင်ဗင်-အိုင်ကိုဟီ ဟုခေါ်သော ဌာနခွဲအသစ်တစ်ခုကိုဖွဲ့စည်းပြီး ဧတုရန်မိုင် (၆၀) ကျယ်ဝန်းသောပလပ်မြေများအား စိုက်ပျိုးမြေအဖြစ် လုပ်ဆောင်ခဲ့ပါသည်။ ဖာရောစ်ရှားတုလက်၏ ဝတ်မှုတ်ခေါင်းပါးမှုကယ်ဆယ်ရေးလုပ်ငန်းတွင် အရေးကြီးဆုံးနှင့် အခိုင်မာဆုံးသော လုပ်ဆောင်ချက်မှာ ပန်ဂျပ်ပြည်နယ်ရှိ ရေရှားပါးမှုကြောင့် စိုက်ပျိုးရန်မဖြစ်နိုင်သော ဒေသအချို့၌ ရေသွယ်တူးမြောင်းများ တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ၎င်းသည် သူ၏လယ်ယာခြံမြေနှင့်ဆိုင်သော မူဝါဒ၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါသည်။ ဝတ်မှုတ်နေသော လူများအားကယ်တင်ခဲ့ခြင်းဖြင့် ဖာရောစ်ရှား၏ အညတရရာဇဝင်ကို ဖယ်ရှားပစ်နိုင်ခဲ့ပါသည်။

မဟာမတ်ဟဲစ် (အေဒီ ၁၅၂၆-၁၇၀၇) သည်လည်း အလွန်ဆိုးဝါးသော သဘာဝကပ်ဘေးဒဏ်ခံစားနေရသော ပြည်သူများအား သက်သာစေသည့် အရေးကြီးသော ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ မလောက်မငဘေးဒဏ်ခံပြည်သူများအား သက်သာစေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေမည့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာ အခင်းအကျင်းများ၊ အထောက်အပံ့ပြုခဲ့မှုများအား ယခုထိတိုင်အောင် သက်သေအထောက်အထားများအဖြစ် ပြသနိုင်ပါသည်။ ရေတွင်းများ၊ ရေကန်များ၊ ရေဝေရေလဲများ၊ တူးမြောင်းများ ယနေ့တိုင်အောင်

တည်ရှိနေမှုသည် ၎င်းတို့အုပ်စိုးစဉ်ကာလ ဆည်မြောင်းစနစ်ကို အသုံးချခဲ့သည့် အဓိပ္ပာယ်ပင်ဖြစ်ပါသည်။ ဘဘာ၏ ကိုယ်တွေ့မှတ်တမ်းများထဲတွင် ရေတွက်များမှသွယ်တန်းထားသည့် တူးမြောင်းပုံများအား ရေးဆွဲထားခဲ့ပါသည်။

ဟာမရုန်၏ စိုက်ပျိုးရေပြဿနာများအား တာဝန်ယူဖြေရှင်းခဲ့သည့် အချက်အလက်သက်သေအဖြစ် ၎င်းသည်အရေးကြီးသော ကာဂျီ (မြေယာရေးရာဌာန) တစ်ခုအား ဖွဲ့စည်းခဲ့သည်ကို ကြည့်ခြင်းဖြင့်သိရှိနိုင်ပါသည်။ ရှာရှပ် (အေဒီ ၁၅၄၀-၄၅) အုပ်စိုးစဉ်ကာလက တောင်ပိုင်းဒေသတွင် ဆိုးဝါးသော အငတ်ဘေးကြုံမှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ သူသည်လည်း အလားတူပင် ဒေသအတွင်းရှိ စပါးကျီဂိုဒေါင်များမှ ဆန်စပါးများအား ရှားပါးမှုနှင့်မိုးခေါင်မှုမတိုင်မီ ဝေငှပေးခဲ့ပါသည်။ ၎င်းသည် အခမဲ့ဖြန့်ဝေပေးခြင်းမဟုတ်သော်လည်း ရှိသင့်ဈေးထက်လျော့နည်းသော နှုန်းထားဖြင့် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအတွက် ဆုံးရှုံးမှုတန်ဖိုးကို ချမ်းသာသောသူဌေးများထံမှ ဖန်တီးရယူခဲ့ပါသည်။ ၎င်းရှာရှပ်အခွန်မှာ အက်ဘာစည်းကြပ်အခွန်ကဲ့သို့သော ဒါရှိအခွန်၏ ရှေ့ပြေးအဖြစ် သိသာနိုင်ပါသည်။ ဖာရောစ်ရှားတူလက်ကဲ့သို့ရှာများသည်လည်း သူ၏ရည်မှန်းချက်ကို အဆင်ပြေစွာဆောင်ရွက်လိုစိတ် ရှိခဲ့ပါသည်။ သူ၏လယ်ယာတစ်ခုတွင်

**" မိုးမလုံလောက်မှုကြောင့် သီးနှံများ ပျက်စီးသောနှစ်တွင် ဆင်းရဲသားများအား ပျက်စီးခြင်းဝဲကတော့မှ ကယ်တင်နိုင်**

**ရန်အတွက် နိုင်ငံတော်၏ဘဏ္ဍာမှ ငွေများအား အချိန်မီ ထောက်ပံ့ကူညီပေးရမည်"** ဟုပြောဆိုခဲ့ပါသည်။ ဤအချက်သည် ဆင်းရဲသားများအား ချေးငွေများထုတ်ပေးခြင်း၊ ဝေငှခြင်းများပြုလုပ်ခဲ့ကြောင်း သေချာသလောက်ရှိပြီး ယခင်ရှေးဦးစုလတန် (ဘုရင်ခံ) များပြုလုပ်ရန် လိုအပ်ချက်ပင်ဖြစ်သည်။

အင်း-ဘိုင်-အဘာရီအား ရေးသားသူစာရေးဆရာ အတ်ဘာသည် ယခင်ရှေ့မတ်ဟဲလ်မင်းများထက် ပို၍ ဘေးဒုက္ခဆိုက်ခံပြည်သူများ၏ သက်သာချောင်ချိရေးကို ကူညီဆောင်မကြည့်ရှုခဲ့ကြောင်း အနိုင်အမာပြောဆိုခဲ့ပါသည်။ ၎င်းအပြင်သူသည် မိုးခေါင်မှုနှင့် အငတ်ဘေးဒဏ်ကျရောက်ချိန်တွင် ရာသီသစ်စိုက်ပျိုးရေးလုပ်ငန်းမှ မြေခွန်များလျှော့ပေါ့ကင်းလွတ်ခွင့်ပြုရန်၊ ပြည်သူများ၏ လူနေမှုအခြေအနေ၊ သီးနှံအခြေအနေနှင့် ဒေသကုန်ဈေးနှုန်းများအား အချိန်မှန်ပေးပို့သွားရန်စသည်ဖြင့် သူ၏အရာရှိများထံသို့ အသေးစိတ်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။ ၁၅၇၄-၇၅ ခုနှစ် ဂူဂျာရတ်ပြည်နယ်အနှံ့အပြား၌ ကူးစက်ရောဂါဘေးအကြီးအကျယ်ကျရောက်ပြီးနောက် အလွန်ဆိုးဝါးသော အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုအခါတွင် ဘုရင်သည် ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်အမိန့်ထုတ်ခဲ့ပါသည်။ သူသည် အငတ်ဘေးမှကယ်တင်နိုင်ရန် အမြဲတမ်းလုပ်ငန်းအဖြစ် နေရာဒေသတိုင်းတွင် စပါးဂိုဒေါင်များတည်ဆောက်ခဲ့ပါသည်။ ၎င်းဂိုဒေါင်များအား ဒါဆရီအခွန်များဖြင့်

ထိန်းသိမ်းပြုပြင် မှုများ ဆောင်ရွက်ခဲ့ပါသည်။ ရင်းဂိုဒေါင်များသည် အစိုးရ၏မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သော ဆန်စပါး များအား ထောက်ပံ့ပေးခဲ့သဖြင့် အစိုးရအနေဖြင့် ဈေးမှပေးချေ ဝယ်ယူရန် မလိုခဲ့ပေ။ ၎င်းအပြင် ဒုတိယအချက်အနေဖြင့် မျိုးစပါး များအား လိုအပ်သောဆင်းရဲသားများထံ ပေးဝေနိုင်ခဲ့ပါသည်။ (အေ-အယ်လ်ရှာစထေရီ အတွဲ-၂)

## ၁. ၂. ၃။ ဗြိတိသျှအုပ်စိုးစဉ်ကာလ

ဗြိတိသျှအုပ်စိုးစဉ်ကာလ ဗြိတိသျှအုပ်ချုပ်ရေးစနစ် လုပ်ထုံးလုပ်နည်းများတွင် သဘာဝဘေးအန္တရာယ်အခြေအနေကို စိတ်ဝင်စားမှုမရှိဘဲ လွှဲမှားစွာကိုင်တွယ်ခဲ့မှုကြောင့် လူသားများ ထံသို့ ကပ်ဘေးအဖြစ် ပြောင်းလဲဆိုက်ရောက်ခဲ့သည်ကို စာရွက်စာတမ်း အထောက်အထားများအရ သိရှိရပါသည်။

၁၉၈၇ ခုနှစ်၊ မတ်လအငတ်ဘေးတွင် ဆင်းရဲသား ၄. ၅ သန်း သေကျေပျက်စီးခဲ့ရကြောင်း အယ်ဂျင်ကိုယ်တိုင်ဝန်ခံခဲ့ ပါသည်။ အင်ဒီယန်းစပတ်တက်တာမှ အမျိုးသားရေး စိတ်ထက်သန်သူ အယ်ဒီတာဘာရမ်ကြီပါလစာရီက ပလိပ်ရောဂါဘေး ကြောင့် သေကျေသူများအပါအဝင် အမှန်တကယ်သေဆုံးသူဦးရေ မှာ ၁၈ သန်းနီးပါးရှိကြောင်း၊ အိန္ဒိယလူမျိုးများသည် ယခင်က ရေရှားပါးမှုအား တွေ့ကြုံခဲ့ဖူးခြင်းမရှိသဖြင့် တောင်သူ လယ်သမားများနှင့် ခရိုင်အရာရှိများသည် တူးမြောင်းများနှင့် ရေမြောင်းများရုတ်တရက် ခန်းခြောက်ခြင်းနှင့် ရေတွင်းများ

ရေခန်းသွားခြင်းကို စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်ခဲ့ပါသည်။ ဘုံဘေဒီကင်ဆည်မြောင်းစနစ် (၁၈၉၆ ခုနှစ်တွင် ဆည်ရေသောက် ဧက ၁၁၃၀၀၀) သည် အားလုံးနီးပါး ပြိုကွဲပျက်စီးခဲ့ရသည်။ (၁၉၀၀ ပြည့်နှစ်တွင် ဧက ၃၀၀၀ သာရှိတော့သည်။) မန်ချက်စတာ ဂါဒီယန်း၏ သတင်းထောက် (ဘောက်ခမ်နတ်ရှ) ဤရှားပါးကပ်ဘေး၏ ကြောက်ရွံ့ထိတ်လန့်မှု ဗဟိုဆောင်းပါးတွင် "ရေငတ်မိုးခေါင်မှုကြောင့် တွေ့ကြုံရသော ဆိုးကျိုးများကို လိမ်ညာဖော်ပြခြင်းသည် အစာရေစာအငတ်ဘေးနှင့် ကြောက်ရွံ့တုန်လှုပ်ခြင်းကို အစွန်းရှည်စွာဖြစ်ပေါ်စေသည်" ဟုဖော်ပြထား ပါသည်။

အဟုမ်ဒဘတ်၊ ကိုင်ရာနှင့် ပန့်မဟဲလ်စ်တို့တွင် ၁၉၀၂ ခုနှစ်တိုင်အောင် ဖြစ်ပွားခဲ့သော မိုးခေါင်မှုကြီးသည် တစ်ကမ္ဘာလုံး၌ ဖြစ်ပွားခဲ့သော ဝါနှင့် ကြံသကြားတို့ဈေးကျမှုကြောင့် စိတ်ပျက်မှုကို ဖြစ်စေခဲ့ပြီး စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးကဏ္ဍအား ရုပ်ပျက်ဆင်းပျက်ဖြစ်စေခဲ့သည်။ အဆိုပါ ပျက်စီးဆုံးရှုံးမှုသည် မိုးစပါးအနည်းငယ်ဖြင့် စိုက်ပျိုးနေရသော တောင်သူလယ်သမားများအား ပလိပ်ရောဂါ ကပ်ပိုးကိုကူးစက်စေသည့် ကြွက်များနှင့် ကျိုင်းကောင်များ၏ ဖျက်ဆီးမှုထက်ပိုမိုများပြားပါသည်။ နို့ထွက်ပစ္စည်းများကို စားသုံးလေ့ရှိသော ဂူဂျာရတ်ပြည်နယ်သူ ပြည်နယ်သားများသည် ရင်းတို့ပိုင် ကျွဲနွားများ သေဆုံးမှု၊ မြေဩဇာကြွယ်ဝသော လယ်မြေများကျပ်တည်းမြေအဖြစ် ပြောင်းလဲလာမှုတို့ကို ပထမဦး စိုးရိမ်ကြောင့်ကြကြီးစွာဖြင့် စောင့်ကြည့်ခဲ့ကြပါသည်။

အစာရေစာတော်မှတ်ခေါင်းပါးမှုကပ်ဘေးသည် ပလိပ်ရောဂါနှင့် ငှက်ဖျားရောဂါ ကပ်ဆိုးကြီးတို့နှင့်အတူ အိန္ဒိယ၌ ကျန်ရှိနေသေးသော ဂူဂျာရတ်ပြည်နယ်သို့ ထပ်မံဝင်ရောက်လာခဲ့ပါသည်။ ရေပေးဝေရေးစနစ်အတွင်းမှ ထွက်ရှိသော အညစ်အကြေးများကြောင့် မသန့်ရှင်းသောရေများကို အသုံးပြုရသည့်အတွက် ၁၉၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ဂူဂျာရတ်ပြည်နယ်၌ ငှက်ဖျားဝေဒနာသည် များစွာတိုးပွားလာပါသည်။ ဆေးရုံများ၏ အစီရင်ခံချက်အရ ဂရင်းဝေဒနာသည်များ ၉၀ ရာခိုင်နှုန်းသည် သေဆုံးခဲ့ကြပြီး ခန်းတစ်ခုတွင် ၄ ရက်အတွင်း သေဆုံးသူ ၃၀၀၀ ဦးရှိခဲ့ကြောင်း သိရှိရပါသည်။ ခရစ်ရှား၊ ဒါမေးနီးယားနှင့် ကျူးဘားအရှေ့ပေါ် အဝတ်ဘေးခန်းများတွင် တာဝန်ထမ်းဆောင်ခဲ့သူ ခရစ်ရှန်သတင်းစာ (ခရစ်ရှန်ဟာရယ်) မှဒေါက်တာလူးဝစ်ကလော့စ်ကဗြိတိသျှအရာရှိများ၏ အေးစက်စက်သဘောထားနေမှုသည် "စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ (ခရစ်ရှန်ဟာရယ် သတင်းစာ)

လွန်ခဲ့သည့် (၂) နှစ်ကျော်ကာလအတွင်း အိန္ဒိယနိုင်ငံသမိုင်း၌ မိုးခေါင်ခဲ့ဖူးခြင်းမရှိသဖြင့် ၁၉၀၂ ခုနှစ်တွင်လည်း ပုံမှန်မုတ်သုံလေဝင်ရောက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပုံမှန်ပြန်ဖြစ်လာလိမ့်မည်ဟု အများကမျှော်လင့်ချက်ရှိပါသည်။ သို့သော်လည်း ၁၉၀၁-၁၉၀၂ ရာသီတွင် ထပ်မံစိတ်ပျက်ခဲ့ရကြောင်း တရားဝင်ထုတ်ပြန်သော ဘုံဘေတော်မှတ်မှုဘေးဒုက္ခအစီရင်ခံစာတွင် ဖော်ပြ

ခဲ့ပါသည်။ ဂူဂျာရတ်ပြည်နယ်တွင် နွေမိုးအဝင်နောက်ကျ၍ အထွက်စောခဲ့ပြီး ဆောင်းမိုးမှာလည်း လုံးလုံးလျားလျားခေါင်ခဲ့ပါသည်။ ပြင်းထန်သည့် ပလိပ်ရောဂါကိုဖြစ်စေသော ကြွက်များ၊ ကျိုင်းကောင်၊ မြက်ခုတ်ကောင်နှင့် အခြားအင်းဆက်များ၏ ဒဏ်နှင့် မိုးခေါင်မှုကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုကို ပို၍ဆိုးရွားစေခဲ့ပါသည်။ ၎င်းဖြစ်ရပ်သည် ဂူဂျာရတ်ခရိုင်အတွင်းရှိ ဒီကင်နှင့် ကာမတ်တက်ဒေသတို့ကိုပါ ရိုက်ခတ်ခဲ့သဖြင့် ၎င်းဒေသများတွင် အနည်းငယ်ဝတ်မှုတ်ခေါင်းပါးမှုကပ်ဘေးသာ ကျရောက်ခဲ့သော်လည်း ပို၍ပြင်းထန်စွာထိတ်လန့်စေခဲ့ပါသည်။ သဲကန္တာရဒေသအစိတ်အပိုင်းဖြစ်သော သာနှင့် ပါကာဒေသတို့တွင် အဆုံးစွန်ဆုံးအထိ မိုးခေါင်ခဲ့ပြီး ဂူဂျာရတ်ပြည်နယ်ကို နောက်ဆုံးတွင် စားစရာကောက်ပဲသီးနှံလုံးဝမရှိသည့် အခြေအနေသို့ ဆိုက်ရောက်စေခဲ့ပါသည်။ ၁၉၀၁-၁၉၀၂ ခုနှစ်သည် ယခင်နှစ်ကာလများကထက် ပိုမိုဆိုးရွားစွာစိတ်သောကကြုံတွေ့ခဲ့ရသည့်နှစ် ဖြစ်ပါသည်။ (ဘုံဘေအင်တော်ဘေးဒုက္ခဆိုင်ရာတရားဝင်အစီရင်ခံစာ-၁၉၀၂)

### ၁.၃။ ဘေးဒုက္ခအန္တရာယ် ဖြေရှင်းခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်

ဘေးဒုက္ခအန္တရာယ်ဖြေရှင်းခြင်း၏ အဓိပ္ပာယ်ကို (ဗလိတ်-၁၉၉၄) တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ၎င်းသည် အဆိုပါကိစ္စတွင် ပါဝင်ဆောင်ရွက်သော လူတို့၏ လုပ်နည်းလုပ်ဟန်ဖြစ်ပြီး ရှိသည့်ပစ္စည်းအရင်းအမြစ်များ

ပေါ်မူတည်၍ ရည်မှန်းချက်ပန်းတိုင်ကို ဆုံးခန်းတိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အခက်အခဲများ ဖြေရှင်းခြင်း မဟာဗျူဟာသည် ဘေးဒုက္ခအပြင်းအထန် ကျရောက်နေစဉ် ပါဝင်ဆောင်ရွက်ကြသည့် လူအဖွဲ့အစည်းများ၏ ထိုအချိန်တွင် ရရှိသည့်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပင်ဖြစ်ပါသည်။ အခက်အခဲဖြေရှင်းရန်နည်း များသည် ၎င်းတို့၏ အတွေ့အကြုံ၊ လူမှုရေးဘဝပုံစံနှင့် ရရှိနိုင်သည့် အရင်းအမြစ်များပေါ် အခြေခံ၍ ၎င်းတို့ကို လိုအပ်သလို ပေါင်းစပ်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ချက်ပင်ဖြစ်ပါသည်။

(မာမီနှင့် မိုရေရတီ - ၁၉၇၆) တွင်လည်း ဘေးဒုက္ခ အန္တရာယ်ဖြေရှင်းခြင်းဆိုသည်မှာ ကျရောက်နေသည့်ဘေးဒုက္ခ အန္တရာယ် မည်မျှဆိုးရွားသည်ကို သတ်မှတ်ဆုံးဖြတ်ပြီး သက်ဆိုင်သူအဖွဲ့အစည်းများ (သို့) အဖွဲ့ဝင်များ၏ လူမှုရေးနှင့် စီးပွားရေး အပေါ် အခြေခံမူတည်ပြီး၎င်း၏ (သို့မဟုတ်) ၎င်းတို့၏ စွမ်းဆောင်ရည် များကို ပေါင်းစပ်စီမံခန့်ခွဲခြင်းပင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ရာပိုပေါ့ - ၁၉၈၄) တွင်လည်း ဘေးဒုက္ခအန္တရာယ် ဖြေရှင်းခြင်းဆိုသည်မှာ လူနေမှုအဖွဲ့အစည်းတစ်ခု၊ အိမ်တစ်ဆောင်၊ မိသားစုတစ်ခုအား ဘေးဒုက္ခမကျရောက်အောင် ကာကွယ်ခြင်းနှင့် ၎င်းတို့၏ လူနေမှုဘဝကိုပြန်လည်ထူထောင်ပေးနိုင်သည့် စွမ်းရည် ပင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဘေးဒုက္ခကယ်ဆယ်ဖြေရှင်းခြင်း ဆောင်ရွက်ပုံနည်းလမ်းမှာ ဘေးဒုက္ခအန္တရာယ်မှအသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ စိုးရိမ်ထိတ်လန့်နေရသော လူနေမှုဘဝကို ညှိနှိုင်းဖေးမကယ်တင်ပေးသည့် ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ ကယ်ဆယ်ရေးမဟာဗျူဟာ (သို့) လုပ်ထုံးလုပ်နည်းမှာ ဒေသလူနေမှုအဖွဲ့အစည်း၊ လူမှုရေးအုပ်စု၊ အသုံးအဆောင်ပစ္စည်း၊ လိင်၊ အသက်၊ ရာသီဥတုနှင့် အချိန်များကိုလိုက်၍ ကွဲပြားခြားနားမှုရှိကြောင်း သမိုင်းကြောင်းအရ သိရှိနိုင်ပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကယ်တင်ခြင်း လုပ်ထုံးလုပ်နည်းများသည် ရှေးယခင်အတွေ့အကြုံများ၏ လုပ်နည်းလုပ်ဟန်များ အလွှမ်းလွှမ်းမိုးလျက်ရှိပါသည်။

မာဂရက်ကီဖာ (၁၉၉၇) က ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများသည် အကောင်အထည်ဖော် ဆောင်ရွက်မည့်သူ၏ အသွင်အပြင်လက္ခဏာများ အစုံလိုက်ပါဝင်နေသည်ကို အောက်ပါအတိုင်း တွေ့ရှိရကြောင်းဖော်ပြထားပါသည် -

(က) ကောင်းစွာရှင်သန်ကြီးပြင်းမှု (အာဟာရပြည့်ဝမှု အနေအထား၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေး အခြေအနေနှင့် စိတ်ဓာတ်)၊

(ခ) လူနေမှုဘဝနှင့် အကြမ်းခံနိုင်မှု (ကျွမ်းကျင်လိမ္မာမှုအရည်အချင်းပုံစံ၊ ချမ်းသာကြွယ်ဝမှု၊ ဝင်ငွေနှင့် ပြောင်းလဲရွေးချယ်နိုင်မှု၊ အခြားအရည်အချင်းများ)၊

(ဂ) မိမိကိုယ်မိမိကာကွယ်မှု (ကာကွယ်နိုင်မှုစွမ်းရည်၊ ဒေသခံများ၏ လုံခြုံမှုရှိသော အိမ်များဆောက်လုပ်ရန် ဆန္ဒရှိမှုနှင့် စွမ်းဆောင်နိုင်ရည်၊ အကာအကွယ်ယူနိုင်မှု)၊

(ဃ) အဆောက်အအုံများထုံးစံ၊ သက်သာစေသည့် အတိုင်းအတွာများ၊ နေထိုင်စရာများ၊ ကြိုတင်ပြင်ဆင်မှုများစသည့် လူ့အဖွဲ့အစည်းအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများဖြင့် အန္တရာယ်အမျိုးမျိုးအား ကာကွယ်မှုပြုရန်။

## ၁. ၃. ၁။ ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများကို ပြန်လည်သတ်မှတ်ခြင်း

လူများသည် ဘေးဒုက္ခအခြေအနေကို ဖြေရှင်းဆောင်ရွက်ခြင်းအားဖြင့် အသက်ရှင်ရပ်တည်နိုင်ခဲ့ကြောင်း သက်သေအဖြစ် မြို့ပြပြောင်းလဲမှုသမိုင်းတွင် တွေ့ရှိနိုင်ပါသည်။ လူ၏မွေးရာပါရှင်သန်လိုစိတ်သည် မြို့ပြလူနေမှုစနစ်ကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ ရှေးဦးကာလအချိန်ကပင် လူတို့သည် သဘာဝတရားပြောင်းလဲမှုများနှင့် တွေ့ကြုံရသောအခါ အနည်းငယ်ကြံဆရုံမျှဖြင့် သဘာဝဘေးအန္တရာယ်တို့ကို ကျော်လွှားနိုင်ခဲ့ကြသည်။ ထိုအချိန်ကာလတွင် ဆေးပညာသိပ္ပံနှင့် အတတ်ပညာများ မပေါ်ပေါက်သေးသော်လည်း လူသားတို့သည် ဖြစ်ပျက်ခဲ့သည့်

သဘာဝဘေး အန္တရာယ်တို့ကို ကျော်လွှန်ရှင်သန်နိုင်ခဲ့ကြသည်။ လူသားတို့၏ သဘာဝဘေးအန္တရာယ်အပေါ် ဖြေရှင်းကျော်လွှား တုံ့ပြန်နိုင်မှု စွမ်းရည်သည် လူသားတို့၏မြို့ပြလူနေမှုစနစ်အား ဘက်ပေါင်းစုံ ထွန်းကားတိုးတက်လာစေခဲ့ပါသည်။

ရှေးကာလတွင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်တို့ကို ရေးဆွဲဖော်ပြထားခဲ့သော ပုံများအား စာရွက်စာတမ်း အထောက်အထားများတွင် တွေ့ရှိရပြီး ၎င်းအချက်များသည် လူနေမှုအဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ လူနေမှုစနစ်ပြောင်းလဲတိုးတက်လာမှု ဖြစ်စဉ်အရ ကျွန်တော်တို့သည် မိုဂေါ (Moghal) ခေတ်တွင် ဖြစ်ပျက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များအကြောင်းကို သိရှိရပါသည်။ ဗြိတိသျှ အုပ်ချုပ်စဉ်ကာလ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်တို့ကိုလည်း ကောင်းစွာမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ လူ့အဖွဲ့အစည်း၏ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တစ်လျှောက်သည် သာတူညီမျှခြင်း၊ လွတ်လပ်ခြင်း၊ မွေးရာပါဒီမိုကရေစီအခွင့်အရေးတို့အပေါ် လက်ခံယုံကြည်မှုများ၊ နိုင်ငံတော်အစိုးရမှ လူထုအပေါ်ရှေးရှုရမည့်တာဝန် ဝတ္တရားများနှင့် လူထုအပေါ်ဖြည့်ဆည်းပေးရမည့် လူမှုဖူလုံရေးစနစ် ကျင့်သုံးရမည့်အတွေးအခေါ်များကို ပြောင်းလဲတိုးတက်ဖြစ်ပေါ်စေခဲ့ပါသည်။ ယခုအခါ ကျွန်တော်တို့သည် သဘာဝဘေး အန္တရာယ်ကာကွယ်ရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရ၏အခန်း ကဏ္ဍနှင့် လူထု၏ပါဝင်စွမ်းဆောင်မှုကဏ္ဍကို လူထု၏မွေးရာပါ

အခွင့်အရေးနှင့်ဆက်စပ်၍ သတ်မှတ်ကြပါသည်။ ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍသည် လူထု၏ပါဝင်ဆောင်ရွက်မှုစွမ်းရည်ကို တိုးတက်စေသည် (သို့မဟုတ်) ယုတ်လျော့စေသည်ကို ဖော်ပြ၍လေ့လာကြပါသည်။ ဤအချက်ကို သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်း၏ အပြင်ပိုင်းဖွဲ့စည်းမှုအဖြစ် အဆင့်ခွဲခြားသတ်မှတ် နိုင်ပါသည်။

အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၁ တွင် နိုင်ငံသားတိုင်း၏ဘဝနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို အကာအကွယ်ပေးရန် အာမခံထားပါသည်။ လျှင်ဘေး၊ ရေဘေး၊ မီးဘေး၊ မုန်တိုင်းနှင့် အလားတူ သဘာဝဘေးအန္တရာယ်ကပ်ဘေးများ ကျရောက်သောအခါတွင် သဘာဝဘေးဒဏ်ခံလူသားများ၏အသက်ကို ကယ်တင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် လူထု၏အကြီးအကဲအနေဖြင့် ကူညီထောက်ပံ့ခြင်း၊ အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ရန်တာဝန်ရှိပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံသားများ၏အခွင့်အရေးကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံမှုကို တာဝန်ယူစောင့်ရှောက်ရန် အရေးကြီးကြောင်း ဖွဲ့စည်းပုံဥပဒေတွင် ဖော်ပြထားပါသည်။ နိုင်ငံသားများသည် ၎င်းတို့၏ အခွင့်အရေးကို ဖော်ပြတောင်းဆိုနိုင်သည့် အနေအထားတွင် မရှိသော်လည်း ၎င်းတို့၏ လူ့အခွင့်အရေးအား အစိုးရအနေဖြင့် အကျိုးသက်ရောက်မှုရှိစွာ ကာကွယ်နိုင်ရေးအတွက် ချဉ်းကပ်ပြီး တက်ကြွစွာဆောင်ရွက်

ပေးရန် ဖော်ပြထားပါသည်။ SC အနေဖြင့် ဖွဲ့စည်းပုံဥပဒေနိဒါန်းတွင်ဖော်ပြသော ပုဒ်မ ၃၈၊ ၃၉ နှင့် ၃၉(က) ပါ လမ်းညွှန်ချက်များတွင် အဆိုပါတာဝန်အားထမ်းဆောင်ရန် လမ်းညွှန်ထားပါသည်။ ၎င်းသည် အတည်ပြုထားသော လူမှုဖူလုံရေးစနစ်အား ကာကွယ်နိုင်ရန် စီမံထားခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ၎င်းအချက်များအပေါ် အနှစ်ချုပ်ကြည့်ပါက ကယ်ဆယ်ရေးလုပ်ငန်းဆိုသည်မှာ သီးခြားဖွဲ့စည်းထားသော မိသားစု၊ အစုအဖွဲ့အစည်းတစ်ခု၏ ဘေးအန္တရာယ်ကျရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်သော စွမ်းရည်ပင်ဖြစ်ကြောင်း မှတ်ယူနိုင်ပါသည်။ ၎င်းစွမ်းရည်တွင် ဒုက္ခသည်များအား ဘေးအန္တရာယ်မကျရောက်စဉ်က အခြေအနေအတိုင်း သီးခြားရပ်တည်နိုင်သည်အထိ အချိန်တိုအတွင်း ပြန်လည်ပံ့ပိုးထောက်ပေးနိုင်မှုစွမ်းရည်လည်း ပါဝင်ပါသည်။

### ၁.၃.၂။ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်စေနိုင်သည့် အခြားဆက်နွယ်သော ဥပဒေသများ

စွမ်းဆောင်နိုင်မှုစွမ်းရည်နှင့် လူမှုဝန်ထမ်းအကျိုးပြုဆောင်ရွက်မှုစွမ်းရည်အား အကဲဖြတ်ဆန်းစစ်မှု ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအားလုံးအား မှတ်တမ်းတင်ထားပါသည်။ ၎င်းမှတ်တမ်းတွင် လူ့အဖွဲ့အစည်းလုံခြုံစိတ်ချရမှုမရှိသည့် အခြေအနေများပါ ဖော်ပြထားသည့် အဆိုပါအခြေအနေ

များ၏ အကြောင်းတရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

** စွမ်းဆောင်နိုင်မှုအကဲဖြတ်ချက်တွင် လူတို့၏စွမ်းဆောင်နိုင်မှု။ ကယ်ဆယ်ရေးမဟာဗျူဟာနှင့် ကြိုတင်ပြင်ဆင်နိုင်မှု၊ သက်သာစေခြင်းနှင့် တုံ့ပြန်မှုတို့ကို ဆောင်ရွက်နိုင်အောင် လေ့ကျင့်ထားသည့် လူသားအရင်းအမြစ်များပါဝင်သည်။ ၎င်းတွင် အဆိုပါလူ့အရင်းအမြစ်များအား စီမံခန့်ခွဲခြင်း၊ အသုံးချခြင်း ဖော်ပြချက်များပါရှိသည်။

** ဘေးအန္တရာယ်ဖြစ်ပေါ်စေလွယ်မှု။ ၎င်းအခြေအနေကို အဖွဲ့အစည်းတစ်ခု၊ လူတစ်စု (သို့မဟုတ်) သီးခြားတစ်ဦးသည် စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးတာဝန်ထမ်းရန် ဆင့်ဆိုခြင်းခံရသောအခါ (သို့မဟုတ်) အန္တရာယ်နှင့် ရင်ဆိုင်ရသောအခါ (သို့မဟုတ်) ပြင်းထန်သည့် ကပ်ဘေးဒဏ်ကို ဆိုးရွားစွာခံရသောအခါနှင့် နိမ့်ကျသောကယ်ဆယ် ရေးစွမ်းအင်ဖြင့် သေရေးရှင်ရေးတမျှဖြစ်နေသော ကပ်ဆိုက်ကာလကို တွေ့ကြုံရသောအခါများတွင် သိရှိနိုင်ပါသည်။

## ၁. ၃. ၃။ ပစ္စည်း၊ လူမှုအဖွဲ့အစည်းနှင့် ကျွမ်းကျင်မှုအပေါ် အခြေခံသော ကယ်ဆယ်ရေးလုပ်ငန်းများ

ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ပစ္စည်းများ။ ။ လူသားတို့ သည် အသက်ရှင်မှုအပေါ် အမှီပြုနိုင်ရန်နှင့် ၎င်းတို့၏ဘဝကို ကျေနပ်

နစ်သိမ့်ဂုဏ်ယူမှုရှိစေရန်အတွက် ရုပ်ပိုင်းဆိုင်အရင်းအမြစ်များကို ပိုင်ဆိုင်ကြပါသည်။ ၎င်းတို့တွင် ငွေကြေးများ၊ မြေယာများ၊ ကိရိယာတန်ဆာပလာများ၊ စားသောက်ကုန်များ၊ အလုပ်အကိုင်များ၊ စွမ်းအင်အရင်းအမြစ်များနှင့် ပေးရန်/ရရန်ပိုင်ဆိုင်မှုများ ပါဝင်ပါသည်။

လူမှုရေးနှင့် အဖွဲ့အစည်းများ။ ။ အသက်ရှင်သန်လွတ်မြောက်ရန်အတွက် လိုအပ်သည့်အချိန်အတွင်း ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ ထောက်ပံ့ပေးမည့် လူမှုရေးကွန်ရက်များ ဖွဲ့စည်းပြီး အနီးကပ်ဆောင်ရွက်သည့် လူ့အဖွဲ့အစည်းများဖြစ်ပါသည်။

စေတနာနှင့် ကျွမ်းကျင်မှု။ ။ပညာရေးအခြေခံကောင်းမွန်ပြီး ကျွမ်းကျင်မှုနှင့် ဗဟုသုတကြွယ်ဝသောသူများအနေဖြင့် ကယ်ဆယ်ရေးနည်းလမ်းများအား ပိုမိုရွေးချယ်နိုင်ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ (တွစ်ဂျေ - ၂၀၀၁)

## ၁. ၃. ၄။ ကယ်ဆယ်ရေးလုပ်ငန်းများသည် ဆုံးရှုံးမှုနှင့် မဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည်

ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများသည် ဘေးအန္တရာယ်ကျရောက်နေသော လူသားများအားဖေးမခြင်း၊ ခြောက်လှန့်ခြင်းနည်းလမ်းများကို အသုံးပြု၍ ၎င်းတို့၏အသက်ရှင်သန်မှုနှင့် ဘဝများကို ကူညီဆောင်ရွက်မှုများပင်ဖြစ်သည်။ ကယ်ဆယ်ရေးမဟာဗျူဟာများ (သို့) လုပ်နည်းလုပ်ဟန်သည် ဒေသအလိုက်၊ လူမှုအဖွဲ့

အစည်းအလိုက်၊ အသုံးအဆောင်၊ လိင်၊ အသက်အရွယ်၊ ရာသီဥတုနှင့် အချိန်အခါအလိုက် ပြောင်းလဲလျက်ရှိကြောင်း သမိုင်းတွင်တွေ့ရှိရပါသည်။ ၎င်းလုပ်နည်းလုပ်ဟန်သည် လူသားတို့၏ ယခင်အတွေ့အကြုံများ၏ လွှမ်းမိုးမှုများစွာရှိကြောင်း တွေ့ရှိရပါသည်။

## ဆိုးရွားမှုမရှိသော ကယ်ဆယ်ရေးနည်း

အာမခံလုပ်ငန်း၊ အန္တရာယ်ကိုလျော့နည်းစေခြင်း၊ စိမ်ခန့်ခွဲမှုမရှိခြင်း၊ ချေးငွေများ၊ အာဟာရကျွေးမွေးမှုလျှော့ချခြင်း၊ ဈေးပေါသော စားသောက်ကုန်များပေးဝေခြင်း၊ စားသောက်မှုအကြိမ်ရေလျှော့ချခြင်း၊ မထုတ်လုပ်နိုင်သော ပိုင်ဆိုင်မှုပစ္စည်းများနှင့် သိုလှောင်ထားသောပစ္စည်းများ အနည်းငယ်ရောင်းချပေးခြင်း တို့ပါဝင်ပါသည်။

## ဆိုးရွားမှုရှိသော ကယ်ဆယ်ရေးနည်းလမ်း (အဆင့် ၁ နှင့် အဆင့် ၂)

အဆင့် (၁)။ ။ ထုတ်လုပ်ကုန်ပစ္စည်းများဝေငှခြင်း၊ အတိုးကြီးသောချေးငွေများ၊ မွေးမြူရေးပစ္စည်းများ အကြီးအကျယ်ရောင်းချခြင်း၊ မြေယာနှင့် ကိရိယာတန်ဆာပလာများ၊ စာချုပ်ချုပ်ထားသည့် လုပ်သားကြီးကြပ်မှုများ၊ ကလေးလုပ်သားများ။

အဆင့် (၂)။ ။ ခိုကိုးရာမဲ့ခြင်း၊ စေတနာရှင်များအပေါ်မှီခိုနေရခြင်း၊ အရပ်မှစွန့်ခွာခြင်း၊ ပြည့်တန်ဆာမှုနှင့် ကလေးရောင်းဝယ်ခြင်း။

## ၁. ၃. ၅။ ညှိဖျင်းသောကယ်ဆယ်ရေးစွမ်းရည် (ကွပ်ချီ)

ကွပ်ချီခရိုင်သည် ဂုဂျာရတ်ပြည်နယ်၏ အနောက်မြောက်ပိုင်းရှိ ၄၅,၆၅၂ စတုရန်းကီလိုမီတာ ကျယ်ဝန်းသောဒေသဖြစ်ပြီး နိုင်ငံအတွင်းရှိ ဒုတိယအကြီးဆုံးခရိုင်ဖြစ်ပါသည်။ အဆိုပါဒေသသည် ဆိုက်စမစ်တိုင်းတာချက်အရ အိန္ဒိယနိုင်ငံ၏ အန္တရာယ်အရှိဆုံးဇုန်အတွင်း၌ တည်ရှိပါသည်။ ပြီးခဲ့သော ကာလများတွင် အဓိကငလျင်ကြီးများဖြစ်ပေါ်ခဲ့ပြီး ဥပမာအားဖြင့် ၁၈၁၉ ခုနှစ်၊ ၁၈၄၅ ခုနှစ်နှင့် ၁၉၅၆ ခုနှစ်တို့တွင် ငလျင်ကြီးများ လှုပ်ခတ်ခဲ့ကြပါသည်။ အဆိုပါဒေသသည် မိုးခေါင်လွယ်သောဒေသဖြစ်ပြီး အနီးစပ်ဆုံးခန့်မှန်းချက်အရ (၅) နှစ်တာ ကာလတိုင်းတွင် (၂) နှစ် မိုးခေါင်လေ့ရှိပါသည်။ အပူပိုင်းမုန်တိုင်းများလည်း ပုံမှန်ဝင်ရောက်လေ့ရှိပြီး၊ ပြီးခဲ့သော ၁၉၉၈ ခုနှစ်တွင် လတ်တလော ဝင်ရောက်ခဲ့ပါသည်။

(ကွပ်ချီခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာကောက်နုတ်ချက်)

မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်း၊ ရေစီမံခန့်ခွဲမှုပုံစံနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ပုံစံများ ခေတ်မီစွာ အသုံးပြုလာခြင်းတို့ကြောင့် မိုးခေါင်မှုအန္တရာယ်သည် ဒေသအတွင်း ကြီးထွားလာခဲ့ပါသည်။ အဆိုပါအကြောင်းအရာများအနက် မြေအောက် ရေအရင်းအမြစ်များ လျော့ပါးလာခြင်း၊ ကုန်းမြေများဆားပေါက်ခြင်းနှင့် သဲကန္တာရများ ကျယ်ပြန့်လာခြင်း စသည့်အကြောင်းတရားများ

တိုးတက်လာမှုသည် မိုးခေါင်မှုကို ဆက်လက်ဖြစ်ပေါ်စေသည့် အကြောင်းတရားများပင် ဖြစ်သည်။

အခင်းဖြစ်ဒေသများသည် သာမန်အချိန်များတွင်ပင် သယံဇာတအရင်းအမြစ် ဆင်းရဲပြီး လူမှုရေးနှင့် စီးပွားရေးအရ အမှားမခံနိုင်သော စွမ်းရည်များ မြင့်မားစွာပေါင်းစပ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ ဆိုးရွားသော ဆင်းရဲမှုနှင့် လူမှုရေးညွှန်းကိန်းများ နိမ့်ကျမှုသည် ဂုဇရာရတ်ပြည်နယ်၏ အခြားဒေသများ ထက်မြင့်မားနေပြီး လူသားတို့၏သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုဒဏ်ကို ပြန်လည်တုံ့ပြန်မှု စွမ်းရည်သည်လည်း ကန့်သတ်မှုရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ ဆားထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လက်မှုပညာလုပ်ငန်းစသော အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် မြေငလျင်ဒဏ်နှင့် မိုးခေါင်မှုဒဏ်နှစ်ခုပေါင်း၏ အကျိုးသက်ရောက်မှုကို ခံစားရပြီး လူပေါင်းမြောက်မြားစွာ သေကျေဒဏ်ရာရပြီး ကြီးမားသော စိတ်သောကများကို ခံစားရသဖြင့် လူနေမှုအဖွဲ့အစည်းနှင့် ဆက်နွယ်နေမှု အားလုံးပျက်စီးဆိတ်သုဉ်းမှု ဖြစ်ခဲ့ရပါသည်။

## အားနည်းသော ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှု၏ သင်္ခန်းစာများ

၁။ အခြေခံအကြောင်းရင်းများ

(က) အာဏာပိုင်များနှင့် ထိတွေ့ရန် ကန့်သတ်မှု၊

(ခ) အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် ကန့်သတ်မှု (အဖွဲ့အစည်းများ၏ ခြယ်လှယ်လွှမ်းမိုးမှု)

(ဂ) သယံဇာတအရင်းမြစ်များသို့ ချဉ်းကပ်ရာတွင် ကန့်သတ်မှု၊

(ဃ) နိုင်ငံရေးစနစ်ပုံစံ၊

(င) စီးပွားရေးစနစ်ပုံစံ။

၂။ ပြင်းထန်သော ဖိအားများ

(က) ဒေသလေ့ထုံးစံအားနည်းချက်

(ခ) လေ့ကျင့်မှုအားနည်းချက်

(ဂ) ဒေသတွင်းရင်းနှီးမြှုပ်နှံမှုအားနည်းချက်

(ဃ) ဒေသဈေးကွက်အားနည်းချက်

(င) လူထု၏ လူမှုကျင့်ဝတ်အဆင့်အတန်း အားနည်းချက်

(စ) လူဦးရေတိုးပွားမှု နှုန်းလျင်မြန်စွာ ကြီးထွားလာခြင်း

(ဆ) မြို့ပြစနစ်လျင်မြန်စွာကြီးထွားလာခြင်း

(ဇ) သစ်တောပြုန်းတီးမှုလျင်မြန်စွာ ကြီးထွားလာခြင်း

(ဈ) မြေဆီလွှာဖြစ်ထွန်းမှု နိမ့်ကျခြင်း

၃။ လုံခြုံမှုမရှိသော အခြေအနေများ

(က) ထိခိုက်လွယ်သော ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်

(ခ) အန္တရာယ်ရှိသော တည်နေရာ

(ဂ) ကာကွယ်မှုမရှိသော အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ

(ဃ) ထိခိုက်လွယ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

(င) ဝင်ငွေနည်းပါးခြင်း

(စ) ဒေလေ့ထုံးစံအားနည်းချက်

(ဆ) ဘေးအန္တရာယ်ကာကွယ်ရေးကြိုတင်ပြင်ဆင်မှု အားနည်းချက် (လူထုအသွင်)

(ဇ) ကျန်းမာရေးအသိအမြင် (ဗဟုသုတ) နည်းပါး ခြင်း

**၁. ၄။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပြန်လည် သတ်မှတ်ခြင်း**

ပေါင်းစပ်မှုနှင့် အင်အားရှိမှုတို့ပါဝင်သော ကယ်ဆယ် ခြင်းနည်းလမ်းဖြင့် သဘာဝဘေးအန္တရာယ်ကို ၎င်းအချက်သည် အဆုံးအဆမရှိသော်လည်း ရှည်မှန်းချက်ကို အကောင်အထည်ဖော် နိုင်မှု အညွှန်းသင်္ကေတများဖြင့် တိုင်းတာနိုင်ပါသည်။ ကျော်လွှား စေနိုင်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်အခြေအနေသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အတောအတွင်း လုပ်ငန်းစဉ်တစ်ခုနှင့်တစ်ခုမည်သို့ အကျိုးသက်ရောက်မှု ရှိနေ သည်ဆိုသည့် အသွင်သဏ္ဍာန်ကို ဆန်းစစ်ရန်လိုအပ်ပါသည်။ ဤသည်မှာ အဆင့်တိုင်း၏ ကြားကာလနှင့် ဆုံးဖြတ်ချက်ချမှတ်

ဆောင်ရွက်ရာတွင် ရှေ့နောက်ဆက်နွှယ်မှုရှိသော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်လိုကြောင်း အဓိပ္ပာယ်ပင်ဖြစ်ပါသည်။

## ၁.၄.၁။ ပြန်လည်ထူထောင်ခြင်းလုပ်ငန်း (တစ်နည်း) ထိခိုက်ဆုံးရှုံးလွယ်မှုနှင့် ခွမ်းဆောင်နိုင်ရည် တို့၏ ဆက်နွှယ်မှု

သဘာဝဘေးအန္တရာယ်၏ အတိုင်းအတာကို သဘာဝဘေးအန္တရာယ်မကျရောက်မီက ထိခိုက်ဆုံးရှုံးလွယ်မှုနှင့် ခွမ်းဆောင်နိုင်ရည်တို့၏ ဆုတ်ယုတ်မှု တိုးပွားမှုတို့ဖြင့်လည်းကောင်း၊ သတ်မှတ်ထားသည့် သဘာဝအန္တရာယ်ကို တုံ့ပြန်မှုများဖြင့်လည်းကောင်း သွယ်ဝိုက်၍ တိုင်းတာနိုင်ပေသည်။

သီးခြားသဘာဝအန္တရာယ်များ၏ အဆင့်တိုင်းနှင့် ၎င်းအခြေအနေကို ပြောင်းလဲဖြစ်ပေါ်စေသည့် နည်းလမ်းများ၌ ပါရှိသည့်ထိခိုက်ဆုံးရှုံးလွယ်မှုနှင့် ခွမ်းဆောင်နိုင်ရည်တို့၏ အရေးပါမှု ပမာဏနှင့် ဖြစ်ပေါ်မှု၊ ပြောင်းလဲမှုတို့ကို ဆန်းစစ်ကြည့်ရှုရန်လိုအပ်ပါသည်။ ၎င်းအဆင့်များမှာ -

(၁) သာမန်အခြေအနေ (သဘာဝဘေးအန္တရာယ် သက်ရောက်မှုမရှိချိန်)

(၂) အရေးပေါ်အခြေအနေ (သဘာဝဘေးအန္တရာယ် ကျရောက်ချိန်၊ အန္တရာယ်ကျရောက်ပြီး ရက်အနည်းငယ် (သို့မဟုတ်) လအနည်းငယ်ကြာပြီး အချိန် အထိ)

(၃) ပြန်လည်ကယ်ဆယ်ရေးအဆင့်မှ ပြန်လည်ထူထောင်ခြင်းအဆင့်အထိ ကူးပြောင်းဆောင်ရွက်မှုအဆင့်ဆင့် (ဖြစ်ပွားပြီးလအနည်းငယ် (သို့မဟုတ်) တစ်နှစ်ကြာအချိန်အထိ)

(၄) ပြန်လည်ပြုစုပျိုးထောင်ခြင်းအဆင့် [ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ အသားကျသည်အထိ - (နှစ်ပေါင်းများစွာ)]

(၅) ကာလရှည်ပြန်လည်ပြုစုပျိုးထောင်ခြင်းအဆင့် အပြီးအခြေအနေ (သဘာဝဘေးအန္တရာယ်လွန်ကာလရှိ အကျိုးသက်ရောက်မှုကို ဆန်းစစ်ရန်)

**ကယ်ဆယ်ရေးလုပ်ငန်းကို အနှောင့်အယှက်ပြုနေသည်ဟု အသိအမှတ်ပြုထားသော အဓိကအချက်များ**

မြေငလျင်များ၊ မုန်တိုင်းများ၊ မိုးခေါင်မှုနှင့် ရေဘေးဒုက္ခပေးသော သဘာဝတရားများအပေါ် အခြေခံပါသည်။ ၎င်းသဘာဝတရားများအပေါ် အမှီပြု၍ပေါ်ပေါက်လာသော အဓိကရက်များ (ဥပမာ - စစ်ပွဲများ၊ ခြိမ်းခြောက်မှုများ၊ လက်ရောက်မှုများ (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာထိခိုက်မှုများ) လည်းပါဝင်သည်။ ၎င်းတို့သည် ဆိုးရွားသော ယိုယွင်းမှုများဖြစ်သည်။ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သန်းရောင်းဝယ်ရေးနှင့် အစိုးရမူဝါဒများကျဆင်းခြင်း (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းတို့ ပါဝင်ပါသည်။

**အသိအမှတ်ပြုထားသော ကယ်ဆယ်ရေးလုပ်ငန်းများ၏ ထိခိုက်လွယ်မှုစွမ်းရည်နှင့် ကွဲပြားခြားနားချက်များ**

ကယ်ဆယ်ရေးအဖွဲ့အချို့အား အခြားအဖွဲ့များထက် ပိုမိုထိခိုက်စေသော အခြေခံအချက်ကြီး (၃) ချက်ရှိပါသည် -

(၁) နီးစပ်မှုနှင့် မျက်နှာလိုက်ခြင်း။ ။ သဘာဝဘေး အန္တရာယ်ကျရောက်သော ဒေသတွင် နေထိုင်သူများ (သို့) ဒေသအနီးတွင်နေထိုင်သူများသည် အခြားသူများထက် ကယ်ဆယ်ရေး စွမ်းရည်များ နိမ့်ကျမှုရှိပါသည်။

(၂) ဆင်းရဲမှု။ ။ ရွေးချယ်ရန်နည်းပါးမှုနှင့် အရန်နည်းလမ်းနည်းပါးသော ဆင်းရဲသားများသည် ကြွယ်ဝချမ်းသာသူများထက်ပို၍ အန္တရာယ်အစွန်းသို့ ရောက်ရှိလွယ်ပါသည်။

(၃) သီးခြား/အဆင့်ခွဲခြားခံရခြင်း။ ။ ဘာသာရေး၊ လူမျိုးစုအရေးလိင်နှင့် အခြားအချက်များကြောင့် လူမဝင်ဆံ့ခြင်း (သို့) စီးပွားရေးနှင့် လူမှုရေး စနစ်ပြောင်း ဖယ်ကြဉ်ခံရသူများသည် ကယ်ဆယ်ရေးလုပ်ငန်းများ၏ အကျိုးသက်ရောက်မှု အနည်းငယ်သာရရှိပါသည်။

## ၁.၅။ ဒေသအတွင်းရှိ ကျရောက်ရာဒေသရှိ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

သီအိုရီအယူအဆများစွာရှိသည့်အနက် ကီနီစီယမ်နှင့် နောက်လိုက်များ၏ စီးပွားရေးဝါဒ၊ ထောက်ပံ့ပေးနိုင်သည့် စီးပွားရေးအခြေအနေနှင့် ဒေသအတွင်းရှိ ကျရောက်မိက ရှိခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေများသည် အဆိုပါဒေသ၏အရေးပါမှုအတွက် အရေးကြီးသော အခြေအနေများဖြစ်ပါသည်။ အဆိုပါသီအိုရီများထဲတွင် ဈေးကွက်အခြေအနေကျဆင်းမှုများကို အသိအမှတ်ပြုစောင့်ကြည့်ပြီး ယင်းအခြေအနေကို အစိုးရမှပါဝင်၍ ပြုပြင်ဆောင်ရွက်ပေးရန် တိုက်တွန်းထားပါသည်။ ၁၉၇၀ ပြည့်နှစ်များမှ ခေတ်သစ်ပြုပြင်ပြောင်းလဲရေးသမားများဖြစ်သော မစ်ထွန်ဖရက်မင်း၊ အီရန်လစ်တယ်နှင့် အယ်နီခရူဂျာတို့မှ အဆိုပါ လုပ်ငန်းများတွင် အစိုးရပါဝင်စွက်ဖက်ပါက ဘက်လိုက်သည်ဟု လူအများမှ မှတ်ယူနိုင်သည်။ အစိုးရပါဝင်ပတ်သက်မှုကို ဆန့်ကျင်ရန် တိုက်တွန်းခဲ့ပါသည်။ ၎င်းတို့မှ အစိုးရသည် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများနှင့် ကိုယ်ကျိုးရှာအဖွဲ့အစည်းများ၏ လက်အောက်ခံ ဖျက်ဆီးကရက်တို့ဖြင့် ဆောင်ရွက်မည်ကို ဝေဖန်ခဲ့ကြပါသည်။ ပြည်နယ်၏မပြည့်စုံသည့် သဘာဝတရားများ၏ အကျိုးဆက်အဖြစ် အစိုးရ၏ ကျရှုံးခြင်းကို ဖြစ်ပေါ်စေနိုင်ပြီး ၎င်းဆုံးရှုံးမှုသည် စီးပွားရေးအရ ဈေးကွက် ကျရှုံးမှုထက်ပို၍ ကြီးမားပါသည်။ (ပန်ပန်ဒရီယို - ၁၉၉၄)

အထက်ပါအချေအတင်ပြောဆိုမှုများသည် သက်ဆိုင်သည့်ဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ပို၍ ရှင်းလင်းတိကျစေပါသည်။ ဤကဲ့သို့ ဆွေးနွေးပွဲများလုပ်ခြင်းအားဖြင့် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ထိရောက်သော လုပ်ထုံးလုပ်နည်းများအား ရရှိနိုင်ပြီး ဒုက္ခသည်များလိုအပ်သော ပစ္စည်းကိရိယာများအား ဖန်တီးဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။

## ၁.၆။ နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍ

သဘာဝဘေးအန္တရာယ်ဖြစ်ပြီးနောက် ကျန်ရှိသည့်အရေးကြီးသောအချက်များ၊ လူ့အဖွဲ့အစည်းအား ကာကွယ်စောင့်ရှောက်ရန်အတွက် ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများ ဖြန့်ဝေပေးခြင်း၊ အနိမ့်ဆုံးအမှန်တကယ် လိုအပ်ချက်အား အခြေခံကျစွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မှုသည် လူမှုရေးဆိုင်ရာလုံခြုံမှုကို တာဝန်ယူထားသော နိုင်ငံတော်အစိုးရ၏အခန်းကဏ္ဍအား ယုတ်လျော့စေပါသည်။ လူမှုရေးအကာအကွယ်အား ထောက်ပံ့ပေးသည့်ဈေးကွက်၏ ကြီးထွားလာသောအရေးပါအရာ ရောက်မှုအား ရှင်းလင်းစွာ အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ၎င်းအပြင် သဘာဝ၏အန္တရာယ်ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်သည်။ သီးခြားစီဖွဲ့တည်ထားသော နိုင်ငံတော်အစိုးရ၊ ဈေးကွက်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများ၊ လူမှုရေးကွန်ရက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အသင်းဝင်များကို အခြေပြုဖွဲ့စည်းထား

သော အဖွဲ့အစည်းများသည် အတူတကွစုပေါင်း၍ အရေးပါသော ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်ကြပါသည်။ အိန္ဒိယနိုင်ငံကဲ့သို့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် အစိုးရမှ လူမှုရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး လူမှုရေးတာဝန်ရှိကြောင်း အစိုးရမှအာမခံခဲ့ပါသည်။ သယံဇာတအရင်းအမြစ်မျိုးစုံအား အကောင်းဆုံးအသုံးချ၍ အဖွဲ့အစည်းအသီးသီးမှ ရောက်ရှိလာသော အတိအလင်းအသိပေးထားသည့် စာနာမှု အထောက်အပံ့များဖြင့် ကူညီခြင်း၊ အားပေးခြင်းတို့ကို အန္တရာယ်ကျရောက်သည့်ဒေသအနှံ့သို့ ပေးပို့ကူညီရပါသည်။ ဤသို့အားဖြင့် ကျယ်ပြန့်သောလူထုအဖွဲ့အစည်းအကြားအထူးသဖြင့် ဘေးအန္တရာယ်ဒဏ်ခံလူထုအကြားတွင် အစိုးရ၏ အကောင်းဆုံးအခန်းကဏ္ဍမှ ဦးဆောင်ပါဝင်ဆောင်ရွက်ပေးမှုသည် အကျိုးရှိသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဦးတည်ရောက်ရှိမည်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ အစိုးရအရေးပါမှုများ အစီရင်ခံစာ (၁၉၉၇- စာမျက်နှာ ၄၁-၆၀) တွင် အစိုးရ၏ ကောင်းမွန်သော အုပ်ချုပ်မှုအခြေခံကျောရိုးမှုကြီး (၅) ချက် အား အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(က) ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း၊

(ခ) အကြီးစားစီးပွားရေးတည်ငြိမ်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒ၊

(ဂ) အခြေခံလူမှုရေးဝန်ဆောင်မှုနှင့် အခြေခံ အဆောက်အအုံများအား ရင်းနှီးမြှုပ်နှံခြင်း၊

(ဃ) ဖြစ်ပျက်လွယ်သော ကိစ္စများအား ကာကွယ်ခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း။

## ၁.၇။ အခြားနိုင်ငံများမှ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ဥပဒေပါအရေးကြီးသောအကြောင်း အရာများ

### ၁.၇.၁။ ဒေသအာဏာပိုင်များ၏ ဆုံးဖြတ်ချက်

အုပ်ချုပ်ရေးတွင် အောက်ခြေလူတန်းစားအလွှာများသည် အရေးကြီးသည့်အတွက် အချို့သောပြည်ပနိုင်ငံများတွင် အဆိုပါ လူတန်းစားကို အခြေပြု၍ ဥပဒေများပြဋ္ဌာန်းကြပါသည်။ ဗြိတိသျှ ကိုလံဘီယာနှင့် ကနေဒါနိုင်ငံတို့၏ အရေးပေါ် အခြေအနေဥပဒေ တွင် ဒေသခံအာဏာပိုင်များ၏ လက်ဝယ်တွင်ရှိသော ဆုံးဖြတ် ပိုင်ခွင့်၏ အရေးပါပုံကို အထူးဖော်ပြထားရပါသည်။ ဒေသ အာဏာပိုင်တို့သည် အရေးပေါ် အခြေအနေပေါ် ပေါက်မည်/ ဖြစ် ပေါ်တော့မည်ဟု ယုံကြည်ပါက ဒေသဆိုင်ရာအရေးပေါ် အခြေ အနေကြေညာပိုင်ခွင့်ကို လုပ်ပိုင်ခွင့်ပြုထားပါသည်။ (EPW - ၂၀၀၆)

ဂျပန်နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး ဥပဒေ (၁၉၄၇) ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်စွာဆောင် ရွက်နိုင်ရန်အတွက် အစိုးရအကြီးအကဲသည် ၎င်း၏ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပိုင်ခွင့် တစ်စိတ်တစ်ဒေသကို မြို့နီစီပယ်

အကြီးအကဲထံသို့ လွှဲအပ်နိုင်သည်ဟု ဖော်ပြထားပါသည်။ ဂျပန်နိုင်ငံတွင် ပြဋ္ဌာန်းထားသောဥပဒေ၏ ပုဒ်မ ၁ တွင် အဆိုပါဥပဒေ၏ ရည်ရွယ်ချက်ကို ရှင်းလင်းတိကျစွာဖော်ပြထားပါသည်။ ၎င်း ပုဒ်မ ၁ တွင် အရေးပေါ် အခြေအနေအပေါ် အခြေခံ၍ လိုအပ်သော ကယ်ဆယ်ရေးလုပ်ငန်းများအား ဗဟိုအစိုးရမှဆောင်ရွက် နိုင်ရန် ဘေးဒုက္ခသည်များအား ကာကွယ်ပေးပြီး လူမှုရေးလိုအပ်ချက်များအား အစီအစဉ်တကျ ဆောင်ရွက်ပေးရန်ဖော်ပြထားပါသည်။

နယူးဇီလန်နိုင်ငံ၏ ၂၀၀၂ ခုနှစ် မြို့ပြအရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဥပဒေတွင် သဘာဝဘေးအန္တရာယ်အပါအဝင် အရေးပေါ် အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။ အဆိုပါဥပဒေအရ ဒေသဆိုင်ရာအာဏာပိုင်များ၊ အစိုးရမဟုတ်သောအေဂျင်စီများ၊ လုပ်အားပေးများ၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် အဖွဲ့အစည်းများသည် အမျိုးသားအဆင့်နှင့် အောက်ခြေအဆင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ရန် ပြဋ္ဌာန်းထားပါသည်။

တောင်အာဖရိကနိုင်ငံ၏ ဥပဒေတွင်လည်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရာတွင် ပါဝင်သည့် ပုဂ္ဂလိကကဏ္ဍ၊ အဖွဲ့အစည်းနှင့် သီးခြားအဖွဲ့ကဏ္ဍများတွင် တိုင်းရင်းသားများ၊ အစိုးရ၏ ပြည်နယ်နှင့် မြူနီစီပယ်အဖွဲ့များ၏ ရပ်တည်ဆောင်ရွက်မည့် တာဝန်များပါဝင်သော အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု မူဝါဒအား အထူးအလေးပြုဖော်ပြထားသည်။

# ရည်ညွှန်းချက်များ

၁။ ငွေကြေးနေဥစ္စာနှင့် လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များပါဝင်သော သဘာဝအန္တရာယ်ကြောင့် ဆုံးရှုံးရသည့်တန်ဖိုးကို ကြည့်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင်ဘေးအန္တရာယ် အကျရောက်ဆုံးနေရာဖြစ်ကြောင်း ရှင်းလင်းစွာသိရှိနိုင်ပါသည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ်တွင် မိုးခေါင်မှုဒဏ်ကြောင့်ယူနိုင်တက်ကင်းဒန်းတွင် နေထိုင်သော လူဦးရေ သန်း ၅၀ နီးပါးရှိသည့် လူအရေအတွက်များ၏ လူနေမှုဘဝများ ထိခိုက်ခဲ့ရပါသည်။

၂။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကယ်ဆယ်ရေးစွမ်းဆောင်နိုင်မှုနှင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု အလားအလာတို့ကို ဆန်းစစ်သည့်လုပ်ငန်း ထွန်းကားလာပါသည်။ အဆိုပါစွမ်းဆောင်နိုင်မှုနှင့် ဘေးအန္တရာယ်အလားအလာဆန်းစစ်ချက် (CVA) အား ထိုးထွင်းကြံဆ၍ ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများအား လုပ်ငန်းရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ရာတွင် အသုံးပြုခဲ့ကြပါသည်။ ၎င်း (CVA) အား နောက်ပိုင်း

ကာလတွင် ဘေးအန္တရာယ်လျော့နည်းသက်သာစေရေးနှင့် စီမံချက်များ ကြိုတင်ပြင်ဆင်စေရေးတို့တွင် တွင်ကျယ်စွာ အသုံးချခဲ့ကြပါသည်။ အရိုးရှင်းဆုံးအသုံးပြုမှုမှာ ဆက်စပ်လျက် ရှိသော ရုပ်ပိုင်း/ ပစ္စည်းနယ်ပယ်၊ လူမှုရေး/အဖွဲ့အစည်း နယ်ပယ်နှင့် အကြောင်းရင်း/ ဖြစ်ပျက်ဟန်နယ်ပယ်စသည့် လူများ၏ ဘေးအန္တရာယ် အလားအလာနှင့် ခွမ်းဆောင်နိုင်မှုဆိုင်ရာ အရေးကြီးသော အဓိကနယ်ပယ်ကြီး (၃) ရပ်အား ခွဲခြမ်းစိတ်ဖြာ လေ့လာရာတွင် အသုံးပြုခြင်းပင်ဖြစ်ပါသည်။

၃။ အမြဲတမ်းစိုးရိမ်နေရပြီး ဘေးအန္တရာယ်ကျရောက်လုဆဲဆဲတွင် ဝင်ငွေနည်းပါးသော အလွှာမှလူများ၏ လူနေမှုဘဝအား သဘာဝဘေးအန္တရာယ်ဖြစ်လွယ်မှု ဆက်လက်တည်ရှိနေသော်လည်း ရေရှည်တွင် ပိုမိုကောင်းမွန်လာစေရန်အတွက် လူနေမှုစနစ်ချက်ချင်းပြောင်းလဲစေနိုင်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးမားသော မဟာဗျူဟာများချမှတ်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်ပါသည်။ နောက်ဆုံး၌ ပြန်လည်တည်ဆောက်ရေးနှင့် ထူထောင်ရေးလုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်သည် လူသားများ၏ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အတွက် အကျိုးရှိစေရန်လိုအပ်ပြီး ရေရှည်တွင်လည်း သဘာဝဘေးအန္တရာယ်ဖြစ်လွယ်မှုကို လျော့နည်းစေရန်လိုအပ်ပါသည်။

၄။ အစီအစဉ်အများစုသည် ဘေးဒုက္ခကိုသာ ကုစားပေးနိုင်ပြီး အကြောင်းတရားများကို ကုစားမှုမပေးနိုင်ပေ။ ၎င်းဘေးဒုက္ခလက္ခဏာ

သည် လုံခြုံမှုမရှိသော အဆောက်အအုံ (သို့) ကယ်ဆယ်ရေးပုံစံကို ထိခိုက်လွယ်စေသော အကြောင်းတရားများဖြစ်သည့် အောက်ပါအချက်များအားလုံး (သို့) အချို့ကို ဖြစ်ပေါ်စေနိုင်ပါသည် -

(က) ဆင်းရဲခြင်းနှင့် ချို့တဲ့မှု

(ခ) မြေပိုင်ရှင်များ၏ မြေစီမံခန့်ခွဲမှု

(ဂ) အဂတိလိုက်စားမှု

(ဃ) ပညာရေးချို့တဲ့မှု

** ** ** ** **

# အခန်း (၂)

## pmayrwwr;rn;wi ½maazcqe;ppjci;

သဘာဝဘေးအန္တရာယ်၏ အကျိုးသက်ရောက်မှုကို ခံကြရသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည်ကဏ္ဍပေါင်း စုံအား ပြုစုလေ့လာရမည်ဖြစ်ပါသည်။ ကယ်တင်ခြင်း၊ ကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်းစသော အဆင့်များအား ကယ်ဆယ်ရေး လုပ်ငန်းအဖြစ် အစိုးရမှသီးခြား သတ်မှတ်သည့်အခါမှစ၍ ကဏ္ဍ ပေါင်းစုံအားလေ့လာရန် စာပေများနှင့် ထိတွေ့လာခဲ့ရပါသည်။

အကန့်အသတ်များကို ဖြတ်သန်း၍လေ့လာမှတ်သားပြီး သဘာဝဘေးအန္တရာယ်ဒဏ်ခံလူသားများအတွက် အရေးကြီး သော ကယ်ဆယ်ရေးနည်းလမ်းများအား ကျွန်တော်တို့သည် ကြိုးစားလမ်းပြခဲ့ပါသည်။

### ၂.၁။ သဘာဝဘေးအန္တရာယ် ဝေါဟာရများအား သဘောပေါက် နားလည်မှု

စာပေမှတ်တမ်းအားလေ့လာရာတွင် အစကနဦး၌ သဘာဝဘေး အန္တရာယ်များ၏ သဘောသဘာဝနှင့် ၎င်း၏

ဆက်နွယ်နေသော ဝေါဟာရအသုံးအနှုန်းများအား နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဝေါဟာရများမှာယေဘုယျအားဖြင့် အတည်ပြုထားသည့် အဓိပ္ပာယ်သတ်မှတ်ချက်များမရှိသော်လည်း အလားတူ သဘောသက်ရောက်မှုရှိသည့်ဝေါဟာရများစွာရှိပါသည်။ စာဖြင့် ရေးသားထားသော ကွဲပြားခြားနားသည့်စည်းကမ်းချက်များ ၅၀ ခန့် လက်ဝယ်တွင်ရှိပြီး အဖွဲ့အစည်းမှာလည်း ရုပ်ဝတ္ထုများပေါင်းစပ် ဖွဲ့စည်းရသဖြင့် ၎င်းတို့ကိုသင့်လျော်သည့် ကဏ္ဍတစ်ရပ်သတ်မှတ် သင့်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် အဆိုအမိန့်အများစုမှာ အတိအကျ အဓိပ္ပာယ်သတ်မှတ်မှု အားနည်းချက်ရှိပြီး အဓိပ္ပာယ်ဖွင့်ဆိုသူများ၏ ကွဲပြားခြားနားသော ဦးတည်ချက်နှင့် သဘောထားအမြင်အရအဓိပ္ပာယ်ဖွင့်ဆိုခြင်း ခံနေရပါသည်။ (ကွာယမ်တယ်လီ ၁၉၉၅)

## ၂. ၁. ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့

ဝက်စတာအဘိဓာန်တွင် သဘာဝဘေးအန္တရာယ်ဟူသော အဓိပ္ပာယ်ကို ကြီးမားသော ပျက်စီးမှု၊ ဆုံးရှုံးမှုကိုဖြစ်စေသော ရုတ်တရက်ပေါ်ပေါက်သည့် ဘေးဒုက္ခဟု ဖော်ပြထားပါသည်။ မိုက္ကရိုဆော့ဖ်စာအုပ်စင် (၁၉၉၈) တွင်မူ ပျက်စီးဆုံးရှုံးခြင်းကျယ်ပြန့်စွာဖြစ်ပေါ်စေသည့် ဖြစ်ပျက်မှုဟုဖော်ပြထားပါသည်။ (ဖရစ်ဇ် - ၁၉၉၈) တွင် ဘေးအန္တရာယ်ဆိုသည်မှာ တစ်ချိန်တည်း

တစ်နေရာတည်းတွင် ယှဉ်တွဲပေါ်ပေါက်သည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး အဆိုပါနေရာရှိအဖွဲ့အစည်း (သို့မဟုတ်) ဆက်နွယ်နေသော အသိုင်းအဝိုင်းအား ပြင်းထန်သောအန္တရာယ်ဖြစ်စေမှုလျော့နည်းစေရန်နှင့် ၎င်းနေရာရှိလူများ၏ ရုပ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုနှင့်အတူဖြစ်ပေါ်သော လူမှုအသိုင်းအဝိုင်း တည်ဆောက်မှုပျက်စီးဆုံးရှုံးမှုများအား ခံစားရလျော့နည်းစေရန်နှင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များအားလုံး (သို့မဟုတ်) အချို့အားဖြည့်ဆည်းပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရမည့်ဖြစ်စဉ်အဖြစ် ဖော်ပြထားပါသည်။

## ၂.၁.၂။ လွှဲမှားစွာ သုံးနှုန်းနေသော သဘာဝဘေးအန္တရာယ်ဟူသော ဝေါဟာရ

"သဘာဝ" ဘေးအန္တရာယ်ဟူသော အဆင်ပြေသည့်ဝေါဟာရအသုံးအနှုန်းကို ပြည့်စုံသည့် အင်္ဂါရပ်များနှင့် အညီသတ်မှတ်ရန်အရေးကြီးပါသည်။ ၎င်း၏ အင်္ဂါရပ်များတွင် တစ်စုံတစ်ယောက်ကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များ (သို့မဟုတ်) ငြင်းပယ်၍ မရသည့် သဘာဝဖြစ်စဉ်မှတစ်ဆင့် လူသားတို့အတွက်အန္တရာယ် ပိုမိုဖြစ်ပေါ်လာစေသည့် ဖြစ်စဉ်အနေအထားများကိုသဘာဝဘေးအန္တရာယ်ဟူ၍ ဝေါဟာရလွှဲမှားစွာ သတ်မှတ်နေကြပါသည်။ သဘာဝဘေးအန္တရာယ်ဟူသော ဝေါဟာရသည်တစ်စုံတစ်ခုလွှဲမှား နေကြောင်းဆိုလိုပါသည်။ အကြောင်းမှာ

သဘာဝတရား၏ လွှဲမှား မှုကိုဖော်ပြနေသောကြောင့် ဖြစ်ပါသည်။ အထက်ပါအချက်များကို ကြည့်ပါက လူသားတို့ဆောက်လုပ်ထားသော အိမ်များ၊ လုပ်ငန်းများနှင့်အရေးပါသောအခြေခံ အဆောက်အအုံများ တည်ရှိသည့် နေရာတွင် လူတို့၏ဖန်တီးမှုများ မပါရှိဘဲ ဖြစ်ပျက်လွယ်မှု အစွမ်းသတ္တိနှင့် လူသားတို့ပါဝင် ပတ်သက်ခြင်းမရှိဘဲ ဘေးဒုက္ခများ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ကြောင်းဖော်ပြပါသည်။ ဟာရီကိန်း၊ ရေလွှမ်းမိုးမှု မြေငလျင်များနှင့် လေဆင်နှာမောင်းစသည့် သဘာဝဘေး အန္တရာယ်များသည် လူသားများ၏အသက် စည်းစိမ်ဥစ္စာကို ကြီးမားစွာ ခြိမ်းခြောက်နိုင်စွမ်းရှိသော အန္တရာယ်ပင် ဖြစ်သည်။ ဘေးအန္တရာယ်ကျရောက်လွယ်သော လူမှုအဖွဲ့အစည်းတွင် ကျရောက်သော အန္တရာယ်သည် လူတို့၏ကယ်ဆယ်ရေး စွမ်းရည်ကို လွှမ်းမိုးသွားသောအခါ သဘာဝဘေးအန္တရာယ် အဖြစ် ပြောင်းလဲ ပေါ်ပေါက်လာပါသည်။ (ဒေးဗစ်အက်ကင်နှင့် အီရန်ဘာတွန်)

သဘာဝဘေးအန္တရာယ် အရေးကိစ္စများသည် အဖွဲ့အစည်းများနှင့်နိုင်ငံရေးကိစ္စများ၏ လွှမ်းမိုးမှုကို ကြီးစွာခံကြရပါသည်။ တစ်ခါတစ်ရံ ဘူမိ-ရူပဆိုင်ရာပညာရှင် အဖွဲ့အစည်းများ၏ကြိုတင်အကြံပြုချက်များကိုပင် လူမှုရေး အဖွဲ့အစည်းများ၏ အနေအထားကပို၍လွှမ်းမိုးခဲ့ပေသည်။

## ၂. ၂။ သဘာဝဘေးအန္တရာယ်များ၊ ၎င်းနှင့်ဆက်နွယ်သောအဆိုအမိန့်များ

### ၂. ၂. ၁။ ထိခိုက်ဖြစ်ပျက်နိုင်ခြေစွမ်းရည်

ဖြစ်ပျက်နိုင်ခြေစွမ်းရည်အခြေအနေဆိုသည်မှာ (ကြိုတင်စီစဉ်နိုင်၊ အန္တရာယ်ကျရောက်မှုကိုခံစားရသည့် လူတစ်ဦး၊ တစ်ဖွဲ့သို့၊ လူမှုစီးပွားအဖွဲ့အစည်းတစ်ခုပေါ်သို့ ကျရောက်နိုင်သော (ကြိုတင်စီစဉ်နိုင်မှုစွမ်းရည်၊ ကာယဆယ်ရေး၊ အန္တရာယ်ကျရောက်မှုကိုခံနိုင်စွမ်းနှင့် ကာကွယ်နိုင်မှုကို ထည့်သွင်းစဉ်းစားထားသည့်) အန္တရာယ်ကျရောက်နိုင်မှု ပမာဏပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဘေးအန္တရာယ်ကိုတွန်းလှန်ရပ်တည်နိုင်သည့် ရပ်ပိုင်းဆိုင်ရာအဆောက်အအုံ၏ စွမ်းရည်ပင်ဖြစ်သည်။ ထိခိုက်ဖြစ်ပျက်နိုင်မှုစွမ်းရည်သည် လူသားတို့တွေ့ကြုံ ရသည့်ကပ်ဘေး (မြေငလျင်၊ မြေပြိုမှု) စသည်ဖြင့်ခံစားရပြီးနောက် ၎င်းတို့၏ ဘဝရပ်တည်မှုအခြေအနေ၊ ဘေးအန္တရာယ် အပေါ်တွန်းလှန်မှုနှင့် အထိတ်တလန့်ဖြစ်သူတို့၏ လူမှုစီးပွားအသိုက်အဝန်းများ အခြေအနေပေါ် ပေါင်းစပ်မှုတည်၍ သတ်မှတ်ခြင်းဖြစ်ပါသည်။ ထိခိုက်ဖြစ်ပျက်နိုင်စွမ်းသည် ဆင်းရဲခြင်းနှင့်မတူပေ။ သို့သော်လည်း ၎င်းလူအချို့သည် ဝေါဟာရကို ဖြစ်လွယ်ပျက်လွယ် သတ်မှတ်မျဉ်းအခြေအနေတွင်ရှိသော အစုအဖွဲ့၏အခြေအနေကို ပိုမိုနားလည် သဘောပေါက်စေရန် ဝေါဟာရဖလှယ် အသုံးပြုလေ့ရှိပါသည်။ လိင်ပိုင်းဆိုင်ရာကွဲပြားမှုအပေါ် အခြေပြု၍

လေ့လာရာတွင် ကျွမ်းကျင်မှုအတတ်ပညာ ထိန်းသိမ်းရေးကဏ္ဍတွင် မညီမျှမှုသည် အမြစ်တွယ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ရင်းအပြင်လုပ်သားဈေးကွက်တွင် ခွဲခြားသတ်မှတ်ခြင်းခံရပြီး အရေးဆိုနိုင်မှုများ အားနည်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း သီအိုရီအရ ထိခိုက်ဖြစ်ပျက်နိုင်ခြေ စွမ်းရည်အား ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုခွင့် ပြုထားပါသည်။ ထိခိုက်ဖြစ်ပျက်နိုင်ခြေနှင့် ဆက်စပ်သော အကြောင်းအရာများကို ပုံမှန်အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လွတ်လပ်သောအတွေးအခေါ် များနှင့် ပဋိပက္ခများ၏ အရေးကြီးမှုကိုမှတည်၍ အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ (တာရှည် ဆင်းရဲမှုအစီအစဉ် Website) အရင်းအမြစ်များကို စီမံထိန်းသိမ်းခွင့်အာဏာခွဲဝေရာတွင် အမျိုးသမီးများ၏ အားနည်းချက်ကို အဓိကအကြောင်းပြု၍ ပဋိပက္ခ ဖြစ်ကြပါသည်။ (ဒီလီနှင့်ဘောက်ရာစ် ၂၀၀၁)

## ၂. ၂. ၂။ ကြိုတင်ပြင်ဆင်မှု

ကြိုတင်ပြင်ဆင်မှုဆိုရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံချက် ပြုလုပ်ခြင်းနှင့် ဘေးအန္တရာယ်ဖြစ်သည့် နေရာတွင် ကယ်ဆယ်ရေးဆောင်ရွက်ရန်လိုအပ်သည့် သယံဇာတအရင်းအမြစ်များစုပုံခြင်း တို့ပါဝင်ပါသည်။ ဥပမာအားဖြင့် ဘေးအန္တရာယ်ဖြစ်ပွားမှုအပေါ် လိုက်၍ အရေးပေါ်စီမံချက်များ ကြိုတင်ပြင်ဆင်ခြင်း၊ လိုအပ်သောကုန်ပစ္စည်းများ စုပုံသိုလှောင်ခြင်း တို့ပါဝင်ပါသည်။

ရင်းအပြင် ဘေးအန္တရာယ်မကျရောက်မီ ထူးခြားသည့် စာရင်းဇယားများကောက်ယူခြင်း၊ ထုံးစံအားဖြင့်ဘေးအန္တရာယ် ကြိုတင်ခန့်မှန်းသတိပေးခြင်း၊ စိုးရိမ်ထိတ်လန့်မှု ကြုံတွေ့နေသောကာလတွင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း၊ အချိန်တိုအတွင်း အထောက်အပံ့ပြုနိုင်ခြင်း တို့ပါဝင်ပါသည်။ (ပုံစံအားဖြင့် ဘေးအန္တရာယ်စီမံချက် ကြိုတင်ပြင်ဆင်ခြင်း၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များအား အတည်ပြုခြင်း၊ ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများအား ရေးဆွဲခြင်း၊ အစားအသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများအား စုပုံသိုလှောင်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အဖွဲ့အား လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သော ကိရိယာတန်ဆာပလာပစ္စည်းများ တပ်ဆင်ခြင်းတို့ ပါဝင်ပါသည်။)
(တွစ်-၂၀၀၁)

## ၂. ၂. ၃။ တုံ့ပြန်မှု

တုံ့ပြန်မှုဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ပြီးနောက် အရေးယူဆောင်ရွက်ချက်ကို ဆိုလိုပါသည်။ အဆိုပါဆောင်ရွက်ချက်များတွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့ဝင်များနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များ၏ ဘေးအန္တရာယ်ကျရောက်နေစဉ်နှင့်ကျရောက်ပြီးစအချိန် လှုပ်ရှားဆောင်ရွက်မှုများပါဝင်ပါသည်။ ဤသတ်မှတ်မှုသည် ကွပ်ကဲရေးရုံးခန်းဖွင့်လှစ်ခြင်း၊ အရေးပေါ်စီမံချက်များ ဆောင်ရွက်ခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်း

စသော ဘေးအန္တရာယ်ကပ်မျိုးစုံကို တုံ့ပြန်သည့် ပထမအဆင့် လုပ်ငန်းစဉ်များပါဝင်ပါသည်။

### ၂. ၂. ၄။ အခြေအနေ ပြန်လည်ထိန်းသိမ်းတည်ဆောက်ခြင်း

အခြေအနေပြန်လည် ထိန်းသိမ်းတည်ဆောက်ခြင်း ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ သဘာဝဘေးအန္တရာယ် မကျရောက်မီ အခြေအနေသို့ပြန်လည်ရောက်ရှိစေရန် ပြန်လည် တည်ဆောက်ရသည့် ရေရှည်လုပ်ငန်းစဉ်များ အကျုံးဝင်လျက်ရှိပါ သည်။ ၎င်းသည် အနာဂတ်ကာလတွင် ပျက်စီးဆုံးရှုံးထိခိုက်နိုင်မှု အခြေအနေအား လျှော့ချနိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်မှုကို သက်သာစေသည့် လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ ၎င်းတို့မှာ တောင့်တင်းခိုင်မာသည့် အဆောက်အအုံများ ဆောက်လုပ်ရန် ပြဋ္ဌာန်းခြင်းနှင့်အန္တရာယ်ရှိသောမြေနေရာ အသုံးချမှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းတို့ပါဝင်သည်။ အတိတ်ကာလ၌ ကြိုတင် ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို အခြေပြု၍ ဆောင်ရွက်ခဲ့သဖြင့် ဘေးအန္တရာယ်ဒုက္ခနှင့် စပ်လျဉ်း၍ အကျိုးတရားများကို (ကနေဒါနိုင်ငံတွင်) ခံစားနိုင်ခဲ့ပါ သည်။

### ၂. ၂. ၅။ သက်သာစေမှု

အင်အားရှိသည့် သဘာဝဘေးအန္တရာယ်များ၏ အကျိုးသက်ရောက်မှုကို အနိမ့်ဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း

ပင်ဖြစ်သည်။ ဤလုပ်ငန်းစဉ်များတွင် အကောင်အထည်မြင်နိုင်သည့် ရေလွှမ်းမိုးမှုကို ကာကွယ်သည့် တာတမံတည်ဆောက်မှုများ၊ တောင့်တင်းသည့်အဆောက်အအုံများ ဆောက်လုပ်ခြင်း တို့အပြင် အကောင်အထည်မမြင်ရသည့် လေ့ကျင့်သင်ကြားခြင်းများ၊ မြေအသုံးချမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဥပဒေများပြဋ္ဌာန်းခြင်း၊ စီးပွားရေးလည်ပတ်မှုယန္တရားများနှင့် လူထုအားတိုးမြှင့်၍ အသိပေးခြင်း လုပ်ငန်းများလည်း ပါဝင်ပါသည်။ သက်သာစေမှု လုပ်ငန်းအား ဘေးအန္တရာယ်မကျရောက်မီကျရောက်ဆဲနှင့် ကျရောက်ပြီး ကာလများတွင် အချိန်မရွေးဆောင်ရွက်နိုင်ပါသည်။

## ၂. ၂. ၆။ ဘေးအန္တရာယ်ရှိမှု

ဘေးအန္တရာယ်ရှိမှုဆိုသည်မှာ လူသားတို့နှင့် ၎င်းတို့ပိုင်ဆိုင်သည့် အထောက်အပံ့ပစ္စည်းများအား ထိခိုက်စေနိုင်သည့် ရွမ်းအင်ပင်ဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ဘေးအန္တရာယ်ဆိုသည်မှာ သဘာဝအလျောက် (ဥပမာ- မြေလျှင်ဘေး၊ မိုးခေါင်မှု) နှင့် လူတို့၏ပယောဂကြောင့် (ဥပမာ-စက်မှု ဆိုင်ရာမတော်တဆဖြစ်မှု) တို့ကြောင့် ပေါ်ပေါက်နိုင်ပါသည်။

## ၂. ၃။ ဆင်းရဲမွဲတေမှုနှင့်သဘာဝဘေးအန္တရာယ်များ

ဆင်းရဲမွဲတေမှုဆိုသည်မှာ စားသုံးမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၏ မလုံလောက်မှုကို ဆိုလိုပါသည်။ ဆင်းရဲသားများ၏ ငွေကြေးသံများ ပေါ်ထွက်လာမှုသည်

အနာဂတ်အတွက် စိုးရိမ်ခြောက်လှန့်ဖွယ်ရာများပင်ဖြစ်ပါသည်။ ပဋိပက္ခပြဿနာများသည် အချိန်မရွေးပေါ် ပေါက်လာနိုင်ပြီး မည်သူလာရောက် ကယ်ဆယ်မည်ကိုမှ မသိရှိနိုင်ပေ၊ ဘေးအန္တရာယ်များနှင့် အတူတကွနေထိုင်ခြင်းသည်ပင်လျှင် ဆင်းရဲသားများ၏ ဘဝအစိတ်အပိုင်း ဖြစ်နေပါသည်။ များသောအားဖြင့် ဆင်းရဲသားများသည်ပို၍ ဘေးဒုက္ခကျရောက်လွယ်သော လူ့အသိုက်အဝန်းအကြားတွင် နေထိုင်ကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်များပြားလှသော အန္တရာယ်များကြားတွင် တည်ရှိနေ၍ဖြစ်ပါသည်။ သူတို့၏ဝင်ငွေနည်းပါးမှုသည် ပစ္စည်းဥစ္စာပိုင်ဆိုင် စုဆောင်းနိုင်မှုကို လျော့ကျစေပါသည်။ သဘာဝအန္တရာယ်များ ကျရောက်သောအခါ ဤအချက်သည် အဆိုပါ ပြဿနာအား ရင်ဆိုင်နိုင်မည့်စွမ်းရည်များကို ကန့်သတ်သည့် ကန့်သတ်ချက်များဖြစ်စေပါသည်။

ဆင်းရဲမွဲတေမှုသည် တတ်သိလိမ္မာမှုနိမ့်ကျမှုပေါ်တွင် အခြေပြုနေပြီး အတတ်ပညာများ သင်ယူမှုကိုလည်း နိမ့်ကျစေပါသည်။ ဆင်းရဲမွဲတေမှု ထောင်ချောက်အတွင်း ကျဆင်းနေသော ၎င်းတို့၏ ပျက်စီးဆုံးရှုံးလွယ်မှုနှင့် ဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်မှုစွမ်းရည်သည် အတတ်ပညာသင်ကြားမှု အရေအတွက်နှင့် အရည်အသွေးကိုနိမ့်ကျစေပြီး ဝင်ငွေနည်းပါးစေမှုကိုလည်း ဦးတည်လျက်ရှိပါသည်။ ဤအချက်သည် ဆင်းရဲ မွဲတေမှုနှင့် ထိခိုက်ပျက်စီးလွယ်မှုတို့သည် ခွဲခြမ်းစိတ်ဖြာမှုကို ချဉ်းကပ်ရာတွင်

အတတ်ပညာတတ်သိလိမ္မာမှု အပေါ်မူတည်၍ ချဉ်းကပ်သည့် စိတ်ဝင်စားဖွယ်အချက်ဖြစ်သည်။ တတ်သိလိမ္မာမှု ကို အခြေပြု၍ ချဉ်းကပ်နည်းကို တတ်သိလိမ္မာမှု၏ ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အန္တရာယ်ကိုနည်းလမ်းအသွယ်သွယ်ဖြင့် ရင်ဆိုင်ရာတွင် တတ်သိလိမ္မာမှုအားအသုံးပြုမှုနှင့် အကျိုးသက်ရောက်မှုတို့ကို လေ့လာရာတွင် အသုံးပြုပါသည်။ ဘေးအန္တရာယ်အရင်းအမြစ်၏ ဆိုးကျိုးသည် တတ်သိလိမ္မာမှု၏ တန်ဖိုးနှင့် ထုတ်လုပ်မှုများ (တန်ဖိုးနှင့်ထုတ်လုပ်မှုပုံစံအမျိုးမျိုးအပါအဝင်) ပါဝင်သော အသုံးအဆောင်ပစ္စည်းများ အပေါ်သို့ သက်ရောက်လျက်ရှိပါသည်။ (မိုဆာ-၁၉၈၈)

## ၂. ၄။ ကျွမ်းကျင်လိမ္မာမှုကို အခြေခံ၍ ကာယဆယ်ရေး ဆောင်ရွက်ရန် ချဉ်းကပ်ခြင်း

ဆင်းရဲမွဲတေမှုသည် ဝင်ငွေပေါ်မူတည်၍ မှတ်ယူနိုင်သော်လည်း ၎င်းတို့အတွက် အရေးကြီးသော အသက်မွေးဝမ်းကျောင်းအတတ်ပညာတန်ဖိုးအပေါ် မူတည်နေကြောင်း ကျယ်ပြန့်စွာစဉ်းစားခြင်းဖြင့် မှတ်ယူနိုင်ပါသည်။ ဆင်းရဲမွဲတေမှုသည် ရုပ်ပိုင်းဆိုင်ရာ အခြေအနေ၊ ငွေရေးကြေးရေး အခြေအနေ၊ လူမှုရေးနှင့် ပတ်ဝန်းကျင်များဆိုင်ရာ အခြေအနေများ ပါဝင်သည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာတန်ဖိုးအဆင်ပြေနေမှုကိုလည်း ပြောင်းလဲပစ်နိုင်ပါသည်။ အဆိုပါတန်ဖိုးတွင် ဖြစ်တည်နိုင်စွမ်းရှိသည့် ကျယ်ပြန့်သောအရင်းအမြစ်များ ဘေးအန္တရာယ်

ပြဿနာကို ဖြေရှင်းရန်အတွက် အချိန်မီလိုအပ်မည့် ရုပ်ဝတ္ထုများ၊ လူမှုရေးလိုအပ်ချက်များ၊ တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် လိုအပ်မည့်အရာများ ပါဝင်ပါသည်။ (နှဟာရမ်း- ၂၀၀၀) ကယ်ဆယ်ခြင်းနည်းလမ်းတွင် အဓိကထုတ်ပြန်ရမည့်အချက်မှာ လူ့ဒုက္ခခံ ... ထောက်ပံ့မည့်သူများ၏ကြွယ်ဝမှု (တိုးတက်လာမည့် တန်ဖိုးများစသည်) နှင့် ဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် အသုံးပြုသည့် ဒေသသုံးကုန်ပစ္စည်းများ ပါဝင်ရမည်ဖြစ်သည်။ လူတစ်စု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုံခြုံမှုအခြေအနေကို လေ့လာရာတွင် လူမှုဘဝဆိုသောဝေါဟာရ၏ ယခင်မူလအဓိပ္ပာယ်ကို အခြေခံ၍ ဤကဲ့သို့ ချဉ်းကပ်လေ့လာနိုင်ပါသည်။ စွမ်းဆောင်နိုင်မှုပစ္စည်းများ (သိုလှောင်ရေးဌာနများ၊ အရင်းအမြစ်များ၊ သတင်းနှင့် ချဉ်းကပ်ရာလမ်းကြောင်းများ) နှင့် လူနေမှုရှင်သန်ရေးဆိုင်ရာ လိုအပ်သောဆောင်ရွက်ချက်များကို ဆိုလိုပါသည်။ ယခုအခါ လူမှုအဖွဲ့အစည်း အတွင်းနှင့်အပြင်တို့တွင် လူ့အဖွဲ့အစည်းနှင့်စပ်လျဉ်းသည့် လူမှုရေး၊ ဓလေ့ထုံးစံနှင့် နိုင်ငံရေးကိစ္စတို့ ဆက်နွယ်ဆောင်ရွက်မှုများကို ပို၍အလေးပေး ဆောင်ရွက်လာကြပါသည်။ (မိုဆာ ၁၉၉၈၊ ဘောက်ပန်းနှင့် ဆင်ဟာ ၂၀၀၁) (ဥပမာအားဖြင့်-လိင်မှုဆိုင်ရာပတ်သက်မှု၊ လူမှုရေး နှောင်ဖွဲ့မှုနှင့် ကွန်ရက်များ၊ လူ့အဖွဲ့အစည်း၏ ညီညွတ်မှု၊ လုပ်ပိုင်ခွင့်အာဏာ ပါဝင်ဆောင်ရွက်သော အသင်းအဖွဲ့များနှင့် စုဖွဲ့ ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုများတို့ဖြစ်ပါသည်။)

## ၂. ၄. ၁။ ခံစားပိုင်ခွင့်များနှင့်ကယ်ဆယ်ခြင်းလုပ်ငန်းများ

ချမ်းသာကြွယ်ဝမှုသည် သီးခြားသတ်မှတ်ထားသည့် အန္တရာယ်များကို ကျော်လွှားနိုင်မည့် အစီအမံများကို ထူးခြားစွာ ပေးချေဝယ်ယူနိုင်မှုပြုနိုင်ပါသည်။ (ဥပမာ- ဝေလျှင်ဘေးအန္တရာယ် ဇုန်အတွင်း၌ ငလျင်ဒဏ်ခံ ကြံ့ခိုင်သောအိမ်များဆောက်လုပ်ခြင်း) ငွေအမြင်ပစ္စည်းများနှင့် ငွေများပေးဝေခြင်းသည်လည်း ဆက်နွယ် နေသော ဘေးအန္တရာယ်ကို လျော့ပါးသက်သာစေပါသည်။ ပစ္စည်းများဝေငှခြင်းသည် တစ်နည်းအားဖြင့် အခွင့်အရေးပိုင်ဆိုင်မှုသဘောကို လွှဲပြောင်းပေးခြင်းပင်ဖြစ်ပါသည်။ အခွင့်အရေးပိုင်ဆိုင်မှုသည် လောလောဆယ်ဝင်ငွေလမ်းကြောင်းကို အထောက်အကူမပြုသော်လည်း လူနေမှုဘဝတန်ဖိုးအမျိုးမျိုး (အခြေခံလိုအပ်ချက်များ၊ လူနေမှုဘဝ လုံခြုံရေးအခြေအနေနှင့် သက်ဆိုင်သည်များစသည့်) ကို ရှေးရှုနိုင်သည့် အခွင့်အလမ်းများကိုမူ ထောက်ပံ့ပေးပါသည်။ ခံစားပိုင်ခွင့်များကို ချဉ်းကပ်ခြင်းသည် ဖြစ်လတ္တံ့နှင့် ဖြစ်ပျက်နေသော ဝေမှတ်မှုများကို ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းအမျိုးမျိုး၏ ယခင်ကအသုံးပြုခဲ့သောနည်းလမ်းများအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထောက်အကူပြုပါသည်။ ခံစားပိုင်ခွင့်များကို (အမေတ်ကြရဆင်းနှင့် ဒွဲဆိုင် ၁၉၉၀) တို့မှ အောက်ပါအတိုင်း အသေးစိတ်သတ်မှတ်ထားပါသည်။ ဈေးကွက်ဆိုင်ရာခံစားပိုင်ခွင့် (ရောင်းဝယ်ဖောက်ကားနိုင်သည့် အင်အားနှင့်အစားအလုပ်အကိုင်များခန့်ထားမှု) တိုက်ရိုက်

ခံစားခွင့်များ (ထပ်ဆင့်ထုတ်လုပ်ခွင့်၊ အသုံးအဆောင်များ ထုတ်လုပ်သည့်အလုပ်)၊ လူထုခံစားပိုင်ခွင့်များ (အစိုးရ၏ လွှဲပြောင်းပေးမှုများ၊ အခြေခံအဆောက်အအုံများ)၊ လူ့ကျင့်ဝတ်ဆိုင်ရာ ခံစားခွင့်များ (ဒေသခံအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ) နှင့် ခွင့်ပြုထားသည့် ဥပဒေပိုင်းဆိုင်ရာ ခံစားခွင့်များဟူ၍ သတ်မှတ်ထားပါသည်။

ခံစားပိုင်ခွင့်များ ခွဲဝေပေးခြင်းသည် သဘာဝဘေးအန္တရာယ်များပေါ်ပေါက်မှုနှင့် ဆက်နွယ်လျက်ရှိပါသည်။ ဥပမာအားဖြင့် ၁၉၇၆ ခုနှစ် ဂွာတီမာလာငလျင်ကြီးတွင် လူပေါင်း ၂၂၀၀၀ သေကျေပျက်စီးခဲ့ပါသည်။ ၎င်းတွင် အဆိုပါသေကျေမှုသည် လူဦးရေအားလုံးပေါ်တွင် တစ်သမတ်တည်း မကျရောက်ဘဲ ဆင်းရဲသားအများစုပေါ်တွင် တစ်ဖက်စောင်းနင်းကျရောက်ခဲ့ပါသည်။ (အထူးသဖြင့်ပျက်စီးလွယ်သော အဆောက်အအုံအစုအဝေးအား မြေငလျင်၏သက်ရောက်မှုကိုဆိုလိုသည်) ထို့ကြောင့် အဆိုပါမြေငလျင်ကြီးကို **"အဆင့်အတန်းခွဲခြားသောငလျင်"** အဖြစ်သတ်မှတ်ဖော်ပြခဲ့ကြပါသည်။

### ၂.၄.၂။ အန္တရာယ်အပေါ်အခြေခံသည့် ကယ်ဆယ်ရေး လုပ်ထုံးလုပ်နည်း

(ဒေးဗီးစ် ၁၉၉၆ )မှ ကြိုတင်၍စွန့်စားခြင်းနှင့် ကြိုတင်၍နေရာယူခြင်းတို့အကြား၌ ကယ်ဆယ်ရေးဆိုင်ရာ

မဟာဗျူဟာကို ခွဲခြားသတ်မှတ်ခဲ့ပါသည်။ သူမသည်တုန်လှုပ်မှု မပေါ်ပေါက်မီကြိုတင်စွန့်စားခြင်းဟူ၍ ထပ်တူပြုတင်စားခဲ့ခြင်း ဖြစ်ပါသည်။ ကြိုတင်၍ နေရာယူသည့် မဟာဗျူဟာမှာ တုန်လှုပ်ချောက်ချားမှုဖြစ်စဉ်ကို တုံ့ပြန် ဆောင်ရွက်သည့် နည်းလမ်းဖြစ်ပါသည်။ ရေရှည်ကာလတွင် လူထုသည် ချမှတ်ထားသည့် မဟာဗျူဟာများနှင့်အညီပိုမို၍ လိုက်လျောညီထွေ ပြုမူလာနိုင်ကြမည်ဖြစ်ပါသည်။ လိုက်လျောညီထွေ ကျင့်သုံးမှု မဟာဗျူဟာသီအိုရီသည် လူ့ဘောင်လောက၏ တွေးခေါ်မြော်မြင်မှု မဏ္ဍိုင်အဖြစ် အစဉ်ဖြစ်တည်နေလိမ့်မည် ဖြစ်ပါသည်။ ဤအရာသည် အဆင့်အတန်း၊ အသက်အရွယ်၊ လိင်၊ လူမျိုးစုအနွယ်နှင့် မသန်မစွမ်းမှုများကိုအခြေခံ၍ ခွဲခြား သတ်မှတ်မှု၏ အရင်းခံအဖြစ်ပြောင်းလဲတည်ရှိမည်ဖြစ်ပါသည်။

## ၂. ၄. ၃။ ဘေးအန္တရာယ်ကယ်ဆယ်ရေးမဟာဗျူဟာ

(အနီးဂုပ္ပတားနှင့် ဗီရေးပရာတပ်ဆင်း) တို့သည်ကွဲပြားခြားနားသော ဘေးအန္တရာယ်ကယ်ဆယ်ရေး မဟာဗျူဟာများ၏ အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ အာမခံထားသည့်အရာများ၊ တားဆီးကျော်လွှားသည့် အချက်များကို စုံစမ်းလေ့လာခဲ့ ကြပါသည်။ ၎င်းတို့မှာပုဂ္ဂလိက (သို့) (နှင့်) လူထု၏မစုဆောင်းနိုင်မှု၊ ချေးငှားမှု၊ လွှဲပြောင်းလက်ခံမှုစသည်အချက်များဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်တွေ့မျက်မြင် အတွေ့အကြုံအရ လွှဲပြောင်းမှုများသည်

အနုတ်လက္ခဏာဆောင်သော ထိတ်လန့်မှုများအတွက် အကျိုးမရှိကြောင်းနှင့် အထူးသဖြင့် ပူးတွဲနေထိုင်သူများ၏ အသုံးအဆောင်များကိစ္စတွင် ပိုဆိုးကြောင်း ဖော်ပြထားပါသည်။ အလားတူပင် အန္တရာယ်ကယ်ဆယ်ရေးဆိုသည်မှာ မြေလျှောကဲ့သို့သော သဘာဝကြောင့် ဆုံးရှုံးမှုများကို အထူးပြုနေကြောင်း လေ့လာတွေ့ရှိခဲ့ကြပါသည်။ ဥပမာအားဖြင့် ပစ္စည်းဥစ္စာများ အနည်းငယ်ပျက်စီးဆုံးရှုံးမှုအတွက် ရရှိသော နစ်နာကြေးများအဖြစ် မလုံလောက်မှုများအား အသုံးချခဲ့ကြသဖြင့် အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုများကြားတွင် အိမ်အသုံးဆောင်ပစ္စည်းများ ချေးငှား အသုံးပြုမှုသည် ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့ပါသည်။ ချို့တဲ့မှုမှစတင်၍ ချေးငှားခြင်းသို့ပြောင်းလဲသောဖြစ်စဉ်သည်အန္တရာယ်ဖြေရှင်းမှု အတိုင်းအတာကြီးစဉ်အား ဖော်ဆောင်ပြသခြင်းပင်ဖြစ်ပါသည်။

## ၂. ၄. ၄။ အတူနေလူစုဖြင့် ဆောင်ရွက်သည့်ကယ်ဆယ်ရေး မဟာဗျူဟာ

(လက်စ်မရုပ်နှင့်ဗီဂျေးအရာဂဝင် ၂၀၀၃) တို့သည် ရှိသည့်လူစုကို အစားထိုးအသုံးပြု၍ ကယ်ဆယ်ရေးဆောင်ရွက်သည့် မဟာဗျူဟာများအရ တွေ့ကြုံခဲ့ရသည့်အခြေနေဆိုးများကို လေ့လာခဲ့ကြပါသည်။ ထိုကဲ့သို့လေ့လာရာတွင် အန္တဟာပရာဒက်ပြည်နယ်နှင့် ရာဂျက်စ်သန်ပြည်နယ်တို့မှာ လတ်တလော မိုးခေါင်ခဲ့သောနှစ်များကို ခံစားခဲ့ရသည့်ကျေးရွာ ၃၀ စီမှ အချက်အလက်များကို အသုံးပြုခဲ့ကြပါသည်။ အန္တဟာပရာဒက်

ပြည်နယ်တွင် ယေဘုယျအားဖြင့် ကယ်ဆယ်ရေးမဟာဗျူဟာ အများစုမှာငွေကြေး (သို့) အစားအစာကို အိမ်နီးနားချင်းများထံမှ ချေးငှားခြင်း၊ ဈေးပေါသောအစားအစာများကို ဝယ်ယူအသုံးပြု ခြင်းနှင့် အစားအစာစားသောက်မှု အကြိမ်လျှော့ချခြင်းတို့ ကျင့်သုံးခဲ့ကြပါသည်။

ဂူဂျာရတ်ပြည်နယ်တွင်လည်း ဈေးပေါသောအစား အစာများကို ဝယ်ယူအသုံးပြုခြင်း၊ အိမ်နီးနားချင်းများထံမှ ငွေကြေး (သို့) အစားအစာများ ချေးငှားခြင်း၊ စားသောက်မှုနှုန်းထား လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် အစားအသောက်နှင့် ငွေကြေးစုဆောင်းခြင်းတို့သည် အဓိကမဟာဗျူဟာဖြစ်လာ ပါသည်။ ရာဂျက်စ်တန်ပြည်နယ်တွင် အသုံးပြုသည့် မဟာဗျူဟာ မှာလည်း အလားတူဖြစ်ပြီး အနည်းငယ်သာ ပြောင်းလဲမှုရှိပါသည်။ ၎င်း လေ့လာမှုတွင် မိုးခေါင်မှုဒဏ်ခံပြည်သူများသည်များသော အားဖြင့် ပစ္စည်းများချေးငှားခြင်း၊ သိုလှောင်စုဆောင်းထားသည် များကို ထုတ်ယူသုံးစွဲခြင်း၊ စားသောက်မှုနှုန်းထားလျှော့ချခြင်း၊ ဈေးပေါသော အစားအစာများကို ပြောင်းလဲသုံးစွဲခြင်း၊ မိုးခေါင်မှု ဒဏ်ကိုဆိုးရွားစွာ ခံစားနေရမှုမှ လွတ်မြောက်ရန် နေရာပြောင်းရွှေ့ ခြင်းတို့ ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ပြဿနာအများစုမှာ ရေအသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့စပ်လျဉ်းသည့် ပြဿနာများ ဖြစ်ပါသည်။ ၎င်းတို့တွင် ရေနှင့်ပတ်သက်၍ အခွင့်အရေးဆုံးရှုံးမှုများ မြင့်တက်လာပြီး ရေအရင်းအမြစ်များအား အလွန်အကျွံထုတ်ယူ

အသုံးပြုခြင်း၊ ရေတွင်းရေကန်များ လျော့နည်းခန်းခြောက်လာခြင်းတို့ ပါဝင်ပါသည်။ ကျေးလက်လူမှုအဖွဲ့အစည်းများ၏ ဘဝရှင်သန်ရေးအတွက် သီးနှံတစ်ခုတည်းကိုသာ သတ်မှတ် စိုက်ပျိုးသောစနစ်သည် မှားယွင်းကြောင်း ဖေါ်ပြခဲ့ကြပါသည်။ ထို့ကြောင့်အမှန်တကယ်တွင် လူမှုအဖွဲ့အစည်း မဟာဗျူဟာများသည် မှတ်ယူထားသည်ထက်ပို၍ ရှုပ်ထွေးမှုရှိကြောင်း သိရှိရပါသည်။

## ၂.၄.၄။ ကယ်ဆယ်ရေးနည်းလမ်းများ၏ကွဲပြားခြားနားမှုများ

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်း၏ အနိမ့်ဆုံးအဆင့်အနေဖြင့် အောက်ပါကိစ္စရပ်များအား ရင်ဆိုင်နေရပါသည်-

ပုံစံအမျိုးမျိုးပျံ့နှံ့ဖြစ်ပေါ်နေသည့် လုပ်အားခအပေါ်မကျေနပ်ချက်များ အချိန်တိုအတွင်းပပျောက်သွားအောင်ဆောင်ရွက်နိုင်ရေးမိသားစု (သို့) တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေးအတွက် မျှော်လင့်ချက်အချို့အလုပ်များများလုပ်၍ ဝင်ငွေများရလိုသည့် အစွန်းရောက်စိတ်ထားများ၊ ပြည့်စုံလုံလောက်သောဝင်ငွေရရှိသည့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရန်အတွက်ယုံကြည်ချက်အနည်းငယ်၊ တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိစေရန်ရည်ရွယ်သည့် အစိုးရမူဝါဒကို အားကြိုးမာန်တက် တောင်းဆိုနေမှု၊ ဆင်းရဲမှုတိုက်ဖျက်ရေး နည်းလမ်းဖြစ်သည့် အနိမ့်ဆုံးလုပ်ခ

အပေါ် အာမခံသည့်မူဝါဒ အပေါ်ကျယ်ပြန့်သည့် လက်ခံမှုတို့ ပါဝင်ပါသည်။ (အလက်ဇန္ဒား မက်သရွ ၁၉၉၇)

## ၂.၅။ ကွပ်ချ်-ကြားအန္တရာယ်အသွယ်သွယ်၏သမိုင်း ဖြစ်စဉ်

ကွပ်ချ်ခရိုင်သည် အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံးခရိုင် တစ်ခုဖြစ်ပြီး ဂူဂျာရတ်ပြည်နယ်၏ အနောက်မြောက်ပိုင်း၌ တည်ရှိ၍ ၄၅၆၅၂ စတုရန်းကီလိုမီတာကျယ်ဝန်းပါသည်။ အဆိုပါဒေသသည်ဆိုက်စမစ် တိုင်းတာမှုအရ အိန္ဒိယနိုင်ငံ၏ ဘေးအန္တရာယ် အဆင့်အမြင့်ဆုံးဒေသဖြစ်ပြီး ၁၈၁၉၊ ၁၈၄၅ နှင့် ၁၉၅၆ ခုနှစ်တွင် အဓိကငလျင်ကြီးများ လှုပ်ခတ်ခဲ့ပါသည်။ ၎င်းပြင် မိုးခေါင်လွယ် သော ဇုန်အတွင်းကျရောက်ပြီး အနီးစပ်ဆုံးခန့်မှန်း ချက်အရ ငါးနှစ်လျှင် နှစ်နှစ် မိုးခေါင်လေ့ရှိပါသည်။ ၎င်းအပြင် ၁၉၉၈ မှ ၂၀၀၃ ခုနှစ်အတွင်းတွင် ဆိုင်ကလုန်းမုန်တိုင်း ပုံမှန် ကျရောက်ခဲ့ပါသည်။ မိုးရွာသွန်းမှုပုံစံပြောင်းလဲမှုနှင့် ခေတ်မီရေ အသုံးချမှု ဆိုင်ရာ စီမံခန့်ခွဲမှု နှင့်တိုးတက်လာသည့် စိုက်ပျိုးရေး လုပ်ငန်းတို့ကြောင့် မိုးခေါင်မှုအန္တရာယ်သည်ဒေသအတွင်း၌ တိုးတက်လာခဲ့ပါသည်။ ၎င်းတို့ထဲတွင် မြေအောက်ရေအရင်း အမြစ်များ လျော့နည်းလာခြင်း၊ ကုန်းမြေများဆားပေါက် ခြင်းနှင့် သဲကန္တာရများ ကျယ်ပြန့်လာခြင်းတို့သည် မိုးခေါင်မှုကို ဆက်လက် ဖြစ်ပေါ်စေလျက်ရှိပါသည်။

ဂူဂျာရတ်ပြည်နယ် အန်ဂျာ(ကွပ်ချ်)တွင် ၁၈၅၆ ခုနှစ်ကတုန်လှုပ်ခဲ့သော အဓိကလျောင်ကြီးသည် ရစ်ချ်တာစကေး (၇) ရှိခဲ့သော်လည်း ဒေသခွဲတစ်ခုတည်းကိုသာ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ပါသည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်လှုပ်ခတ်ခဲ့သောလျောင်နှင့် နှိုင်းယှဉ်ကြည့်ပါက ပြည်နယ်အတွင်းရှိခရိုင် ၂၅ ခု အနက် ၂၁ ခုတွင်ထိခိုက်မှုရှိခဲ့ပြီး ကွပ်ချ်ခရိုင်တွင် အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့သည်ကိုတွေ့ရှိရပါသည်။ ၎င်းလျောင်ကြောင့် သေကျေခဲ့သောလူဦးရေ ၉၀ ရာခိုင်နှုန်းနှင့် ပျက်စီးဆုံးရှုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ကွပ်ချ်ပြည်နယ်မှဖြစ်ခဲ့ပါသည်။ ၎င်းပျက်စီးဆုံးရှုံးမှုများသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆားထုတ်လုပ်ရေးနှင့် ကွပ်ချ်ပြည်နယ်၏ အထင်ကရ လက်မှုလုပ်ငန်းတို့တွင်ဖြစ်ပြီး တစ်ပြည်လုံး၌ တိုက်ရိုက် ပျက်စီးဆုံးရှုံးမှု တန်ဖိုးသည် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရှိကြောင်း ခန့်မှန်းချက်တစ်ခုအရ သိရှိရပါသည်။ (ယူအင်ဒီပီ ၂၀၀၁ ခုနှစ်၊ အစီရင်ခံစာ၏ စာမျက်နှာ ၃) အိန္ဒိယပလိပ် (ကျောက်ချပ်လွှာ) ပေါ်တွင် လွန်ခဲ့သော ရာစု (၂) ခုအတွင်း မြေငလျင်ဒဏ်ကြောင့် မတော်တဆမှု တစ်သိန်းကျော် ဖြစ်ပွားခဲ့ပါသည်။ ၁၈၀၀ ပြည့်နှစ် မတိုင်မီက သမိုင်းမှတ်တမ်းများ ပြီးပြည့်စုံမှုမရှိဘဲ ပြီးခဲ့သည့် ထောင်စုနှစ်များအတွင်း၌ ဆဟုဂျ်အဖြစ်အပျက်ကဲ့သို့ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့် အဖြစ်အပျက်မျိုးကို မှတ်တမ်းတင်ထားခြင်းလည်း မရှိခဲ့ကြောင်း တွေ့ရပါသည်။ (ဗိုင်ရင်ဂျာနှင့် ရှာမ - ၁၉၉၈)

## ၂. ၆။ ကွပ်ချ်အဖြစ်အပျက်အပေါ် လူမှုရေးနှင့် စီးပွားရေးအမြင်

### ၂. ၆. ၁။ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

ကွပ်ချ်ခရိုင်သည် အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံးခရိုင်ဖြစ်ပြီး ကာရာလာပြည်နယ်ထက် ကြီးပါသည်။ လူဦးရေထူထပ်မှုနည်းပါးပြီး ၎င်းခရိုင်၏ လူဦးရေတစ်သန်းသည် ခရိုင်အတွင်းကျဲပါးစွာ ပျံ့နှံ့နေပြီး တစ်စတုရန်းကီလိုမီတာတွင် လူဦးရေထူထပ်နှုန်းမှာ ၂၇ ဦးသာ ရှိပါသည်။ ယင်းအချက်သည် ဒေသ၏ စီးပွားရေးမခိုင်မာမှုကို ညွှန်ပြလျက်ရှိပါသည်။ ၎င်း၏အကျိုးဆက်အဖြစ်တောင်ဘက်ပင်လယ်မှ မြောက်ဘက် သဲကန္တာရသို့ ရှေးရှုတည်ရှိနေသည့်ဒေသကို**"ကစဥ့်ကလျားဖြစ်နေသောဂေဟပိုင်းခြားမှု"**အဖြစ် ဝေါဟာရပြုခဲ့ကြပါသည်။ (ရာမချန်ဒရမ်နှင့်ဆာကျိုး ၂၀၀၀ စာမျက်နှာ ၅) ဂူဂျာရတ်ပြည်နယ်၏ ခြောက်သွေ့သောဒေသ ၃၃ရာနိုင်နှုန်းသည် ကွပ်ချ်ခရိုင်ထဲတွင် ပါဝင်ပြီး ၎င်း၏ ထက်ဝက်ကျော်ရှိသော မြေပြင်သည် ဆားပေါက်သော နွံမြေများဖြစ်ပါသည်။ (the Great and Little Ranns) ၎င်းဒေသ၏ အတွေ့အကြုံအရ ယခုအခါ နှစ်စဉ် အဆိုပါ ဆားမြေပေါက်သည့် နွံဆားလွှာသည် ၃၄၀ မီလီမီတာရှိ(ယူအင်ဒီပီ၏ ၂၀၀၁ အစီရင်ခံစာ စာမျက်နှာ-၃) ပါသည်။ ထို့ကြောင့် ကွပ်ချ်နိုးရာ အိမ်သုံးပစ္စည်းလုပ်ငန်းအပေါ် အခြေပြုသည့် စီးပွားရေးသည် ခြောက်သွေ့သောဒေသစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းနှစ်ခု ပေါင်းစပ်မှုနှင့်ကွဲပြားခြားနားလျက် ရှိပါသည်။

## ၂. ၆. ၂။ လူနေမှုစနစ်ပုံစံ

လူဦးရေအများစု၏ စီးပွားရေးသည် ရိုးရာစိုက်ပျိုးရေး အလေ့အထပေါ်တွင် အခြေပြုနေသဖြင့် ဒေသ၏ဖွံ့ဖြိုးမှုသည် နိုင်ငံတော်၏ စက်မှုဖွံ့ဖြိုးမှု ရာခိုင်နှုန်းထက် ၂ ရာခိုင်နှုန်း လျော့နည်းနေပါသည်။ အဆိုပါနယ်မြေရှိ လူအများသည် သက်ဆိုင်ရာ သေးငယ်သော လယ်ယာမြေများပေါ်တွင် မိုးရေသောက် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ကျွဲနွားများမွေးမြူခြင်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ အသေးစားလက်မှုလုပ်ငန်းများ၊ ဆားထုတ်လုပ်ရေးလုပ်ငန်းများနှင့် မြို့ပြတွင် သွားရောက်လုပ်ကိုင်သူတို့ထံမှ ပေးပို့သော ဝင်ငွေများနှင့် ရပ်တည်နေကြသူများ ဖြစ်ပါသည်။

## ၂. ၆. ၃။ လူမှုရေးနိုးကြားမှု

ကွပ်ချ်ခရိုင်တွင် ဘာသာရေးဆိုင်ရာနှင့် မျိုးနွယ်စုနိုင်ငံရေး အယူအဆများဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါဒေသတွင် အမည်စာရင်းပေါက် မျိုးနွယ်စုနှင့် ဇာတ်ခွဲခြားမှု အရေအတွက်သည် တစ်ပြည်နယ်လုံး၏ ပျမ်းမျှနှုန်းထက် ထူးခြားစွာ အရေအတွက် မြင့်မားလျက် ရှိပါသည်။ သို့သော်လည်း ဂူဂျာရတ် ပြည်နယ်အနေဖြင့်မူ တစ်နိုင်ငံလုံး၏ ပျမ်းမျှနှုန်းနှင့် နှိုင်းစာလျှင် စာရင်းဝင်မျိုးနွယ်စုနှင့် ဇာတ်ကွဲပြားမှုနှုန်းသည် လျော့နည်းလျက် ရှိပါသည်။ (ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးမှုဘဏ်၏ ၂၀၀၁ ခုနှစ် အစီရင်ခံစာ) အဆိုပါ မျိုးနွယ်အဖွဲ့အစည်းများသည် လူမျိုးရေး

(မျိုးနွယ်စုအရေး) အရ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ဖယ်ကြဉ်ခြင်း ခံနေရပါသည်။ အထက်ပါ သမိုင်းကြောင်းဆိုင်ရာ လူမှုရေးဆက်နွယ်မှု၊ အချိန်ကာလနှင့် နေရာဒေသတို့သည် နိုင်ငံတော်၏ ချမှတ်ကျင့်သုံးသော မူဝါဒအပေါ် နိုင်ငံရေး အက်ကြောင်း အမှတ်အသားပင် ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝ ဘေးအန္တရာယ် လွန်မြောက်ပြီးနောက် အခြေအနေများသည်လည်း အလားတူ တင်းမာမှုများကို ပြသနေလိမ့်မည်ဟု မျှော်လင့်ရ ပါသည်။ လက်ရှိလေ့လာမှုများ၏ အစီရင်ခံစာများအရ ဘာသာရေး ကဏ္ဍနှင့် မျိုးနွယ်စုများအပေါ် ကာယ်ဆယ်ရေး ဆောင်ရွက်မှု များအား သမိုင်းကြောင်းအရ ဖိနှိပ်မှုများ၊ မတရားသဖြင့် ဖယ်ကြဉ် ခွဲခြား ဆက်ဆံနေရမှုများကို ဖြစ်ပေါ်စေသဖြင့် ဖွဲ့စည်းပုံဥပဒေအရ မျိုးနွယ်စုများနှင့် ဇာတ်ခွဲခြားမှုများကို အသိအမှတ်ပြုထားခြင်းကို စဉ်းစားလျက် ရှိပါသည်။ (BSE ၂၀၀၁)

## ၂.၇။ အောင်မြင်သည့် ဘေးဒဏ်အလွန် ပြန်လည် ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှု စံချိန် စံညွှန်းများ

အောင်မြင်သော ပြန်လည်ထူထောင်ရေး စီမံကိန်းဆို သည်မှာ ဘေးဒဏ်ကျရောက်ပြီးနောက် ရေရှည်တွင် လူ့အဖွဲ့ အစည်း၏ ဖွံ့ဖြိုးမှုကို အကျိုးပြုသလားဆိုသည့် မေးခွန်းပေါ်တွင် မူတည်ပေသည်။ ပြန်လည်ထူထောင်ခြင်း ဆိုသည်မှာ ထုတ်လုပ်

ရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်သည့်စနစ်နှင့် ၎င်းတို့ ယခင်တည်ရှိခဲ့သည့် ဒေသစီးပွားရေး အခြေအနေအတိုင်း ဘေးဒုက္ခခံစားရသူများအား လူနေမှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှု အနေအထားသို့ ပြန်လည်ရောက်ရှိအောင် စသည့် ဘက်စုံအခွင့်အလမ်းများ ပါဝင်ပါသည်။ ဤလုပ်ငန်း၏ အဓိက ဦးတည်ချက်မှာ ဘေးဒုက္ခခံရသူများအား အချိန်တိုအတွင်း စီးပွားရေးအရ ကိုယ်ပိုင်ရပ်တည်နိုင်ရန်၊ ပြန်လည်ရပ်တည်နိုင်ရန်နှင့် အခွင့်အရေးများ ပေါ်ပေါက် စေရန်တို့အတွက် ထူထောင်ပေးသူများမှ ဆောင်ရွက်ပေးနိုင်ရေးပင် ဖြစ်ပါသည်။ (ပတ်တာဆွန်းဂျင်းနိုင် ၁၉၉၉)

## ၂.၇.၁။ ပိုင်ရှင်ကိုယ်တိုင် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေး

ရေရှည်တွင် အောင်မြင်မှုရရှိရန်အတွက် ပြန်လည်ထူထောင်ရေး အေဂျင်စီများ၏ တာဝန်ဝတ္တရားများကို ထူထောင်သူများကိုယ်တိုင် ဆောင်ရွက်ရန်လွှဲပြောင်းပေးသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ချမှတ်ရလိမ့်မည် ဖြစ်ပါသည်။ အကျိုးရှိပြီး အောင်မြင်သည့် လျှောင်ဒဏ်လွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ယခုထက်ပိုမို၍ ပိုမိုပြီးတောင့်တင်းသည့် ကွန်ကရစ်တုံး (သို့မဟုတ်) ဘိလပ်မြေအိမ်များ တည်ဆောက်ရန် လိုအပ်ပါသည်။ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဘယ်လိုအရေးပါသလဲဆိုခြင်းသည် ဘာ့ကြောင့်၊ ဘယ်လောက်

ဆောင်ရွက်ပြီးပြီ ဆိုသည်ထက်ပို၍ အရေးကြီးပါသည်။ လျှော်ဒဏ်လွှန် ပြန်လည် တည်ဆောက်ရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်သော အခါတွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုကို ချဉ်းကပ်ဆောင်ရွက် ရန်လိုပါသည်။ ၎င်းတို့မှာ အဆိုပါလူများနှင့် စပ်လျဉ်းသည့် ကုန်ပစ္စည်းများ၊ ပြသနာများ၊ အောင်မြင်မှု ရှမ်းရှေည်ကို မြင့်မားစေသည့် အခွင့်အလမ်းများကို ပါဝင်ဆောင်ရွက် နေသည့် လျှော်ဒဏ်ခံလူသားများမှ စီမံကိန်းများရေးဆွဲခြင်း၊ တင်သွင်းခြင်း စသည့်တို့ကို ချဉ်းကပ်ဆောင်ရွက်ရန် ဆိုလိုပါသည်။

## ၂.၇.၂။ ယာယီအဆောက်အအုံများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း

ဤအခန်းသည် အရေးပေါ် အဆောက်အအုံ (သို့မဟုတ်) အမြဲတမ်းမဟုတ်သော အဆောက်အအုံဖြစ်သည့် ပလတ်စတစ်ဖျင် (သို့မဟုတ်) တဲများအကြောင်း ပါဝင်သည့် အနှစ်ချုပ်စာတမ်း ပြုစုခြင်း ကဏ္ဍဖြစ်ပါသည်။ ဥပမာအားဖြင့် ယာယီတဲများသည် ကြွင်းကျန်ရစ် သည့် အပျက်အစီး အစအနများဖြင့် တည်ဆောက်ထားသော ပုံပန်းမကျသည့် အဆောက်အအုံများသာ ဖြစ်ပါသည်။ ယာယီတဲ များဆိုရာတွင် ဘေးအန္တရာယ်ကို ကျော်လွှားရင်ဆိုင်နေရသည့် အခက်အခဲကာလ (သို့မဟုတ်) သဘာဝဘေးဒဏ်ခံလူများ၏ နေအိမ် အခက်အခဲအား ဖြေရှင်းရန် ရှေးရှု ဆောင်ရွက်နေသည့်ကာလတွင် ဘေးဒဏ်ခံ သူတို့အား ပတ်ဝန်းကျင်တွင် လွှတ်လပ်စွာနှင့် သိက္ခာ

ရှိစွာ နေထိုင်နိုင်သော၊ ကျန်းမာရေးနှင့် ညီညွတ်သော၊ လုံခြုံမှု ရှိသော၊ နေထိုင်ရန် သင့်လျော်သော၊ အကာအကွယ်ရှိနေရာ ဖြစ်သော စသည့်အရာများနှင့် ပြည့်စုံသောတဲများ (အဆောက်အအုံများ) ကို ရည်ညွှန်းပါသည်။

## ၂.၈။ တုံ့ပြန်မှုမှသည် ပြန်ပျိုးထောင်ရေးဆီသို့

(ဖရက်ကမ်နီ ၁၉၈၃) က သူ၏လုပ်ငန်းတွင် ဤအတိုင်း ထောက်ခံချက်ပေးထားပါသည်။ ကောင်းမွန်သော ပြန်လည်ထူထောင်ရေးအဆင့် (သို့) အရေးပေါ်လိုအပ်ချက်များနှင့် သက်ဆိုင်သည့် ကိစ္စများအလိုက် ကောင်းစွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ဆောင်ရွက်မှု (သို့) အရှိန်မြှင့် ဆောင်ရွက်မှုကို လိုအပ်ချက်အလိုက် ပြောင်းလဲဆောင်ရွက်နိုင်ရမည်ဟု အလေးအနက်ဖော်ပြထားပါသည်။ ကန်နီက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး သင်ခန်းစာများအား အနှစ်ချုပ်ဖော်ပြရာတွင် ဆင်းရဲမွဲတေမှု ကာကွယ်ရေးဆိုင်ရာ လူ့အဖွဲ့အစည်း၏ အတွေးအခေါ်များ၊ ပညာရေးနှင့် ဒေသ၏ ပူးပေါင်းပါဝင်မှု၊ အရေးပေါ်နှင့် ကယ်ဆယ်ရေးလုပ်ငန်းမှ သင့်လျော်သည့် ဆောင်ရွက်မှုများ၊ ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ထုတ်ပြန်ချက်များ ပါဝင်ပါသည်။

ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းစဉ်၌ လုပ်ငန်းဆောင်ရွက်စဉ်တစ်လျှောက်လုံးတွင်

အရေးကြီးသော ထောက်ပံ့မှုများနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို မည်သူတစ်ဦးတစ်ယောက်ကမှ လျစ်လျူရှုခြင်းမပြုရန် ဖော်ပြထားပါသည်။ အကယ်၍ အဖြစ်အပျက်ဖြစ်ပွားပြီး နောက်ဆက်တွဲကာလတွင် ဆင်းရဲသားပိုင်ဆိုင်သော ပွားများနိုင်သည့်ပစ္စည်း ဥစ္စာကြွယ်ဝမှုသည် စားသုံးမှုလိုအပ်ချက်နှင့် အာဟာရလိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ပါက ဆင်းရဲမှုနိမ့်ချရေးနှစ်များ၏ အစီအစဉ်သည် ပြောင်းပြန်ဖြစ်နိုင်သွားနိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အောင်မြင်သော ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ဝင်ငွေကိုအထောက်အကူပြုသော လိုအပ်ချက်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးလျက် ရှိပါသည်။

## ၂. ၈. ၁။ အသက်မွေးဝမ်းကျောင်းနှင့် အိမ်ရာ-လုံခြုံစိတ်ချရမှု၏ ထောက်တိုင်ကြီး ၂ ခု

(ဝစ်နုပရာဟာနှင့် မိဟီအာဗတ်သ ၂၀၀၂) တို့သည် မြို့ပြရှိဆင်းရဲသားတို့၏ လုံခြုံမှုဘဝကို လေ့လာခဲ့ကြပါသည်။ ၎င်းတွင် သာမန်အချိန် ကာကွယ်ရေးကင်းမဲ့သော အနေအထားကို သဘာဝဘေးအန္တရာယ် ပယောဂကြောင့် အခြေပျက်စေမှုနှင့် နစ်နာကြေးပေးမှုမရှိသော ဘေးအန္တရာယ်လွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြခြင်းဖြစ်ပါသည်။ မြို့ပြနေ ဆင်းရဲသားများသည် ဤကဲ့သို့

အစားအသောက်၊ ရေနှင့်နေထိုင်ရန်နေရာများ ထောက်ပံ့ပေးခြင်းသည် လုံခြုံမှုကာကွယ်ပေးခြင်းနှင့် ဝင်ငွေရရှိသည့် အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်များ၏ အရင်းအမြစ်ပင်ဖြစ်ကြောင်း မှတ်ယူထားကြပါသည်။ လုံခြုံမှုရှိသော နေရာထိုင်ခင်းဆိုသည်မှာ အလုပ်လုပ်ရန်၊ လုပ်ငန်းအတွက်လိုအပ်သော ကုန်ကြမ်းများ သိမ်းဆည်းရန်နှင့် ၎င်းတို့အဝေးသို့ သွားရောက်စဉ် မိသားစု၏ လုံခြုံရေးအတွက် စိတ်ချရသည့်နေရာများကို ဆိုလိုပါသည်။ မြို့ပြဆင်းရဲသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကာအကွယ်ပေးခြင်းသည် အနာဂတ်ကာလ၌ ပိုင်ဆိုင်ထားပြီးဖြစ်သည့် မနေဥစ္စာများကိုကောင်းစွာ တိုးတက်လာစေရေးအတွက် ရှေးရှုသည့် လုံခြုံမှုပေးခြင်းပင်ဖြစ်သည်။ ၎င်းတို့ပိုင်ဆိုင်သော မနေဥစ္စာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများသည် ဘေးအန္တရာယ်ကို တုံ့ပြန်ရန် ပြန်လည်ခွဲဝေပေးမည့် နေဥစ္စာအရင်းအမြစ်များပင် ဖြစ်ပါ သည်။ ၎င်းနေဥစ္စာများ ပြန်လည်ခွဲဝေပေးခြင်းသည် အနာဂတ်ကာလတွင် လူသားများအား ကယ်ဆယ်ရန်အကျိုးသက်ရောက်မှုရှိပါသည်။

## ၂. ၈. ၂။ ကပ်ဘေးအခြေအနေများ ပေါင်းစပ်ပါဝင်သည့် ပုံမှန်မဟုတ်သော ကဏ္ဍများ၏ စိတ်မချရမှုများ

လုပ်သားအားလုံးသည် အလုပ်နှင့် သက်ဆိုင်သော စီးပွားရေးအရေးအပေါ် အခြေအနေနှင့် ဘေးအန္တရာယ်များကို

ကျယ်ပြန့်စွာ ရင်ဆိုင်ကြရပါသည်။ ပျံ့ကျလုပ်သားများသည် ပုံမှန်မဟုတ်သော စီးပွားရေးကဏ္ဍမှ လုပ်သားများ ရင်ဆိုင်နေရသော စိတ်မချရသည့် ဘေးအန္တရာယ် အရင်းအမြစ်များကို ပုံစံနှစ်သွယ်ဖြင့် အဟုန်ပြင်းစွာ ချဉ်းကပ်နေရပါသည်။ စိတ်မချရမှု ပုံစံတစ်မျိုးမှာ ရံဖန်ရံခါ (သို့) အရေးပေါ်အချိန်များတွင် အိုးအိမ်စည်းစိမ်များကို ထိခိုက်မှုရှိသည့် ရံဖန်ရံခါ ဖြစ်ပေါ်သည့် အထိတ်တလန့်ဖြစ်ရမှု ဖြစ်ပါသည်။ စိတ်မချရမှု နောက်တစ်မျိုးမှာ ဘေးအန္တရာယ် ကျရောက်ချိန်တွင် ကျန်ရှိသည့် အိုးအိမ်စည်းစိမ် (သို့) တစ်ဦးတစ်ယောက်၏ တည်ဆောက်ပုံကို ဖော်ပြချက်ပင်ဖြစ်ပါသည်။ ၎င်းတွင် အသက်အရွယ်၊ အိမ်ထောင်ရေးအခြေအနေ၊ လိင်အမျိုးအစား ကွဲပြားနှင့် မနေစွာပိုင်ဆိုင်မှုတို့ ပါဝင်ပါသည်။ အရေးကြီးသော တည်ဆောက်ပုံ ဖော်ပြချက်တစ်ခုမှာ အလုပ်သမား၏ လစာရ အလုပ်၊ ယာယီ အလုပ်သမား (သို့) မိမိလုပ်ငန်းကို မိမိ ကိုယ်တိုင် ဆောင်ရွက်နေသော အလုပ်သမားစသည့် ဆောင်ရွက်မှု အနေအထားတို့ သက်ရောက်မှုရှိသော အလုပ်သမားများ၏ တည်ဆောက်ပုံပင် ဖြစ်ပါသည်။ (မိုက်ကယ်လစ်ပ်တန် ၁၉၇၇)

## ၂. ၈. ၃။ လူနေမှုအဖွဲ့အစည်း အမျိုးမျိုးကြားမှ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုံခြုံမှု

လုပ်ငန်းတူ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်မရသော ပုံမှန် စီးပွားရေး ပုံစံမကျသော အလုပ်သမားများအတွက်

အရေးကြီးသော အချက်လက္ခဏာ ဖြစ်ပါသည်။ စိတ်မချရမှုပုံစံနှစ်မျိုးလုံးတွင် လူမှုရေး အကာအကွယ်ရရှိမှုသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်သည်။ (ဘီအက်စ်စီး ၂၀၀၁ အာမိဒဘတ်) စိတ်ချကျေနပ်လောက်သော လူနေမှုအဆင့်အတန်းဆီသို့ ရောက်ရှိနိုင်ခြင်းမရှိသည့် လုပ်သားအများစု ပါဝင်သော အဖွဲ့အစည်းများ၊ ပုံမှန်အလုပ်မရှိမှုနှင့် လူမှုရေးလုံခြုံမှုတို့သည် သုံးခေါက်ချိုးလုံခြုံရေး အယူအဆအား စဉ်းစားရာတွင် အသုံးဝင်လာနိုင်ပါသည်။ ဆင်းရဲသားများအတွက် လူမှုရေးအကာအကွယ်ပေးသည့် (သို့မဟုတ်) ပုံမှန်မဟုတ်သော စီးပွားရေး စနစ်တို့အတွက် သတ်မှတ်နိုင်သည့် (အဓိပ္ပာယ်ရှိသည့်) မူဝါဒသည် ပိုမိုအဓိပ္ပာယ်ကျယ်ဝန်းသည့် လူမှုရေးလုံခြုံမှု (သို့မဟုတ်) လူမှုရေးအကာအကွယ်ပြုမှုတို့ ပါဝင်သော အဆိုပါထောက်တိုင်ကြီး သုံးခုပါဝင်ရန် လိုအပ်ပါသည်။

## ၂. ၈. ၄။ သဘာဝဘေးအန္တရာယ်များနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သတ်မှတ်ချက်များ

အထက်ပါ သတ်မှတ်ချက်တွင် အောက်ပါအတိုင်း ဖော်ပြ ထားပါသည်-

အလုပ်အကိုင်ချထားမှုနှင့် လူမှုစီးပွားရေးပုံစံ၊ ဝီရောဓိလွန်ကာလ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ကပ်ဘေးကာလ၌ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုတို့

ပါဝင်ပါသည်။ ၎င်းအပြင် အလုပ်အကိုင် အခွင့်အလမ်း တိုးပွား လာစေရန် ချမှတ်ထားသည့် မဟာဗျူဟာတွင် ပါဝင်သော သက်ဆိုင်သည့် လုပ်ငန်းများကို သင့်လျော်အောင် ကိုင်တွယ် ဖြေရှင်းသည်လည်း အရေးကြီးပေသည်။ ကပ်ဘေးပြဿနာ၏ နောက်ပိုင်းကာလ ပြန်လည်ထူထောင်မှုသည် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့၏ အတိုင်းအတာပေါ်တွင် မူတည် ပါသည်။ ၎င်းအရာများကို ဝေဖန်ဆန်းစစ် မှုသည် သင့်လျော်သော အလုပ်အတွက် ချဉ်းကပ်ရာလမ်းကြောင်းများပင် ဖြစ်ပါသည်။ ဤအချက်သည် လူသားများ၏ ရုပ်ပိုင်းဆိုင်ရာ သက်သာချောင်ချိမှု၊ ဆင်းရဲမှုလျှော့ချရေး၊ လူမှုရေးဖယ်ကြဉ်မှုနှင့် ပြိုကွဲမှုလျှော့ချရေးတို့ ဆောင်ရွက်ရန် အထောက်အကူ ပြုပါသည်။ ကပ်ဘေးနှင့် ကပ်ဘေးလွန် အခြေအနေများ ယခုအတိုင်း ဆက်စပ်နေပါသည်။ အလုပ်လက်မဲ့များပြားသည့် စရိုက်လက္ခဏာများ၊ အလုပ်အကိုင် ခန့်ထားမှု အခြေအနေ ယိုယွင်းပျက်စီးခြင်းနှင့် ဝင်ငွေနိမ့်ကျ လာခြင်းစသည်တို့သည် သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင် ရရှိပြီး လုပ်အားစု တိုးတက်ဖြစ်ထွန်းမှုကို ပျက်ကွက်စေသော တုံ့ပြန်မှုများပင် ဖြစ်ပါသည်။ (အူဂျင်နီယာဒိတ်ဘတ် ၂၀၀၁)

## ၂.၈.၅။ လုပ်အားပြန်းတီးမှုစွမ်းရည်

ယေဘုယျအားဖြင့် လုပ်အားပြုန်းတီးမှု ကြီးထွားလာ ခြင်း မရှိမှု၊ စီးပွားရေး ဆောင်ရွက်မှုများ တိုးတက်မှု၊ လေ့ကျင့် သင်ကြားရေး အစီအစဉ်များနှင့် လူမှု-စီးပွားရေး ပြန်လည်

ပေါင်းစပ်ရေး အစီအစဉ်များသည် အလုပ်ဖြစ်လိမ့်မည် မဟုတ်ပေ။ (အူဂျင်နီယာ ဒိတ်ဘတ် ၂၀၀၁) မူဝါဒများသည် လုပ်အား ဈေးကွက်ပေါ် အခြေပြုသည့် သတင်းအချက်အလက်များကို တိုးတက်စေရန် လိုအပ်ပါသည်။ ၎င်းတွင် လုပ်သားများ လေ့ကျင့် သင်ကြားပေးခြင်းနှင့် မွမ်းမံသင်တန်းပေးခြင်း အစီအစဉ်များ၏ အခြေခံကို ထောက်ပံ့ပေးနိုင်သည့် ကြီးထွားလာသော စီးပွားရေး အခွင့်အလမ်းများ၊ လုပ်အားလိုအပ်ချက်နှင့် အမှန်တကယ် ရှိမှုတို့၏ တည်ဆောက်ပုံနည်းလမ်းများ (၎င်း၌ ဆောက်လုပ်ရေး၊ သယ်ယူ ပို့ဆောင်ရေး ဆက်သွယ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် လုံခြုံရေးကဏ္ဍများ) ပါဝင်ပါသည်။ ကပ်ဘေးများသည် ဒေသ၏ စီးပွားရေး အခြေခံအဆောက်အအုံကို အန္တရာယ်ကျရောက် စေပါသည်။ ၎င်းသည် လူမှုရေးဝန်ဆောင်မှုနှင့် အရေးပေါ် စီးပွားရေးအခြေအနေ ပြန်လည်ထူထောင်မှုနှင့် ပြန်လည်မြှင့်တင် ရန်အတွက် စိန်ခေါ်မှုပင် ဖြစ်ပါသည်။ စီးပွားရေး အကျပ်အတည်း ကို ကျော်လွှန်စေမည့် အကျိုးသက်ရောက်မှုများ မပါဝင်သည့် ဒေသဈေးကွက်ကို ကာယဆယ်နိုင်ရေးအတွက်လည်း စိန်ခေါ်မှု တစ်ရပ်ပင် ဖြစ်ပါသည်။ ဒေသစီးပွားရေးဖွံ့ဖြိုးမှု (LED) သည် (ပဋိပက္ခတွင် ပါဝင်သော ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်အပါအဝင်) ပူးပေါင်းဆောင်ရွက်မှု၏ သရုပ်သကန်များ ပေါ်လွင်နေသော ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ၏ အနက်အဓိပ္ပာယ်ကို ချဉ်းကပ်ဖော်ဆောင်လျက်

ရှိပါသည်။ရင်းဦးစားပေး လုပ်ငန်းအစီအစဉ်တွင် လူထု၏ စိတ်ပါဝင်စားမှု မြင့်တက်လာစေရန်၊ ဒေသအခြေအနေ စွမ်းဆောင်နိုင်ရည်များ မြင့်တက်လာစေရန်နှင့် ကဏ္ဍပေါင်းစုံ ညှိနှိုင်းချိတ်ဆက် ပါဝင်ဆောင်ရွက်မှု၏ အကျိုးတရားများကို လေ့လာဖော်ထုတ်ရန်၊ စီးပွားရေးနှင့် သက်ဆိုင်နေသော ကဏ္ဍပေါင်းစုံအား အတိတ်ဖြစ်ရပ်များနှင့် အနာဂတ်စီမံချက်တို့ ချိတ်ဆက်လေ့လာပြီး အင်အားတောင့်တင်းအောင် ဆောင်ရွက်ရန်၊ ပျက်စီးသွားသော လူမှုအဖွဲ့အစည်းအား ပြန်လည်တည်ဆောက်ရန်၊ ဒေသခံအုပ်စုများ၏ တောင်းဆိုချက်နှင့်အညီ ထောက်ပံ့မှုများ ပေးရန်၊ လူ့အဖွဲ့အစည်း၏ ဓနဥစ္စာနှင့် ယုံကြည်မှုအား ပြန်လည် တည်ဆောက်ပေးရန်တို့ ပါဝင်ပါသည်။

နိုင်ငံတော်နှင့် နိုင်ငံတကာ၏ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအား သင့်တင့်မျှတအောင် ပေါင်းစပ် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏စီးပွားရေးအား ပြန်လည်ရှင်သန်စေပါသည်။ အခြေခံ အဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် အလုပ်သမားအခြေပြု နည်းပညာများအပေါ် အခြေခံ၍ ဆောင်ရွက်သော ဒေသလုပ်အား အရင်းအမြစ်များ၊ ဒေသထွက်ကုန်များနှင့် အခြားအရင်းအမြစ်များ ပါဝင်သည့် ဒေသအရင်းအမြစ်များကို ပေါင်းစပ် အသုံးပြု ဆောင်ရွက်ပါသည်။ ငလျှင်ဒဏ်ကြောင့် ဆိုးရွားစွာ ထိခိုက်သည့် စီးပွားရေးကဏ္ဍအား အလေးထား ဂရုပြုပါသည်။ အဆိုပါအချိန်တွင် အချို့သော အလုပ်များသည်

သူ့အလိုလို မပေါ်ပေါက်နိုင်ပေ။ ၎င်းတို့ကို အစီအစဉ်တကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ရန် (ရည်မှန်းချက်ထားဆောင်ရွက်ရန်) လိုပါသည်။ သဘာဝဘေး အန္တရာယ်ကို တွန်းလှန်မည့်စီမံချက်နှင့် အစီအစဉ်များ၊ လူသားဘဝ ပြန်လည်တည်ဆောက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာရေး အလုပ်ခွင်အခြေခံ အခွင့်အရေး စည်းမျဉ်းများနှင့် အခြားနိုင်ငံတကာ အလုပ်သမား အဆင့်အတန်း သတ်မှတ်ချက်များအား လေ့လာ၍ အကျိုးရှိအောင် ပြုလုပ်ရေးစသည့် လုပ်ငန်းစဉ်များကို ဆိုလိုပါသည်။ အထက်ပါအချက်အလက်များဖြင့် ဖန်တီးထားသည့် အလုပ်အကိုင်အခွင့်အလမ်းများ၏ အရေးပါမှုသည် ဘေးအန္တရာယ်ဒဏ်ခံ လူထုဆီသို့ ရောက်ရှိရန်လိုပါသည်။ ၎င်းအပြင် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အောဂျင်စီအဖွဲ့အစည်းများ၊ အထောက်အကူပြုရေး၊ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လေ့ကျင့်ပညာပေး စခန်းများနှင့် အခြား လုပ်သား စျေးကွက်ဌာနများအနေဖြင့် ကျန်ရှိသည့် အလုပ်အကိုင် နေရာများအား ဆက်လက် ဆောင်ရွက်နိုင်ရေးနှင့် ကပ်ဘေးဒဏ်ခံ အစုအဖွဲ့များအား သက်သာစေမည့်အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတည်း ဟူသော အပေါင်းလက္ခဏာဆောင်သည့် အကျိုးတရားများ ပိုင်ဆိုင်နိုင်ရမည် ဖြစ်ပါသည်။

(ဂျန်ဘရီမန် ၂၀၀၂)

## ၂. ၈. ၆။ ၁၉၉၀ ပြည့်နှစ်များကတည်းက စိုက်ပျိုးရေးဆိုင်ရာ အလုပ်အကိုင်များ ကြီးထွားလာမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု (သို့) အထုပ်အထည်အလိုက် ပေါ်ကြွယ်ဝလာခြင်း

(၂၀၁၁ NSSO) NSS အစီရင်ခံစာအမှတ် ၄၅၈ အရ ၁၉၈၃-၁၉၈၄ ကာလတွင် အိန္ဒိယနိုင်ငံ စီးပွားရေးကဏ္ဍတွင် တည်ရှိခဲ့သည့် အသားတင်အလုပ်အကိုင်များ၏ ၅၃ ရာခိုင်နှုန်းခန့်အား အခြေခံကဏ္ဍ (စိုက်ပျိုးရေးနှင့်သက်ဆိုင်သောကဏ္ဍများ) မှ ဖန်တီး ပေးနိုင်ခဲ့ပါသည်။ စက်မှုကဏ္ဍမှ ၁၀ ရာခိုင်နှုန်းနှင့် ကျန် ၃၇ ရာခိုင်နှုန်းအား ဝန်ဆောင်မှုကဏ္ဍမှာ ဖန်တီးပေးခဲ့ပါသည်။ ၁၉၉၄ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်ကာလတွင် အခြေခံကဏ္ဍမှ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှုမရှိဘဲ စက်မှုကဏ္ဍမှ ၂၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှ ၇၄ ရာခိုင်နှုန်း ဖန်တီးပေးခဲ့ပါသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ၁၉၉၀ ပြည့်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်အလုပ်အကိုင် ဖန်တီးမှုအပေါ် အနည်းငယ်သာ အကျိုးသက်ရောက်မှုရှိကြောင်း မှတ်ယူနိုင်ပါသည်။

ကွပ်ချုပ်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် စက်မှုကဏ္ဍထူထောင်ရေးသည် ကျေးလက်ဒေသ ဆင်းရဲမှု လွတ်မြောက်ရေး (သို့) ကျေးလက်ဒေသတို့သို့ အနည်းငယ်သာ အကျိုးသက်ရောက် ဆက်နွယ်မှု ရရှိခဲ့ပါသည်။ (၂၀၀၄ ခုနှစ်၊ စီးပွားရေးသန်းခေါင်စာရင်း အစီရင်ခံစာ၊ ကျေးစီးပွားရေးနှင့် စာရင်းအင်းညွှန်ကြားရေးမှူးရုံး)

## ၂. ၈. ၇။ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်အကိုင်များ လျော့နည်းလာခြင်း

တောင်သူလယ်သမားအများစု၏ အကျိုးစီးပွားကို ကိုယ်စားပြုသော အဖွဲ့အစည်းများ၏ ဖျက်ကွက်မှုကြောင့် အဆိုပါ ဖယ်ကြဉ်ခြင်းခံရသော လူများ၏ လိုအပ်ချက်ကို အစိုးရမှ လျစ်လျူရှုခဲ့ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍရှိ အလုပ်အကိုင် အရေအတွက်သည် မှန်မှန်ကြီး ကျဆင်းလျက် ရှိပါသည်။ တစ်ချက်မှာ လယ်ယာထုတ်ကုန်ကဏ္ဍကို ထိခိုက်မှုမရှိဘဲ လယ်ယာကဏ္ဍမှ လူအများစုထွက်ခွာလာခြင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်လက်မဲ့ဖြစ်မှုကို လွှမ်းမိုးရုပ်ဖျက်ထားခြင်းပင် ဖြစ်ပါသည်။ (စီးပွားရေးပြန်လည် ထူထောင်မှုများ၊ အလုပ်အကိုင်နှင့်ဆင်းရဲမှု E.P.W ၂၀၀၄) ၎င်းအပြင် အမျိုးမျိုးသော အချက်အလက်များသည် အခြားအကြောင်းအရာများကိုလည်း ညွှန်ပြလျက်ရှိပါသည်။ အရွယ်အစား သေးငယ်သော လယ်ယာမြေများသည် ဝယ်ယူခြင်းခံရပြီး ကြီးမားသော လယ်ယာမြေများအဖြစ် ပြောင်းလဲ တည်ထောင်လာခဲ့ပါသည်။ ဤကဲ့သို့ လယ်ယာမြေလုပ်ငန်း အရေအတွက် လျော့ကျလာခြင်းသည် အခစားလုပ်သားများ အလုပ်အကိုင်မဲ့ဘဝသို့ ရောက်ရှိစေပါသည်။ လေ့လာချက်တစ်ခုအရ အချိန်ပိုင်း အလုပ်အကိုင် အရေအတွက်နှင့် လယ်သမား အရေအတွက်တို့၏ အချိုးအစားသည် အကျိုးဖြစ်ထွန်းနေသည့် စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းကဏ္ဍနှင့် ဆက်နွှယ်နေကြောင်း တွေ့ရှိရပါသည်။ အချိန်ပိုင်း

အလုပ်အကိုင် အရေအတွက် မြင့်တက်လာသောအခါ စိုက်ပျိုးရေး မဟုတ်သောကဏ္ဍများ၏ ဖောင်မြင်မှု အသီးအပွင့်ကို တောင်သူလယ်သမား အနည်းစုကသာ ဆက်လက် ခံစားရကြောင်း ဆိုလိုပါသည်။

(ဒေါက်တာ ယိုဟစ်ရှကလ - ၁၉၈၂) တွင် ဂူဂျာရတ်ပြည်နယ်၏ မိုးခေါင်လွယ်သောဒေသအား လေ့လာမှုအရ ထုတ်လုပ်မှုစွမ်းရည် နိမ့်ကျမှုသည် အန္တရာယ်အပေါ် သဘောထား ပြောင်းလဲမှု၊ ကြွေးတင်မှု၊ အတိုးနှုန်းမြင့်တက်မှု၊ ဈေးငှားမှု၊ မိုခိုမှု အမျိုးအစား မြင့်တက်ခြင်း စသည့် ဆိုးကျိုးသံသရာတို့သည် ဂူဂျာရတ်ပြည်နယ်ရှိ မိုးခေါင်မှုဘေးဒဏ်ခံ လယ်သမားအနည်းစုအပေါ်သို့ ပိုမိုတိုးမြှင့်ကျရောက်ခဲ့ပါသည်။

ဤအချက်သည် သမားရိုးကျ အဓိပ္ပာယ် သတ်မှတ်ချက်အရ စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်အကိုင် ကြီးထွားမှုနှုန်း နိမ့်ကျခြင်း၏ သက်သေအစအနများပင် ဖြစ်ပါသည်။ ၎င်းသည် ချမှတ်ထားသော စည်းမျဉ်းများအတိုင်းနှင့် ၎င်းစည်းမျဉ်းများ၏ တစ်ဆင့်ခံစည်းမျဉ်းများအရ လုပ်ရှားမှုများတွင် တစ်နှစ်အတွင်း လူတစ်ဦးသည် "ပုံမှန် ဘာလုပ်ခဲ့သလဲ" ဟူသော မေးခွန်းကို ရည်ညွှန်း၍ သုံးသပ်လေ့လာထားခြင်း ဖြစ်ပါသည်။ နေ့စဉ်နှင့် အပတ်စဉ် အဓိပ္ပာယ် ဖွင့်ဆိုချက်များအပေါ် စဉ်းစားကြည့်ပါက အိန္ဒိယနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အလုပ်အကိုင် တိုးတက်မှုနှုန်း နိမ့်ကျလာခြင်းသည် အစွမ်းထက်မှုရှိကြောင်း တွေ့ရှိနိုင်ပါသည်။ ဤအချက်သည် အလုပ်အကိုင်ရှိသူပင်လျှင် နေ့စဉ် သို့မဟုတ်

အပတ်စဉ် အလုပ်အကိုင်တစ်ခု ရရှိရန်အတွက် အခက်အခဲ များစွာ ရှိနေသည်ကို အသိအမှတ်ပြုထားရကြောင်း ဖွင့်ဟချက်ပင် ဖြစ်ပါသည်။

## ၂. ၈. ၈။ ကျေးလက်စီးပွားရေးကဏ္ဍမှ လုပ်သားသံသရာ

အဆိုတစ်ခုတွင် ဖော်ပြထားသည်မှာ လုပ်သားသံသရာကို နားလည်ရန်အတွက် မြို့ရော ကျေးလက်ပါ ပါဝင်သည့် သမားရိုးကျမဟုတ်သော အခန်းကဏ္ဍများ၏ အလုပ်အကိုင်ခန့်ထားမှု နောက်ခံသမိုင်းကိုသိရှိရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။ ကျေးလက်အချင်းချင်း လုပ်သားများပြောင်းရွှေ့ လုပ်ကိုင်နေခြင်းကို ကာလအတန်ကြာသည်အထိ သတိမူခဲ့မိခြင်း မရှိခဲ့ပေ။ စာပေ အထောက်အထားများတွင် ကျေးလက်များမှ ထွက်ခွာ၍ ပြောင်းရွှေ့ လုပ်ကိုင်ခြင်းထက် အလုပ်အကိုင်ဌာနများသို့ ရောက်ရှိ အလုပ်လုပ်ကိုင်ခြင်းကိုပို၍ အသားပေးဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဒေသများ၌ အရှိန်အဟုန်ဖြင့် အလုပ်သမားများ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းတို့သည် ကာလအတန်ကြာကပင် တည်ရှိခဲ့ပြီး တောင်သူလယ်သမား အများစုအတွင်းတွင် ပုံစံမျိုးစုံရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းတို့မှာ ဒေသအလိုက် တောင်သူလယ်သမားများစုဖွဲ့၍ ကောက်ပဲသီးနှံ ရိတ်သိမ်းခြင်း၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် အုတ်ဖိုလုပ်ငန်းခွင်များ၊ ကျောက်မိုင်းလုပ်ငန်း၊ ဆားချက်ခြင်းနှင့် အခြား

ကျေးရွာ စက်မှုလက်မှုလုပ်ငန်းများ၌ ဖြန့်ကြက် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဂူဂျာရတ်ပြည်နယ်ရှိ ကျေးလက်နေ ဇာတ်နိမ့်သူများနှင့် ပတ်သက်၍ သူ (ဂျန်ဘရိမန်-၂၀၀၆) ၏ လေ့လာချက်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေ ဇာတ်နိမ့်လုပ်သားများ၏ ရှေ့ယခင် သမိုင်းကြောင်းကို သူ၏ စာအုပ်၌ ထုတ်ဖော်ရေးသားခဲ့ပါသည်။ သူသည် သူ၏နယ်ပယ် အသစ်ဖြစ်သော တောင်ဂူဂျာရတ်ပြည်နယ်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် ယခုပုံစံများကို အခြေခံ၍ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး ယခုအချိန် အထိ လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အကျိုးသက်ရောက်မှုကို သမိုင်းကြောင်းအမြင်ဖြင့် ဖော်ပြခဲ့ပါသည်။

## ၂.၉။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ပေါင်းစပ်ထားသော မဟာဗျူဟာ

အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ မဟာဗျူဟာသည် ဖွံ့ဖြိုး တိုးတက်မှု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အမျိုးသားမူဝါဒနှင့် ပေါင်းစပ်ညှိနှိုင်း၍ ရေးဆွဲသင့်ပါသည်။ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်းသည် နိုင်ငံသားတို့၏ အခြေခံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ချဉ်းကပ်တာဝန်ယူခြင်း၊ နိုင်ငံသား တို့၏ အသက်ဘေးအန္တရာယ်ရှိမှုကို လျှော့ချခြင်း စသည့် အစီအစဉ်များ ထင်ဟပ်နေရန် လိုပေသည်။

ဖွံ့ဖြိုးတိုးတက်ခြင်း၏ စိန်ခေါ်မှုတွင် ကြွင်းကျန်ရစ်သည့် အရာများကို ဖယ်ရှားခြင်း၊ လူတစ်စု (သို့) နေရာတစ်ခုကိုဖယ်ရှားခြင်း၊ ရှုတ်တရက် ဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ အလုပ်အကိုင်မဲ့မှုများကို အထောက်အကူပြုခြင်း စသည်တို့ ပါဝင်ပါသည်။ ရင်းအဖြင့်မှုဝါဒနှင့် အဖွဲ့အစည်း၊ ဌာနအလိုက် အသီးသီးသော လိုအပ်ချက်နှစ်မျိုးတို့သည် ထင်ရှား ပေါ်လွင်ခြင်းကို ဖြစ်ပေါ်စေနိုင်သဖြင့် ကွဲပြားခြားနားခြင်းလည်း ဖြစ်နိုင်ပါသည်။ နယ်ပယ်တစ်ခု၌ အောင်မြင်မှု ဖြစ်စေသော်လည်း အခြားနယ်ပယ်တွင် အောင်မြင်နိုင်မည်ဟု အာမမခံနိုင်ပေ။ (လွတ်လပ်မှုကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှု ၂၀၀၁)

## ၂.၉.၁။ ဖွံ့ဖြိုးတိုးတက်မှု၏စိန်ခေါ်မှုများ

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုတို့သည် ပင်ကိုယ် သဘောတရားအရ ဆက်နွယ်လျက် ရှိကြပါသည်။ ဟွန်ဒူရပ်နိုင်ငံနှင့် နီကာရာဂွာနိုင်ငံတို့တွင် ကြီးမားသော အပျက်အစီးများကို ဖြစ်ပေါ်စေခဲ့သည့် ဟာရီကိန်းမုန်တိုင်းမစ်ရှ်သည် မြေအသုံးချမှု၊ အလေ့အထိညံ့ဖျင်းမှုနှင့် လူသားတို့၏ ပရမ်းပတာ အခြေချနေထိုင်မှုများကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ခြေရာခံသိရှိခဲ့ပါသည်။ (ဘိတ် ၁၉၉၉၊ အောဆွန် ၂၀၀၀) သစ်တောများ ပြုန်းတီးမှု၊ ကျေးလက်-မြို့ပြ ရွှေ့ပြောင်းနေထိုင်ခြင်းများသည် ဟာရီကိန်းမစ်ရှ် ဝင်ရောက်တိုက်ခတ်ခဲ့သော ဒေသအတွင်းကြီးမား

ကျယ်ပြန့်သည့် ဆင်းရဲမှုကိုပို၍ တိုးမြင့်ဖြစ်ပေါ်စေခဲ့ပါသည်။ ဟာရီကိန်းမုန်တိုင်း၏ နောက်ဆက်တွဲရလဒ်အဖြစ် ဆင်းရဲမွဲတေမှုကို ရှည်ကြာစွာ ဖြစ်တည်စေခဲ့ပါသည်။ ထို့ကြောင့် အောင်မြင်သော အမျိုးသားဘေးအန္တရာယ် ကယ်ဆယ်ရေး မဟာဗျူဟာတွင် ဆင်းရဲမွဲတေမှု၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်တို့၏ ဆက်စပ်မှုကို အသိအမှတ် ပြုထားပါသည်။

## ၂.၉.၂။ အဖွဲ့အစည်းများနှင့် အစိုးရ၏ စီမံခန့်ခွဲမှု (အုပ်ချုပ်ရေး)

ကောင်းမွန်သော နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုမဏ္ဍိုင်အား အောက်ဖော်ပြပါ အခြေခံအချက် (၅) ချက်ဖြင့် ကမ္ဘာ့ဘဏ် (၁၉၉၇ ခုနှစ်၊ အစီရင်ခံစာ၊ စာမျက်နှာ ၄၁-၆၀) မှ သတ်မှတ်ထားပါသည်။

(က) ဥပဒေပြဋ္ဌာန်းခြင်း၊

(ခ) အကြီးစားစီးပွားရေး အဆောက်အအုံများကို တည်ငြိမ်မှုရှိစေရေး အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် မူဝါဒများအား ထိန်းသိမ်းပြုပြင်ခြင်း၊

(ဂ) အခြေခံလူမှုဝန်ဆောင်မှု လုပ်ငန်းများနှင့် အခြေခံ စီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(ဃ) ထိခိုက်လွယ်မှုကို ကာကွယ်ခြင်း၊

(ဇ) သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းတို့ ဖြစ်ပါသည်။

ဤနေရာတွင် အစိုးရနှင့် စီးပွားရေးသည် တစ်ခုနှင့်တစ်ခု ဖြည့်ဘက်များ ဖြစ်နေသည်ကို ဆိုလိုရင်း ဖြစ်ပါသည်။ အစိုးရသည် လိုအပ်သည့်နေရာတွင် ဈေးကွက်စီးပွားရေးအတွက် သင့်လျော်သည့် အဖွဲ့အစည်းများအား ဖွဲ့စည်းတည်ထောင်ပေးခြင်း ဖြစ်ပါသည်။ အစိုးရအပေါ် အများယုံကြည်မှု ရရှိစေရန်အတွက် စွဲဆောင်သည့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ မူဝါဒနှင့် စည်းမျဉ်းများကို ကြိုတင် ထုတ်ပြန်ခြင်းသည် အရေးကြီးပါသည်။

## ၂. ၉. ၃။ လူထုရေးရာမူဝါဒအရေးကြီးပုံ

သမိုင်းကြောင်း အတွေ့အကြုံအရ ချမ်းသာကြွယ်ဝသည့် စက်မှုနိုင်ငံများနှင့် အောင်မြင်သည့်/ကျရှုံးသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူ့အဖွဲ့အစည်းတစ်ခု (သို့) ဒေသတစ်နေရာတွင် ဖြစ်ပွားမည့် ဆုံးရှုံးမှုကို ဖယ်ရှားရန်အတွက် အရေးတကြီး လိုအပ်သော အစိုးရ၏လူထုဆိုင်ရာမူဝါဒ၏ အခန်းကဏ္ဍသည် ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်သည်။ ကမ္ဘာ့စစ်ပွဲများကာလ ဆယ်စုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လူထုသို့ အစားရေစာ ဖြန့်ဝေပေးမှု၊ အလုပ်အကိုင်တိုးချဲ့မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု ထောက်ပံ့ခြင်းစသည့် ဗြိတိသျှ၏လူထုအား ထောက်ပံ့ပေးရေးမူဝါဒအတိုင်း ကောင်းစွာ ထုတ်ဖော်ပြသရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ

လုပ်သားတို့၏ ဘဝများကို အထောက်အကူပြုရန်အတွက် အစိုးရတွင် ဆောင်ရွက်ပေးရန် သီးခြားအစီအစဉ်မရှိပေ။ (ပါပင်ဒဝူ ၁၉၉၄)

### ၂. ၉. ၄။ လုပ်ပိုင်ခွင့်အာဏာ အသုံးပြုခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း

လုပ်ပိုင်ခွင့်အာဏာ အသုံးပြုမှုနှင့် အဖွဲ့အစည်းများမှ ထုတ်ပြန်သည့် သဘောထားအမြင်အား လျစ်လျူရှုခြင်းသည် အစိုးရ၏ မူလအရင်းအမြစ်များနှင့် ရွှေ့ပြောင်း အသုံးပြုသည့် အရင်းအမြစ်များအား ပိုင်ဆိုင်သည့် အစိုးရ၏စွမ်းရည် ပုံစံအမျိုးမျိုးကို ပြီးပြည့်စုံစွာ ရှင်းလင်းဖော်ပြရန်အတွက် ရိုးရှင်းသော ပျက်ကွက်မှုပင် ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံရေးအရ အမိကစီးပွားရေး အကောင်အထည်ဖော်ခြင်း ပုံစံအမျိုးမျိုးကို ပြုပြင်ထိန်းသိမ်းမှုများ၊ အခွင့်အရေးများပြောင်းလဲခြင်း စသည့် ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်သည့် လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း မပြုသည့်အတွက် ဖြစ်ပါသည်။

### ၂. ၁၀။ ကွပ်ချုပ်ခရိုင်အတွင်း အခွန်သက်သာ ခွင့်ပြုခြင်းနှင့် အလုပ်အကိုင်နေရာချထားမှုအပေါ် အကျိုးသက်ရောက်မှုတို့အား စုံစမ်းစစ်ဆေးမှုတစ်ခု

ဤအခန်းတွင် အခွန်သက်သာခွင့် မက်လုံးပေးခြင်းသည် လုပ်ငန်းများ ထူထောင်မည့်နေရာအား ရွေးချယ်ဆုံးဖြတ်ရာတွင်

အကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ အခွန်သက်သာခွင့် မက်လုံးပေးခြင်းသည် လုပ်ငန်းများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရန်မျှသာ ထောက်ပံ့ပေးခြင်း ဖြစ်သော်လည်း အကျိုးတရားအဖြစ် အလုပ်အကိုင်အသစ်များ တိုးတက်ဖြစ်ထွန်းသည့်ရလဒ်ကိုမူ မရရှိပေ။ အခွန်သက်သာခွင့်ကာလ ပြည့်ပြီးချိန်သို့ ရောက်ရှိလာသောအခါ စက်မှုလုပ်ငန်းရှင် အများစုသည် ကွပ်ချဲ့ခရိုင်တွင် ရင်းနှီးမြှုပ်နှံရန် ဆန္ဒမရှိကြသည်ကို တွေ့ရှိရပါသည်။ PSL လီမိတက်မှ ဦးဆောင်ညွှန်ကြားရေးမှူး အရွှတ်ပန်ကကူမွာ်များသည် ကွပ်ချဲ့ခရိုင်၏ အခွန်စနစ်ပြိုလဲသွားသည်အထိ အချိန်ဆွဲနိုင်သည်ဟု ပြောကြားခဲ့ပါသည်။ (၈-၃-၂၀၀၅ ရက်စွဲပါ ကန်ဒလာဒေသဈေးရှိ) ကွပ်ချဲ့ခရိုင်၌ အခွန်သက်သာခွင့်ပြုခြင်းသည် နိုင်ငံအတွင်းရှိ အခြားနေရာများနှင့် နှိုင်းယှဉ်ကြည့်ပါက ကျွန်တော်တို့၏ ထုတ်ကုန်များကို အနိမ့်ဆုံး ကုန်ကျစရိတ်ဖြင့် ထုတ်လုပ်နိုင်သဖြင့် ကျွန်တော်တို့အတွက် အကူအညီရရှိခဲ့ပါသည်။ အခွန်သက်သာခွင့်ကို ရုပ်သိမ်းခြင်းသည် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို တိုးစေသဖြင့် စားသုံးသူများကိုသာ တိုက်ရိုက် ထိခိုက်နိုင်မည် ဖြစ်ပါသည်။ အခွန်သက်သာခွင့်ပြုသည့် အကျိုးတရားအားဖြင့် ဂူဂျာရတ်ပြည်နယ်သည် အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းသက်သာမှုကို ခံစားရရှိပါသည်။

## ၂. ၁၀. ၁။ အခွန်အကောက်ဆိုင်ရာမက်လုံးနှင့် တည်နေရာ ရွေးချယ်ရန် ဆုံးဖြတ်ခြင်း

အတွေ့အခေါ် ပိုင်းဆိုင်ရာ၊ နိုင်ငံရေးအာအောက်ဆိုင်ရာနှင့် မူဝါဒရေးရာတို့ သက်ဆိုင်သော စာပေများတွင် တည်နေရာ ရွေးချယ်ဆုံးဖြတ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ စာပေအများစုသည် လုပ်ငန်း တည်နေရာ ရွေးချယ်ဆုံးဖြတ်ခြင်းအပေါ် အခွန်အကောက်ဆိုင်ရာ မက်လုံးပေးမှုနှင့် လုထုဝန်ဆောင်မှု လုပ်ငန်းများ၏ ဆက်နွယ် အကျိုးသက်ရောက်မှုကို လေ့လာဖော်ပြလျက် ရှိပါသည်။ အိန္ဒိယ နိုင်ငံ၏ ရောင်းခွန်အပေါ် မက်လုံးပေးခြင်းကို လေ့လာသည့် လေ့လာချက်တစ်ခုတွင် စကားဆက်အဖြစ် (တူလဒ်ဆီဒါးနှင့် နို ၁၉၈၆) အလုပ်အကိုင်နှင့် ထုတ်လုပ်မှုနှစ်မျိုးလုံး ကျဆင်းမှုသည် အခွန်မက်လုံးပေးခြင်းကြောင့် ဖြစ်သော်ငြားလည်း အင်အားညီမျှနေသော အလုပ်မှုဘောင်၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ကြောင်း ရေးသားထားပါသည်။

(ရာဂျာရာမန် ၁၉၉၉) ကလည်း မန်ဒရာပရာဒတ်ရှိ ပြည်နယ်၏ အချက်အလက်များကို အခြေပြု၍ လေ့လာရာတွင် ငွေကြေးဆိုင်ရာ မက်လုံးပေးမှုသည် စာရင်းအင်းပိုင်းဆိုင်ရာအရ မန်ဒရာပရာဒတ်ရှိ ပြည်နယ်၏အကြီးစားနှင့် အလတ်စား ရင်းနှီး မြှုပ်နှံမှုအပေါ် ကြီးမားစွာ အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ အပြန်အလှန်အားဖြင့် အဆိုပါ လေ့လာချက်မှာ ဩရာ

အာဏာကို အတင်းအကျပ် အသုံးပြုခြင်းသည် ၁၉၈၀ ပြည့်နှစ်များက လုပ်ငန်းတည်နေရာ ရွေးချယ်သတ်မှတ်ရာတွင် အခြေခံအဆောက်အအုံ၏ အရေးပါမှုကို အထူးအလေးပေး ညွှန်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုပြုခြင်းတို့တွင် အရေးကြီးသောအချက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယအချက်အားဖြင့် အခွန်အကောက်ဆိုင်ရာ မက်လုံးပေးမှုသည် လုပ်ငန်းတည်နေရာရွေးချယ်သတ်မှတ်ခြင်းအပေါ် လွှမ်းမိုးမှုရှိခဲ့လျှင်တောင်မှ အဆိုပါမက်လုံးသည် လုပ်ငန်းတည်နေရာအား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းစေခြင်းမျှသာ အထောက်အပံ့ပြုပြီး အလုပ်အကိုင်နေရာအသစ် တိုးတက်ဖြစ်ထွန်းမှုအပေါ် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ကြောင်း စာပေများတွင် ရှင်းလင်း ဖော်ပြထားပါသည်။

## ၂. ၁၁။ ၂၀၀၅ ခုနှစ်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဥပဒေ၏ လစ်ဟာချက်များ

၂၀၀၅ ခုနှစ်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေတွင် သဘာဝဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သော ဇုန်မြေနှင့် အတန်းအစား ခွဲခြားမှုများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်အပေါ် ထောက်ပံ့မှုများ ပေးထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ဘေးအန္တရာယ် မကျရောက်မီကာလ၌ နိုင်ငံတော်မှ မျှော်လင့်မထားသည့် အိန္ဒိယနိုင်ငံအတွင်းရှိ ဘေးအန္တရာယ်များကို တုံ့ပြန် ဆောင်ရွက်မည့် ထိရောက်သည့်

အဖွဲ့အစည်းများအား ထောက်ပံ့ပေးရန်ကိုလည်း ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့်များတွင် ဖော်ပြထားခြင်း မရှိပေ၊ အောက်ခြေအဆင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အရေးပါမှုနှင့်စပ်လျဉ်း၍ အချို့ကိစ္စများတွင် ပြည်ပဥပဒေများဖြင့် ကိုးကားခဲ့သည်ကို တွေ့ရှိရပါသည်။ အရေးပေါ်အစီအစဉ် ဥပဒေ၏ အရေးပါသောလုပ်ဆောင်ချက်တစ်ခုမှာ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းအား ဒေသအာဏာပိုင် များ၏ လက်ထဲသို့ ထည့်ထားပေးခြင်းဖြစ်သည်။ (အစ်ကေဆွာမိ- ၂၀၀၅) အခြားလစ်ဟာချက်များကို မူဝါဒရေးရာထောက်ခံချက်အခန်းတွင် အသေးစိတ် ဖော်ပြထားပါသည်။

## ၂. ၁၂။ လွှဲပြောင်းကုန်ကျစရိတ် (အပိုကုန်ကျစရိတ်) နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း

လွှဲပြောင်းကုန်ကျစရိတ် (အပိုစရိတ်) ဆိုသည်ကို စီးပွားရေးပညာအရ အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လွှဲပြောင်းခြင်းနှင့် အတင်းအကျပ် ပြုလုပ်ထားသည့် သဘောတူညီချက်အရ ကုန်ကျစရိတ်များကို တွက်ချက်ထားခြင်း ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ တဖြည်းဖြည်း ပြောင်းလဲမှုဖြစ်စဉ်၏ ကြီးမားသော အကျိုးဆက်အဖြစ် ကျော်လွန်ခဲ့သော အချိန်ကာလအတွင်း လူသားများအချင်းချင်း အပြန်အလှန် ကုန်ကျခဲ့သည့် စရိတ်များအားလုံးကို ထည့်သွင်းထားပါသည်။ အဆိုပါ အယူအဆသည် (ရောဘတ်ပွန်မ်၏ ဒီမိုကရေစီလုပ်ငန်း ပြုလုပ်ခြင်း - ၁၉၉၃) ၏ ကွဲပြားခြားနားသော

အီတလီဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းပုံစံများကို ခွဲခြမ်းစိတ်ဖြာ လေ့လာရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အဆိုပါ စာစုသည် လူသားများ၏ အခက်ကြုံခဲ့သော အနာဂတ်၊ အတိတ်နှင့် ပစ္စုပ္ပန် ကာလများတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သည့် လုပ်ငန်းများ၏ ကုန်ကျစရိတ်များအား စောင့်ကြည့်လေ့လာသည့် စီးပွားရေးသမိုင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အဆိုပါ အယူအဆသည် စီးပွားရေး ဆိုင်ရာ ဘေးအန္တရာယ် ကယ်ဆယ်ရေး နည်းလမ်းအပေါ် အခြေပြု ရေးသားထားခြင်း ဖြစ်ပါသည်။

ယနေ့ကာလတွင် အထက်ပါလွှဲပြောင်းကုန်ကျစရိတ်အား ကွဲပြားခြားနားသည့် ဒေသပတ်ဝန်းကျင်၏ စီးပွားရေးကိစ္စရပ်များ ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားလျက် ရှိပါသည်။ မကြာခဏပင် အဆိုပါ လွှဲပြောင်းကုန်ကျစရိတ်အား ထင်ရှားပေါ်လွင်သော ရောင်းရေဝယ်တာ ကိစ္စရပ်များနှင့် တရားမဝင် လက်ဆောင်ပစ္စည်း လွှဲပြောင်းခြင်း စသည်များ ပါဝင်သည့် နေ့စဉ်တက်လာသည့် အပိုကုန်ကျစရိတ် ကိစ္စရပ်များကိုပါ ထည့်သွင်း စဉ်းစားကြပါသည်။ ကျယ်ပြန့်စွာ အဓိပ္ပာယ် ဖွင့်ဆိုမည်ဆိုပါက ဦးစွာလေ့လာမည့် ဧရိယာရှိမည်သည့် အဖွဲ့အစည်းပုံစံ (စီးပွားရေးလုပ်ငန်းများ၊ ဈေးကွက်များ၊ ဆန္ဒမဲပေးပိုင်ခွင့်များ) အလိုက် သီးခြားကုန်ပစ္စည်း (သို့) ဝန်ဆောင်မှုလုပ်ငန်းတစ်ခု ထုတ်လုပ်၊ ဖြန့်ဖြူး၊ ဝန်ဆောင်မှုပြုရာတွင် ကုန်ကျခဲ့သည့် အပိုကုန်ကျစရိတ်များအား လျှော့ချနိုင်

မှုကို စုံစမ်းလေ့လာခြင်းပင် ဖြစ်ပါသည်။ ရံဖန်ရံခါတွင် အဆိုပါ ဆက်နွှယ်မှုများအား ကန်ထရိုက် (သဘောတူညီချက်) ပါ အမျိုးအစားများအလိုက် အဆင့်ခွဲခြား သတ်မှတ်ပါသည်။ အဆိုပါ ချဉ်းကပ်လေ့လာမှုသည် တစ်ခါတစ်ရံ စီးပွားရေးဆိုင်ရာ ဖွဲ့စည်းမှု အသစ်အပေါ် အခြေခံ၍ ချဉ်းကပ်လေ့လာပါသည်။

## ၂.၁၃။ သတင်းအချက်အလက်ဆိုင်ရာကုန်ကျစရိတ်နှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း

ဈေးကွက်အများစုတွင် သတင်းအချက်အလက်ဆိုင်ရာ တန်ဖိုးသည် ပေးသွင်းသူ၊ သုံးစွဲသူများမှ အခြားတစ်ဦးသို့ လွှဲပြောင်းရာမှ အစပြုပေါ်ထွက်လာပါသည်။ အဆိုပါ ကုန်ကျစရိတ်သည် ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်ပြီး ၎င်းကိုလွှဲပြောင်းစရိတ်ဟုခေါ်ပါသည်။လွှဲပြောင်းစရိတ်ပုံစံများတွင် အပိုကုန်ပေါက်များ၊ စူးစမ်းရှာဖွေမှု စရိတ်များ၊ လေ့လာမှုကုန်ကျစရိတ်များ၊ သိနားလည်မှုနှင့် စိတ်ပိုင်း ဆိုင်ရာ ခံစားမှုစရိတ်များ၊ တပ်ဆင်ထားသည့် ပစ္စည်းများတန်ဖိုး၊ တပ်ဆင်မှုနှင့် စဦးထုတ်လုပ်စဉ် ကုန်ကျစရိတ်များ၊ ငွေရေးကြေးရေး အရင်းအနှီးဆိုင်ရာ စွန့်စားစရိတ်၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စွန့်စားရမှုများ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

အထက်ပါ ကုန်ကျစရိတ်များထဲမှ အချို့အား လက်တလောတွင် လွယ်ကူစွာ တွက်ချက်နိုင်သော်လည်း အများစု

မှာတွက်ချက်၍မရအောင် ဖုံးကွယ်နေလျက် ရှိပါသည်။ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်အရ ဤသဘောတူညီမှုသည် မှုလနေရာတွင် အလုပ်အကိုင်များ ပြန်လည်ထူထောင်နိုင်ရေး အတွက် ပုံစံမျိုးစုံဖြင့် ထောက်ပံ့သော လျော်ကြေးများရရှိရေး အတွက် ထိရောက်မှုရှိသည့် ကနဦးအစ ထောက်ပံ့မှုများကို ရရှိရန် ဆောင်ရွက်ပေးရမည် ဖြစ်သည်။

## ၂.၁၄။ ညှိနှိုင်းမှုစရိတ်နှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်း

နည်းပညာအသစ်များ တင်သွင်းလာမှုသည် ယေဘုယျ အားဖြင့် အဖွဲ့အစည်းတစ်ခုတွင် အပိုကုန်ကျမှုများ လျော့နည်းလာ စေသည့် အဓိပ္ပာယ်ဆောင်ပါသည်။ ၎င်းအပြင် မြေလျှင်ဖော်ခံ နိုင်သည့် နည်းပညာများ အပါအဝင် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းပညာနှင့် စနစ်ပုံစံအသစ် များကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ၌ အပိုကုန်ကျစရိတ်များ ပို၍ မြင့်တက်သည့် အကျိုးတရားများ ဖြစ်ပေါ်စေပါသည်။ ဤအရာ သည် အဘယ့်ကြောင့် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် တိုးတက်မှုကို အကောင်အထည်ဖော်ရာတွင် သတင်းအချက်အလက် တန်ဖိုး မည်မျှလိုသည်ကို သိရှိနိုင်ပါသည်။ ဤအချက်သည် သတင်းအချက်အလက် ဝန်ပိမှုအကျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။

သတင်းအချက်အလက် ညှိနှိုင်းမှုစရိတ်အား တွက်ချက်မှုကို အန်တိုနီယိုကော်ဗီလာနှင့် ကိုင်အေတို့က ဖော်ပြခဲ့ပါသည်။ အဆိုပါ ကုန်ကျစရိတ်ဖြင့် အသုံးပြုသည့် နည်းပညာအကျိုးတရား ပို၍ ကောင်းမွန်ခဲ့သော်လည်း အခြားတစ်ဖက်တွင် ဈေးကြီးမှုနှင့် အခြား ဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

## ၂.၁၅။ လိင်ခွဲခြားမှုနှင့်ငှင်း၏အားနည်းချက်

မြေလျှင်ဘေးနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးဒဏ်တို့ ကျရောက်သောအခါတွင် အမျိုးသမီးတို့၏ သေဆုံးမှုနှုန်းသည် တစ်ခါတစ်ရံ ၎င်းတို့၏ အသက်အပိုင်းအခြားအလိုက် သတ်မှတ် ချက်ထက် အချိုးမကျစွာ သေဆုံးနေသည်ကို တွေ့ရှိရပါသည်။ ဥပမာ လတ်တလောကြုံတွေ့ရသည့် အိန္ဒိယမြေလျှင်ဘေးကြီး တွင် အမျိုးသမီးရာခိုင်နှုန်းသည် လျှင်ဘေးဒဏ်ခံ လူဦးရေ၏ ၄၈ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ သို့သော်လည်း အမျိုးသားများနည်းတူ အဆောက်အအုံများ၏ အပြင်ဘက်တွင်အိပ်သော အမျိုးသမီး ၅၅ ရာခိုင်နှုန်းသည် သေလုမြောပါး ထိခိုက်ခဲ့သဖြင့် အပျက်အစီး ပြိုကျမှုမှ လွတ်မြောက်သူဦးရေသည် ပို၍ ရာခိုင်နှုန်းများခဲ့ပါသည်။ (ခရစ် နာရတ်ဂျ် -၁၉၉၇) လေ့လာမှုများအရ အမျိုးသမီးများသည် တက်ကြွသော တုံ့ပြန်ပြုမူတတ်သူများ ဖြစ်ကြပါသည်။ အမျိုး သားများ လွှမ်းမိုးလျက်ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်၊ မိသားစုနှင့် လူ့အဖွဲ့အစည်း၏ အစဉ်အလာအရ

သဘာဝဘေးဒဏ် တုံ့ပြန်မှုတွင် နစ်မြုပ်ခြင်း ခံနေရပါသည်။ ဤအကြောင်းတရားများအရ အမျိုးသမီးများနှင့် ကလေးများသည် သဘာဝဘေးအန္တရာယ် လျှော့ချရေး နိုင်ငံတကာဆယ်စုနှစ်၏ **"တာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသော့ချက်များ"** တွင် အသိအမှတ်ပြုခြင်း ခံရပါသည်။

**သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်ရာတွင် အမျိုးသမီးများအား ပိုမိုထိခိုက်လွယ်စေမည့် အခြေခံအကြောင်းတရားများ**

ယေဘုယျအားဖြင့် ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ ဆင်းရဲကြသည်။ ပုံမှန်မဟုတ်သော စီးပွားရေးကဏ္ဍများနှင့် လုပ်ခမရမှု လုပ်ခလျော့နည်းရရှိမှုစသည့် အလုပ်အကိုင်နေရာများတွင် အမျိုးသမီးများစွာတို့သည် အချိုးအစားလွဲမှားစွာ ပါဝင် လုပ်ကိုင်လျက် ရှိပါသည်။ အမွေဆက်ခံမှု ဥပဒေများနှင့် ရိုးရာဓလေ့ထုံးတမ်းများ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဘဏ်စနစ်များနှင့် လူနေမှုစနစ်ပုံစံ အမျိုးအမျိုးတို့တွင် ခွဲခြမ်းစိတ်ဖြာပေးဝေမှုများ၊ ပစ္စည်းဥစ္စာများ ပိုင်ဆိုင်မှုရရှိရန် ဆောင်ရွက်ရမည့် အဆင်မပြေသည့် နည်းလမ်းများ၊ ငြင်းဆန်နိုင်မှု အင်အားနည်းပါးခြင်း စသည့် အမျိုးသမီးများ လွတ်လပ်မှုအပေါ် ၎င်းတို့၏ ဖခင်များ၊ လင်ယောကျ်ားများနှင့် သားများက အတင်းအကျပ်လွှမ်းမိုးလျက် ရှိပါသည်။ ကြိမ်ရေများစွာ မီးဖွားခြင်း၏ အကျိုးသက်ရောက်

ဖြစ်သော ကျန်းမာရေး အန္တရာယ်ရှိမှုသည် မီးဖွားစဉ်ကာလအတွင်း အလုပ်ပြတ်တောက်မှုနှင့် ထုတ်လုပ်နိုင်မှု စွမ်းရည်ကို ထိခိုက်စေပါသည်။ ရိုးရာဓလေ့ဆိုင်ရာ မျှော်လင့်ချက်များနှင့် အိမ်တွင်းအလုပ်တာဝန်များသည် အမျိုးသမီးများ၏ စွမ်းဆောင်မှုကို ကန့်သတ်လျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံရေးကဏ္ဍတွင် ပါဝင်နိုင်မှု အခွင့်အရေး၊ ပညာရေး၊ သတင်းအချက်အလက်စုံစမ်းရေး၊ ဈေးကွက်များနှင့် အခြားအခွင့်အရေးများစသည့်တို့တွင် အခွင့်အလမ်း နိမ့်ကျနေရပြီး မိန်းမသားတို့၏ အားနည်းချက်အပေါ် အခြေခံသည့် အတင်းအကျပ်မှုများကြောင့် ဆုံးရှုံးမှုများ တွေ့နေရပါသည်။

## ၂.၁၆။ သဘာဝဘေးအန္တရာယ်ဆိုင်ရာသင်ခန်းစာများ

လျှင်ဘေးကျရောက်ပြီးနောက် ကြီးမားသော အရင်းအမြစ်များသည် တာဝန်ရှိသူများကို အကျိုးပြုစေသော်ငြားလည်း အစိုးရ အနေဖြင့်မူ ကြီးမားသော ဆုံးရှုံးမှုကို ရရှိခဲ့ပါသည်။ ၎င်းမှာ လျှင်ဘေးအန္တရာယ် အမြင့်ဆုံးဒေသဖြစ်သော ဂူဂျာရတ်ပြည်နယ်၏ ဘေးအန္တရာယ်ဒဏ်ခံရသော ပြည်နယ် အစိတ်အပိုင်းတို့သည် နောက်ဆုံးအခြေအနေ သတင်းများရရှိမှု အားနည်းခြင်းနှင့် လှုပ်ဘောင်အဖွဲ့အစည်း၏ အလွှာအသီးသီးတွင် ပြစ်မှုများ ဖြစ်ပွားခြင်းပင်ဖြစ်သည်။ (ဆင်ဟာ ၂၀၀၂) လူနေမှုအသိုင်းအဝိုင်းအနေဖြင့် တွေ့ကြုံခဲ့ရသည့် ဘေးဒဏ်ပမာဏကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မှုမရှိခဲ့သည့် အကျိုးဆက်ကြောင့်လည်း ဖြစ်ပါသည်။ ၎င်းအပြင် ဘေးအန္တရာယ်လွန်ကာလ စီမံခန့်ခွဲမှု အစီအစဉ်များ

အားနည်းမှုလည်း ပါဝင်ပါသည်။ ၎င်းတို့တွင် ပစ္စည်းများ ပြန်လည်ခွဲဝေ လှူဒါန်းမှု၊ အရေးကြီးသည့် ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြီးကြပ် ဆောင်ရွက်မှုတို့တွင် ချို့ယွင်းချက်ဖြစ်ပေါ်မှုများ ပါဝင်ပါသည်။ အစိုးရ၏ လုပ်ငန်းအစီအစဉ်များအတွက် ခွင့်ပြုထားသော ငွေစာရင်းများနှင့်စပ်လျဉ်း၍ အစိုးရ၏ လုပ်ငန်းစဉ်များတွင် တာဝန်ခံ ဆောင်ရွက်နေသော ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် (အုပ်စု) အဆင့် များတွင် ဝိရောဓိများ ဖြစ်ပွားပြီး ကြီးမားသော အရှုပ်အထွေးများ ဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံတကာ တာဝန်ယူ ဆောင်ရွက်မှုနှင့်အတူ တွေ့ရှိရသည့် အဓိကပြဿနာမှာ အနာဂတ်ဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်နှင့် ဒေသခံတို့၏ စွမ်းရည်ကို တည်ဆောက်ပေးရန် ပျက်ကွက်မှုပင် ဖြစ်ပါသည်။ ငွေကြေးတန်ဖိုး သတ်မှတ်မှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်းများစွာကပင် တည်ရှိနေခဲ့သော အဖွဲ့များသည် ယခုမှ အိန္ဒိယနိုင်ငံသို့ ရောက်ရှိသကဲ့သို့ ပြုမူနေခဲ့ကြပြီး အစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများတွင် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဆောင်ရွက်နေသော၊ လိုအပ်သည်ထက်ပိုမိုဖွဲ့စည်းထားသော၊ တိုးတက်သော၊ အိန္ဒိယအစိုးရမဟုတ်သောအဖွဲ့အစည်းများအား အကောင်းဆုံး အသုံးချနိုင်အောင် မဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပါသည်။ (မန်ရှိ ၂၀၀၁ စာမျက်နှာ ၄၅) ဒေသအတွင်းမှ ရရှိနိုင်သည့် ကယ်ဆယ်ရေး ပစ္စည်းများအား ဝယ်ယူ

ထောက်ပံ့ပေးခြင်းဖြင့် တန်ဖိုးရှိသော ငွေအရင်းအမြစ်များသည် အလဟဿဆုံးရှုံးခြင်း ခံရပါသည်။ အမျိုးမျိုးသော နစ်နာကြေးပုံစံများအား ထုတ်ပေးရာတွင် နှောင့်နှေးမှုမှအစပြု၍ နစ်နာကြေးပေးရာတွင် ခွဲခြားဆက်ဆံမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗျူရိုကရေစီစနစ် ကျင့်သုံးခြင်းစသော ရှုထောင့်အမြင်မျိုးစုံဖြင့် အဆိုပါ သုတေသနပြုမှုတွင် အလေးထား ပေါင်းစပ်ဖော်ပြထားပါသည်။

** ** ** ** **

# ရည်ညွှန်းချက်များ

၁။ သဘာဝဘေးအန္တရာယ်ရှိသောဒေသနှင့် လုံခြုံမှုမရှိသော နေအိမ်အဆောက်အအုံများတွင် နေထိုင်သော မိသားစုများအား ဆင်းရဲမှုဖြစ်စေသည့် အင်အားများ - ၎င်းတို့သည် စီးပွားရေးနှင့် နိုင်ငံရေးဖိအားများကြောင့် စိတ်ချရသော ရွေးချယ်မှုကို ရပိုင်ခွင့် မရှိပေ။ မကြာခဏပင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရများသည် ဘေးအန္တရာယ် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲသည့် နည်းလမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်ခြင်း၊ ၎င်းတို့မှာ သစ်တောပြန်လည် ပျိုးထောင်ခြင်းအစီအစဉ်၊ ကောင်းမွန်သော မြေအသုံးချမှု၊ မြစ်ချောင်းနှင့်ကမ်းခြေဒေသအား ကောင်းမွန်စွာ စီမံခန့်ခွဲခြင်း လုပ်ငန်းများ ပါဝင်ပါသည်။ ဥပမာ-ဆင်းရဲမွဲတေမှုသည် လူသား များအားပို၍ ဘေးအန္တရာယ်ဒဏ်ခံရလွယ်မှုကို ဖြစ်ပေါ်စေပါသည်။ ဘေးအန္တရာယ်ကျရောက်မှု ထပ်ခါထပ်ခါဖြစ်ခြင်းသည် လူသားများ အား နာတာရှည်ဆင်းရဲမွဲတေမှု ဝဲဒုက္ခအတွင်းသို့ တွန်းပို့စေပါသည်။

၂။ သင့်လျော်သော အိမ်အသုံးအဆောင်များအား လွတ်လပ်စွာ ရွေးချယ်ခွင့်အတိုင်းအတာသည် စည်းစိမ်ဥစ္စာများ ရပိုင်ခွင့်များအတွက် စိတ်ဆုံးဖြတ်ချဉ်းကပ်ရာတွင် အရေးကြီးပါသည်။ မိမိ၏ဆန္ဒမပါဘဲ ဝင်ငွေဖန်တီးမှု လုပ်နေမှုဘဝ မဟာဗျူဟာစသည့် မိသားစုအမှီပြုရပ်တည်နေရသည့် ဘတ်ဂျက်ငွေစာရင်းအပေါ် မူတည်၍ အိမ်အသုံးအဆောင်ပစ္စည်းများကို ဆုံးဖြတ်ရွေးချယ်ရခြင်းကို ဆိုလိုပါသည်။ တည်ငြိမ်မှုမရှိဘဲ တက်လိုက်ကျလိုက်ဖြစ်နေပြီး၊ ကန့်သတ်ချက်ရှိသော ဝင်ငွေသာ ရရှိသောအခါ ၎င်းငွေကို အသက်ရှင်နေထိုင်နိုင်အောင် မည်သို့ သုံးစွဲရမည်။ ၎င်းငွေကုန်သွားသောအခါ မည်သို့ရပ်တည်ရမည်ကို ဆုံးဖြတ်ချက်ချရခြင်းဖြစ်ပါသည်။

၃။ ကွပ်ချုံအဖြစ်ပျက်အား လေ့လာချက်အနေဖြင့် မြေလျော်ဒဏ်ခံရပြီးနောက် တင်ရှိနေသော အကြွေးအများစုသည် လျော်ဒဏ်ခံခဲ့ရသည့် ၎င်းတို့၏ အိုးအိမ်များကို ပြန်လည်တည်ဆောက်ရန်အတွက် အကြွေးတင်ခြင်းဖြစ်ကြောင်း ဖော်ပြနေပါသည်။

၄။ ယာယီအဆောက်အအုံဆိုသည်မှာ အမြဲတမ်း အဆောက်အအုံ ဆောက်လုပ်ပြီးသည့် အချိန်အထိ ကြားဖြတ်စီစဉ်ပေးထားသည့် အဆောက်အအုံများကို ဆိုလိုပါသည်။ ကွပ်ချုံခရိုင်အတွင်းရှိ အဆောက်အအုံများသည် အစိုးရ၏ အိုးအိမ်များအတွက် လျော်ကြေးပေးမှုနှင့် မြို့နယ်၏ အစီအစဉ်များ ညှိဖျင်းလစ်ဟာမှုကြောင့်တစ်ပိုင်း အမြဲတမ်း အဆောက်အအုံများ ဖြစ်နေပါသည်။

၅။ ဒေသအတွင်း၌ အလုပ်အကိုင်အသစ် ဖန်တီးနိုင်မှု မရှိခြင်းဖြစ်ပါသည်။ အဆိုပါ အခြေအနေသည် ဒေသခံအလုပ်သမားများကို ပေးရသည့်လုပ်ခထက် သက်သာသောလုပ်ခဖြင့် လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သား အများအပြား ကွပ်ချံခရိုင်အတွင်းသို့ ရွှေ့ပြောင်းလာမှုကို ဖော်ပြပါသည်။ ဤအချက်သည် ကွပ်ချံဒေသရှိ အလုပ်သမားများအတွက် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်း နည်းပါးခြင်း၊ အလုပ်လက်မဲ့ပြဿနာနှင့် စီးပွားရေးကျပ်တည်းမှုများကို ဦးတည်လျက် ရှိပါသည်။

၆။ ဤလေ့လာချက်မှ မန်ဒဟာပရာဒေ့ရှ်နှင့် နေရာအများအပြားတွင် ရောင်းခွန်ကောက်ခံမှု မက်လုံးပေးမှုကြောင့် ရောင်းခွန်ကဏ္ဍတွင် ၇ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့ရကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သူတို့၏ အသေးစားနှင့် အကြီးစားစက်ရုံအများအပြားအပေါ် လေ့လာသုံးသပ်ချက်များသည် ရောင်းဝယ်ခွန် မက်လုံးပေးသည့်စနစ်အား အမြဲအသုံးပြုနေခြင်းသည် ရင်းနှီးမြှုပ်နှံမှုအဆင့် တက်လာစေရန် အသုံးပြုသည့် သင့်လျော်သော အစီအမံမဟုတ်ကြောင်းနှင့် နောက်ပိုင်း၌လည်း အကျိုးမရှိကြောင်း ညွှန်ပြနေပါသည်။

၇။ ကွပ်ချံဒေသရှိ လျှော်ဒဏ်ကျရောက်ပြီးကာလ စက်ရုံများကို လေ့လာခြင်းသည် အခြားအလားတူ သိမြင်နိုင်သည့် အရာများကို အတည်ပြုပေးပါသည်။ ဒေသခံပြည်သူများကိုလည်း အခွန်မက်လုံးပေးမှုကာလ ကုန်ဆုံးသောအခါ အဆိုပါစက်ရုံများ

ထွက်ခွာသွားလိမ့်မည်ဖြစ်ကြောင်း သိမှတ်စေပါသည်။ ၎င်းအပြင် အဆိုပါစက်ရုံများ တည်ထောင်ခြင်းမှ ရှုံးငွေကုဋေပေါင်း များစွာ ရရှိခဲ့သော်လည်း အလုပ်အကိုင်သစ် ဖန်တီးနိုင်မှုသည် ၁၅ ရာခိုင်နှုန်းထက် မပိုကြောင်း တွေ့ရှိရပါသည်။

** ** ** ** **

## အခန်း (၃)

## uycc½i\vrp;yuça&;/ usvuyab;qi&la yåyrç;tay.o;oycuwpc oyen;uaw;acajrçjri , qcu

ပြည်နယ်အတွင်းရှိ ဆိုးဝါးသော ရိုက်ခတ်မှုများ အခံရဆုံးသော ကွပ်ချီခရိုင်အတွင်းမှ လူနေမှုဘဝသည် ငလျင်ဘေးအန္တရာယ် မကျရောက်မီကာလကပင် လူမှုရေးနှင့် စီးပွားရေးဖိအားများ ဒဏ်ခံနေခဲ့ရပါသည်။ ကွပ်ချီဒေသသည် မိုးခေါင်ရေရှားခြောက်သွေ့ပြီး လူနေကျဲ၍ ဘေးအန္တရာယ် ကျရောက်လွယ်သောဒေသ ဖြစ်ပါသည်။ အဆိုပါဒေသသည် မိုးခေါင်မှုဖြစ်ပွားခြင်း၊ ငှက်ဖျားရောဂါဘေးကျရောက်ခြင်းနှင့် မြေငလျင်လှုပ်ခြင်း စသည့်ဘေးအန္တရာယ်များ မကြာခဏကျရောက်သည့် သမိုင်းနောက်ခံရှိပါသည်။ ၎င်းဒေသသည် ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် မိုးခေါင်မှု နှစ် နှစ်ဆက်တိုက် ဖြစ်ပွားမှုကို ခံခဲ့ကြရပါသည်။

## ၃. ၁။ ကွပ်ချဲခရိုင်၏အုပ်ချုပ်ရေးပုံစံ

လက်ရှိတွင်ကွပ်ချဲခရိုင်၌ ရွာပေါင်း (၈၄) ရွာပါရှိသည့် အုပ်စု (၁၀) စု ရှိပါသည်။ ၎င်းတို့မှာ ပန်ချာရတ် (၆၀၂) ရွာနှင့် ပန်ချာရတ်အစု (၂၃၉) စု ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်အထိ အုပ်ချုပ်မှုပုံစံမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

# ဇယား ၃.၁။ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ

| စဉ် | မြို့များ | နာဂါ ပါလီကာ | နာဂါ ပန်ချာရပ် | ဂရမ် ပန်ချာရပ် အရေအတွက် | ပန်ချာရပ် အစု အရေအတွက် | ကျေးရွာအရေအတွက် | | မြို့ပြဒေသ | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | စုစုပေါင်း | အတည်တကျ နေထိုင်သူ | အတည်တကျ မနေထိုင်သူ | |
| ၁ | ဘူးဂျီ | ဘူးဂျီ | | ၁၀၃ | ၄၅ | ၁၅၈ | ၁၄၅ | ၁၃ | ၂ |
| ၂ | မနူရာ | - | မနူရာ | ၄၁ | ၁၂ | ၆၀ | ၅၈ | ၂ | ၁ |
| ၃ | မန်ဒီ | မန်ဒီ | | ၇၄ | ၂၁ | ၉၁ | ၈၉ | ၂ | ၁ |
| ၄ | အဘူတ်စာ | | နာလီယာ | ၈၅ | ၄၁ | ၁၉၅ | ၁၅၁ | ၁၄ | ၁ |
| ၅ | လာဂ်ပတ် | | | ၃၃ | ၂၅ | ၁၀၀ | ၈၄ | ၁ | - |
| ၆ | နမဟတ်ကြာနာ | | | ၇၅ | ၃၅ | ၁၃၂ | ၁၂၂ | ၁၀ | - |
| ၇ | ရာပါ | | ရာပါ | ၇၈ | ၂၇ | ၉၇ | ၉၇ | - | ၁ |
| ၈ | ဘတ်ခရော | | ဘတ်ခရော | ၅၉ | ၁၇ | ၇၁ | ၆၉ | ၂ | ၁ |
| ၉ | အန်ဂျာ | အန်ဂျာ ဝန်ဟာစ်ဟာန် | | ၅၅၄ | ၁၆ | ၇၅ | ၆၉ | ၆ | ၂ |
| ၁၀ | ကွပ်ရဲ့ခရိုင် | | ၄ | ၆၀၂ | ၂၇၉ | ၉၇၉ | ၈၈၄ | ၆၅ | ၁၀ |

ကိုးကားချက်။ စီမံကိန်းလမ်းညွှန် ကဝ်ချ် ၁၉၉၇ စီးပွားရေးနှင့် စာရင်းအင်း ညွှန်ကြားရေးမှူးရုံး၊ ဂူဂျာရတ် အစိုးရ

## ၃.၂၊ ၁၉၆၁ ခုနှစ်၊ ၁၉၉၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်မှ ကွပ်ချ်ခရိုင်နှင့် ဂူဂျာရတ်ပြည်နယ်တို့ရှိ အလုပ်အကိုင် အခြေအနေ

ဒေသစာရင်းဇယားများအရ ပြည်နယ်အတွင်းရှိ စက်မှုကဏ္ဍမှ အလုပ်အကိုင်ရာခိုင်နှုန်းသည် ၂ ရာခိုင်နှုန်းထက် လျော့နည်းနေပြီး လူဦးရေအများစုသည် မိုးရာပုံစံမျိုးစုံရှိသည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအပေါ်တွင် ယခုအချိန်အထိ အမှီပြုနေရကြောင်း တွေ့ရှိရပါသည်။ ဒေသအတွင်းရှိ အများစုအား အစုအဖွဲ့ခွဲခြားဖွဲ့ပါက ပိုင်ဆိုင်သည့်လယ်မြေ အနည်းပေါ်တွင် မိုးရေသောက် လယ်ယာစိုက်ပျိုးသည့်အဖွဲ့၊ ကျွဲနွားများမွေးမြူခြင်းနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်သည့်အဖွဲ့၊ ဆားချက်လုပ်သည့် အဖွဲ့နှင့် မြို့ပြသို့ရာသီအလိုက် ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သည့် အဖွဲ့များဟူ၍ စုဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် ၂၀၀၁)

ဇယား ၃. ၂။ အလုပ်အကိုင်များလုပ်ကိုင်မှု အခြေအနေပြဇယား

| အလုပ်အကိုင် အမျိုးအစား | အလုပ်သမားအရေအတွက် ရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | ကျောက်ဖြူမြို့ | | | ပြည်နယ်အဆင့် | | |
| | ၁၉၆၁ | ၁၉၉၁ | ၂၀၀၂ | ၁၉၆၁ | ၁၉၉၁ | ၂၀၀၂ |
| အခြေခံကျွမ်း | ၆၀.၇၇ | ၇၇.၆၈ | | ၆၉.၃၇ | ၇၃.၂၄ | |
| စိုက်ပျိုးရေး ရေလုပ်ငန်းရှင် | ၄၇.၆၃ | ၂၆.၇၇ | ၁၈.၆၃ | ၇၃.၃၂ | ၃၃.၄၇ | ၂၇.၇၇ |
| စိုက်ပျိုးရေး ရေလုပ်သားများ | ၁၁.၇၇ | ၂၇.၈၇ | ၂၇.၆၃ | ၁၄.၇၇ | ၁၁.၉၂ | ၂၅.၅၉ |
| မှူးကြီး/သင်တော | ၁.၇၇ | ၇.၂၆ | | ၁.၂၄ | ၃.၀၅ | |
| ခုတိယကျွမ်း | ၁၄.၈၇ | ၁၁.၂၆ | | ၁၂.၈၉ | ၁၆.၂၇ | |
| သတ္တု ကျောက်တူးလုပ် | | ၀.၉၄ | | | ၀.၄၂ | |
| အသေးစားစက်မှုထုတ်ကုန် ထုတ်လုပ်ရေး လုပ်ငန်း | ၁၁.၉၁ | ၂.၁၃ | ၄.၉၇ | ၆.၇၆ | ၁.၃၉ | ၁.၈၇ |
| အခြားထုတ်ကုန် ထုတ်လုပ်ရေးလုပ်ငန်း | ၂.၉၄ | ၇.၉၃ | | ၆.၃၃ | ၁၄.၄၆ | |
| တတိယကျွမ်း | ၂၆.၇ | ၃၁.၃၂ | | ၁၇.၇၈ | ၂၆.၃၉ | |
| ဆောက်လုပ်ရေး | ၂.၂၃ | ၃.၄၃ | | ၁.၀၆ | ၂.၀၁ | |
| ကုန်သွယ်ရေး ရောင်းဝယ်ရေးလုပ်ငန်း | ၃.၇၈ | ၈.၉၁ | | ၄.၈၇ | ၈.၈၇ | |
| သယ်ယူပို့ဆောင်/ဆက်သွယ်ရေး | ၂.၇၉ | ၇.၈ | | ၁.၈၈ | ၃.၇၉ | |
| အခြားဝန်ဆောင်မှု | ၁၄.၃ | ၁၁.၁၈ | | ၉.၅၉ | ၉.၇၂ | |
| အခြားလုပ်သား | | ၇၂.၇၉ | | | ၄၆.၀၈ | |
| အလုပ်အကိုင်စုစုပေါင်း | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ | ၁၀၀.၀၀ |

အကိုးအကား။ ၁၉၆၁ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်၊ ခရိုင်သန်းခေါင် စာရင်းလက်စွဲစာစောင်နှင့် ၂၀၀၂ ခုနှစ် သန်းခေါင်စာရင်းရုံးမှတ်တမ်း

## ၃. ၃။ ကွပ်ချ်ခရိုင်ရှိစာရင်းဝင်ဇာတ်နှင့်စာရင်းဝင်လူဦးရေ

ကွပ်ချ်ခရိုင်တွင်လည်း အလားတူပင် ဘာသာရေးနှင့် လူမျိုးစုနိုင်ငံရေးတို့အား ဖြိုင်နေခဲ့ကြပါသည်။ စာရင်းဝင်ဇာတ်နှင့် မျိုးနွယ်စုဦးရေသည် ဂုဂျာရတ်ပြည်နယ်၌ တစ်နိုင်ငံလုံးရှိ ပျမ်းမျှနှုန်းထက် နည်းပါးနေသော်လည်း အဆိုပါဒေသတွင် စာရင်းဝင်ဇာတ်နှင့် မျိုးနွယ်စုအရေအတွက်တို့သည် ပြည်နယ်အတွင်းရှိ ပျမ်းမျှအရေအတွက်ထက် ထူးခြားစွာ မြင့်တက်လျက် ရှိပါသည်။ (ကမ္ဘာဘဏ်/အာရှဖွံ့ဖြိုးရေးဘဏ် ၂၀၀၁) အဆိုပါ လူ့အဖွဲ့အစည်းများသည် နောက်ပေါက်မျိုးဆက်များကိုလည်း လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ခွဲခြားဆက်ဆံခြင်း ခံရလျက် ရှိကြပါသည်။ အထက်ပါသမိုင်းကြောင်းအရ လူမှုရေးပတ်သက်မှု၊ အချိန်ကာလ၊ နေရာတို့သည် လူထုဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် နိုင်ငံရေးသဘောထား ကွဲပြားမှုကို ဖြစ်ပေါ်စေသည့်အချက်များ ဖြစ်သည်။

ဇယား ၃. ၃ ။ စာရင်းဝင်မျိုးနွယ်စုနှင့် ဇာတ်လူဦးရေ

| နှစ်များ | စာရင်းဝင်ဇာတ်နှင့် စာရင်းဝင်မျိုးနွယ်စုလူဦးရေရာခိုင်နှုန်း | |
|---|---|---|
| | စာရင်းဝင်ဇာတ် | စာရင်းဝင်မျိုးနွယ်စု |
| ၁၉၆၁ | ၈. ၁၁ | ၅. ၇၇ |
| ၁၉၇၁ | ၇. ၆၄ | ၃. ၈၅ |
| ၁၉၈၁ | ၁၀. ၆၅ | ၆. ၀၃ |
| ၁၉၉၁ | ၁၁. ၉ | ၆. ၉၅ |

ကိုးကားချက်။ ကွပ်ချ်ခရိုင်၏တိုးတက်မှုမှတ်တမ်း အကျဉ်း ၁၉၉၆

## ၃.၄။ ကွပ်ချဲခရိုင်တွင်စာရင်းဝင် ဇာတ်များအကြားမှ စာပေတတ်မြောက်မှုအခြေအနေ

ကွပ်ချဲခရိုင်တွင် စာရင်းဝင်ဟိန္ဒူဇာတ်နိမ့်များ၏ လူဦးရေသည် အများစုဖြစ်သော်လည်း စာပေတတ်မြောက်မှု မျက်နှာစာတွင်မူ နိမ့်ကျလျက်ရှိပါသည်။ ၁၉၆၁ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်အကြားတွင်မူ ကျား၊ မ နှင့် လူဦးရေ စုစုပေါင်းတို့အကြား ခြားနားမှုသည် ထူးဆန်းစွာ ကျဉ်းမြောင်းလျက် ရှိပါသည်။ (၂၀၀၁ ခုနှစ်၊ ကွပ်ချဲခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း) မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုစလုံးတွင် ဟိန္ဒူဇာတ်နိမ့် အမျိုးသားသည် အမျိုးသမီးများထက်ပို၍ စာပေသင်ယူမှု ပြုကြပါသည်။ အကျိုးတရားအားဖြင့် အလွှာတိုင်းတွင် မြို့ပြဒေသနှင့် ကျေးလက်ဒေသ ကွာဟချက်သည် နိမ့်ကျလာခဲ့ပါသည်။ ဤအချက်များအရ အမျိုးသမီးများသည် စာပေဆိုင်ရာကဏ္ဍတွင် အဆင့်နိမ့်ကျလျက်ရှိပြီး ဇာတ်နိမ့်ဟိန္ဒူ အမျိုးသမီးများတွင်မူ ပို၍ ဆိုးကျိုးကို ဖြစ်စေခဲ့ပါသည်။

ဇယား ၃.၄။ ကွပ်ချ်ခရိုင်မှဟိန္ဒူဇာတ်နိမ့်များ၏စာပေ တတ်မြောက်မှုအခြေအနေ

| ခရိုင်/ပြည်နယ် | စာပေတတ်မြောက်မှုရာခိုင်နှုန်း | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | | | မ | | | စုစုပေါင်း | | |
| | ၁၉၆၁ | ၁၉၉၁ | | ၁၉၆၁ | ၁၉၉၁ | | ၁၉၆၁ | ၁၉၉၁ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ကွပ်ချ်အထွေထွေ | ၃၃.၄ | ၅၂.၆ | ၄၆.၁ | ၁၆.၉ | ၃၃.၇ | ၄၀.၉ | ၂၅ | ၄၃.၃ | ၅၂.၈ |
| ကျေးလက် | ၂၇.၆ | ၄၆.၁ | ၆၆.၅ | ၁၂.၈ | ၂၆.၉ | ၃၂.၈ | ၂၀ | ၃၆.၆ | ၄၄.၉ |
| မြို့ပြ | ၅၆.၄ | ၆၆.၅ | ၄၉.၅ | ၃၄.၉ | ၄၉.၆ | ၅၉.၆ | ၄၅.၉ | ၅၈.၄ | ၇၀.၂ |
| ကွပ်ချ်ဇာတ်နိမ့် | ၁၆.၆ | ၄၉.၅ | ၄၇.၄ | ၂.၅ | ၁၉.၅ | ၂၄.၄ | ၉.၅ | ၃၄.၉ | ၄၃.၇ |
| ကျေးလက် | ၁၄.၂ | ၄၇.၄ | ၅၄.၂ | ၁.၁ | ၁၇.၁ | ၂၀.၃ | ၇.၆ | ၃၂.၃ | ၄၀.၇ |
| မြို့ပြ | ၂၉.၁ | ၅၄.၂ | ၆၈.၃ | ၉.၇ | ၂၅.၁ | ၃၁.၇ | ၁၉.၃ | ၄၀.၃ | ၅၀.၈ |

အကိုးအကား။ ၁၉၆၁ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်၊ ခရိုင်သန်းခေါင် စာရင်းလက်စွဲ စာစောင်

## ၃. ၅။ ကျား/မ စာပေတတ်မြောက်မှု

လိင်ပိုင်းဆိုင်ရာအရ သာတူညီမျှမှု ရှိခြင်းသည် ဒေသအတွင်း၌ အရေးပါသော စီးပွားရေးရာနှင့် လူမှုရေးရာ အားနည်းချက်တစ်ရပ်အဖြစ် သိသာစေပါသည်။ (အင်နာဆွန်- ၂၀၀၁) အိန္ဒိယအမျိုးသမီးများသည် အမျိုးသားများထက် ၃၀ ရာခိုင်နှုန်း လျော့နည်း၍ အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင် ကြပါသည်။ အမျိုးသမီး အားလုံး၏ တစ်ဝက်သည် သွေးအားနည်းရောဂါကို ခံစားနေရပါသည်။ ရံဖန်ရံခါတွင် အမျိုးသမီးများသည် ပစ္စည်းပိုင်ဆိုင်ခွင့်ပင် မရှိဘဲ ဖြစ်နေပါသည်။ ဂူဂျာရတ်ပြည်နယ်တွင် အမျိုးသမီး ၅၄ ရာခိုင်နှုန်း သည် အသက် ၁၈ နှစ် မရောက်မီ အိမ်ထောင်ပြုကြပြီး အိန္ဒိယအမျိုးသမီး အများစုနည်းတူ ဖွံ့ဖြိုးမှုကို အမည်ခံ ရွေးချယ်ခွင့်သာ ရရှိခြင်း (သို့မဟုတ်) အရွယ်ရောက်မှုကို ရွေးချယ်ခွင့်မရခြင်းများ ဖြစ်ပါသည်။ ၎င်းအပြင် အမျိုးသမီးများသည် ကလေးသူငယ်များအား အောက်ခြေသိမ်း ပြုစုစောင့်ရှောက်ခြင်း၊ အိမ်အသုံးအဆောင်များ ဝယ်ယူရန်အတွက် လိုအပ်သောငွေကြေးရရှိရန်အတွက် အခစား အလုပ်လုပ်ရန် ကြိမ်ဖန်များစွာ အတင်းအကျပ် ခိုင်းစေမှုခံရခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်း၊ တင်းကျပ်သောဖိဝါဒ (ယောကျ်ားကြီးစိုးသော ဝါဒ) နှင့် ထိပ်တိုက်ရင်ဆိုင်နေရခြင်း၊ နိုင်ငံရေးကိစ္စများတွင် ပါဝင်ဆွေးနွေး တင်ပြနိုင်မှု မရှိခြင်းစသော ဝန်ထုပ်ဝန်ပိုးများ ပိလျက်ရှိပါသည်။ ဤအချက်သည် အထူးသဖြင့် ကွပ်ချ်ခရိုင် ကဲ့သို့သော

လူမှုဆက်ဆံရေးနယ်ပယ်တွင် ပြင်းထန်သော ဖိုဝါဒကြီးစိုးမှု အလွန်သိသာထင်ရှားစွာ ကျန်ရှိနေသည့် ဒေသ နယ်မြေများတွင် အမျိုးသမီးများသည် ဘေးအန္တရာယ်ကျရောက် ဖြစ်တည်မှု၏ ထူးခြားသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြစ်တည် နေပါသည်။

## ဇယား ၃.၅။ ယောက်ျား/မိန်းမစာတတ်မြောက်မှု

| ခရိုင်/ပြည်နယ် | စာတတ်မြောက်မှုရာခိုင်နှုန်း % | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကျား | | | | | မ | | | | | စုစုပေါင်း | | | | |
| | ၁၉၆၁ | ၁၉၉၁ | | ၂၀၀၁-၂၀၀၂ | | ၁၉၆၁ | ၁၉၉၁ | | ၂၀၀၁-၂၀၀၂ | | ၁၉၆၁ | ၁၉၉၁ | | ၂၀၀၁-၂၀၀၂ | |
| ကွပ်ချိခနိုင် | ၃၃.၄ | ၅၂.၆ | ၆၄.၃ | ၅၉.၈ | ၇၁ | ၁၆.၉ | ၃၃.၇ | ၄၀.၉ | ၄၁.၅ | ၄၉.၁ | ၂၅ | ၄၃.၃ | ၅၂.၈ | ၅၁ | ၆၀.၄ |
| ကျေးလက် | ၂၇.၆ | ၄၆.၁ | ၅၆.၉ | ၅၄.၆ | ၆၅.၆ | ၁၂.၈ | ၂၈.၉ | ၃၂.၈ | ၃၄.၇ | ၄၁.၅ | ၂၀ | ၃၆.၆ | ၄၄.၉ | ၄၄.၅ | ၅၃.၈ |
| မြို့ပြ | ၅၆.၄ | ၆၆.၅ | ၇၉.၉ | ၇၂ | ၈၂.၉ | ၃၄.၉ | ၄၉.၆ | ၅၉.၆ | ၅၇.၇ | ၆၆.၃ | ၄၅.၉ | ၅၈.၄ | ၇၀.၂ | ၆၅.၂ | ၇၄.၉ |
| ပြည်ထောင်စု | ၄၁.၁ | ၆၁ | ၇၃.၁ | ၆၈.၈ | ၈၀.၅ | ၁၉.၁ | ၄၀.၆ | ၄၈.၆ | ၅၀.၅ | ၅၈.၆ | ၃၀.၅ | ၅၀.၁ | ၆၁.၃ | ၆၀ | ၇၀ |
| ကျေးလက် | ၃၄.၅ | ၅၅.၃ | ၆၆.၈ | ၆၃.၂ | ၇၅ | ၁၃.၂ | ၃၂.၁ | ၃၈.၆ | ၄၀.၂ | ၄၈.၅ | ၂၅.၁ | ၄၄ | ၅၃.၁ | ၅၂.၅ | ၆၂.၀ |
| မြို့ပြ | ၁၉.၆ | ၇၁.၆ | ၈၄.၆ | ၅၇.၃ | ၈၉ | ၃၆.၇ | ၆၄.၈ | ၆၇.၅ | ၇၇.၈ | ၇၅.၃ | ၄၈.၈ | ၆၆.၄ | ၇၆.၅ | ၇၂.၅ | ၈၂.၆ |

ကိုးကားချက်။ ၂၀၀၁ ခုနှစ်၊ သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြု၍ ကွပ်ချိခနိုင်အတွက် ၂၀၀၂ ခုနှစ်၊ သန်းခေါင်စာရင်း အချက်များကို ပြုစုထားပါသည်။

### ၃.၆။ ကွပ်ချ်ခရိုင်နှင့် ဂူဂျာရတ်ပြည်နယ်တို့ရှိ မြေအသုံးချမှု

ကွပ်ချ်ခရိုင်တွင် လယ်ယာမြေ ကျယ်ပြန့်စွာရှိသော်လည်း အများစုမှာ လယ်ယာစိုက်ပျိုးရန်အတွက် သင့်လျော်မှု မရှိပေ။ မိုးရွာသွန်းမှုမှာလည်း နည်းပါးပါသည်။ ပျမ်းမျှမိုးရေချိန်သည် ၃၅၀ မှ ၄၀၀ မီလီမီတာ အတွင်းရှိပြီး ၎င်းထက် ၃၀ ရာခိုင်နှုန်းထိ ပိုမိုပြောင်းလဲ ရွာသွန်းနိုင်ပါသည်။ မိုးရွာသည့်ရက်အရေအတွက်သည် ၁၀ ရက်မှ ၃၀ ရက်အကြား ရှိပါသည်။ မိုးခေါင်မှုများသည် မကြာခဏပေါ် ပေါက်သဖြင့် ခရိုင်၏နယ်မြေအများစုသည် သဲကန္တာရကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် သီးနှံများစိုက်ပျိုးရန် အထောက်အကူ မပြုနိုင်ဘဲ ဖြစ်နေပါသည်။ ထို့ကြောင့် ခရိုင် အတွင်း လူဦးရေသိပ်သည်းမှု နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ကွပ်ချ်ခရိုင်အတွင်းရှိ မြေဆီလွှာမှာလည်း ယေဘုယျအားဖြင့် အပင်များလိုအပ်သော အာဟာရများ နည်းပါးလျက်ရှိပါသည်။ ထို့ကြောင့် ခရိုင်အတွင်းရှိ အစိတ်အပိုင်းအချို့၌သာ စိုက်ပျိုးရေးလုပ်ကိုင်ရန် အခွင့်အလမ်း ရှိပါသည်။ ၎င်းတွင်မန်ဒီ၊ မန်ဒရာ၊ အန်ဂျာ၊ နာခတ်ထရာနာနှင့် ဘုဂျ်မြို့နယ်အုပ်စုများမှ ဒေသအစိတ်အပိုင်းများ ပါဝင်ပါသည်။ ကျန်ရှိနေသော စိုက်ပျိုးရေးလုပ်ငန်းများကို ရိုးရာဓလေ့အတိုင်း ဆက်လက် လုပ်ကိုင်နေကြပါသည်။ ၎င်းစိုက်ပျိုးရေးလုပ်ငန်းသည် မူလရှိပြီးအခြေအနေ အထောက်အပံ့နှင့် စိုက်ပျိုးရေးနည်းပညာအသစ်များ ပေါင်းစပ်ခြင်းဖြင့် ပို၍ကောင်းမွန်သောဈေးကွက် ဖြစ်ပေါ်ရရှိလာမည် ဖြစ်ပါသည်။

ဇယား ၃.၆။ ကွပ်ချဲ့ခရိုင်ရှိ မြေအသုံးချမှုပုံစံ

| ဒေသ | နှစ် | စုစုပေါင်း ပထဝီ ဆိုင်ရာ ဧရိယာ (ဟက်တာ ရာပေါင်း) | သစ် တော | စိုက်ပျိုး မရသော မြေ | မစိုက် ပျိုးသော မြေ | လေလွင့် နေသော မြေ | စား ကျက် မြေ | လက်ရှိ စွန့်ဆိုး မြေ | အခြား စွန့်ဆိုး မြေ | အသား စိုက်ပျိုး ဧရိယာ |
|---|---|---|---|---|---|---|---|---|---|---|
| ကွပ်ချဲ့ခရိုင် | ၁၉၆၀-၆၁ | ၄၂၄၃၉ | ၄.၆ | ၆၃.၈ | ၀.၈ | ၆ | ၀.၁ | ၁.၇ | ၄.၄ | ၁၃ |
| | ၁၉၇၀-၇၁ | ၄၅၆၁၂ | ၂.၂ | ၄၄.၆ | ၀.၈ | ၃၃.၈ | - | ၀.၅ | ၂.၅ | ၁၃.၆ |
| | ၁၉၈၀-၈၁ | ၄၅၆၁၂ | ၇.၃ | ၃၃.၈ | ၁.၅ | ၃၅.၁ | - | ၀.၉ | ၁.၄ | ၁၄.၄ |
| | ၁၉၉၀-၉၁ | ၄၅၆၁၂ | ၆.၃ | ၃၃.၄ | ၈.၆ | ၃၆.၄ | - | ၄ | ၀.၅ | ၁၂.၂ |
| | ၁၉၉၆-၉၇ | ၄၅၆၁၂ | ၆.၂ | ၃၃.၆ | ၀.၆ | ၃၆.၇ | - | ၄.၁ | - | ၁၂.၃ |
| ဂုဂျာရတ် ပြည်နယ် | ၁၉၆၀-၆၁ | ၁၇၉၂၂၁ | ၅.၁ | ၂၅.၆ | ၂.၃ | ၄.၃ | ၀.၁ | ၁.၉ | ၂.၄ | ၅၂.၄ |
| | ၁၉၇၀-၇၁ | ၁၈၈၁၅၈ | ၈.၄ | ၁၆.၃ | ၄.၁ | ၁၀.၅ | ၀.၂ | ၁.၉ | ၂.၁ | ၅၁.၆ |
| | ၁၉၈၀-၈၁ | ၁၈၈၂၂၀ | ၁၀.၄ | ၁၃.၃ | ၅.၇ | ၁၀.၅ | - | ၂.၉ | ၁.၈ | ၅၀.၉ |
| | ၁၉၉၀-၉၁ | ၁၈၈၂၁၉ | ၁၁ | ၁၃.၆ | ၆ | ၁၀.၅ | - | ၅.၅ | ၀.၃ | ၄၉.၄ |
| | ၁၉၉၆-၉၇ | ၁၈၈၁၁၃ | ၉.၉ | ၁၃.၈ | ၆.၁ | ၁၀.၅ | - | ၄ | ၀.၁ | ၅၀ |

အကိုးအကား။ ဆန်းဒရာရှမ်အီရင်ဂါ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေခံအချက်အလက်များအတွက် တင်သွင်းသော မြေအသုံးချမှု စာရင်းဇယားများ စာစောင်အမှတ် ၉၇၊ GIDR အမိဒါဘက်နှင့် လူမှုစီးပွားရေးဆန်းစစ်ချက်၊ ၂၀၀၁-၂၀၀၂ ခုနှစ်၊ ကွပ်ချ်ခရိုင်၏ ဖွံ့ဖြိုးရေးအစီရင်ခံစာ ၂၀၀၁ ခုနှစ်၊ ဂူဂျာရတ်မြို့နယ် အစိုးရစီးပွားရေးနှင့် စာရင်းဇယား ညွှန်ကြားရေးမှူးရုံး။

### ၃.၇။ မြေအသုံးချမှုပုံစံ

နိုင်ငံနှင့် ပြည်နယ်အတွင်းတွင် ယေဘုယျ အတွေ့အကြုံအရ ပျမ်းမျှမြေပိုင်ဆိုင်မှု အရွယ်အစားသည် အချိန်နှင့်အမျှ လျော့ကျလျက် ရှိပါသည်။ ကွပ်ချ်ခရိုင်တွင်လည်း ခြွင်းချက်မရှိ အလားတူပင် ဖြစ်ပါသည်။ ၎င်းအပြင် ပိုင်ဆိုင်သည့်မြေကွက်၏ ပျမ်းမျှအရွယ်အစားသည် ပြည်နယ်အတွင်းရှိ အခြားခရိုင်များထက် ပို၍ ကြီးနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကုန်းမြေအများစုသည် ခြောက်သွေ့ပြီး မိုးခေါင်ရေရှားဒေသများ ဖြစ်နေ၍ ဖြစ်ပါသည်။

ဇယား ၃.၇။ မြေပိုင်မှုပုံစံ

| နှစ် | | < ၁ ဟက်တာ | ၁-၂ ဟက်တာ | ၂-၄ ဟက်တာ | > ၄ ဟက်တာ | စုစုပေါင်း ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|
| ၁၉၇၀-၇၁ ပပ ၆.၄၆ | [illegible] | ၇ | ၁၃.၈၂ | ၂၄.၃၈ | ၅၄.၈ | ၁၀၀ (၁၀၁၆၄၄) |
| | [illegible] | ၀.၇ | ၃.၂၁ | ၁၀.၉၄ | ၈၅.၁၅ | ၁၀၀ (၆၆၉၁၃၄) |
| ၁၉၈၀-၈၁ ပပ ၅.၇၄ | [illegible] | ၆.၆၂ | ၁၅၁၉ | ၂၆.၈၁ | ၅၁.၃၈ | ၁၀၀ (၁၂၅၂၅၉) |
| | [illegible] | ၀.၇၅ | ၃.၉၉ | ၁၃.၅၃ | ၈၁.၇၃ | ၁၀၀ (၇၁၈၆၄၀) |
| ၁၉၉၀-၉၁ ပပ ၅.၀၆ | [illegible] | ၇.၇၁ | ၁၇.၈၉ | ၂၉.၆၁ | ၄၅.၀၉ | ၁၀၀ (၁၅၂၉၄၉) |
| | [illegible] | ၀.၉၁ | ၅.၃၂ | ၁၆.၈၇ | ၇၆.၉ | ၁၀၀ (၇၇၄၄၈၄) |

ကိုးကားချက်။ ကွပ်ချ်ခရိုင်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း အကျဉ်း

န = အရေအတွက်
ဧ = မြေအမျိုးအစားအလိုက်ဧရိယာ (ဟတ်တာ)
ပပ = ပျမ်းမျှပိုင်ဆိုင်မှု (ဟတ်တာ)
(   ) = ဧရိယာဟတ်တာ

ဤအပိုင်းတွင် ၂ ဟတ်တာ မှ ၄ ဟတ်တာအတွင်း ပိုင်ဆိုင်မှု အတန်းအစားသည် အများဆုံး ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ် နှင့် ၂၀၀၂ ခုနှစ်အကြားတွင် လူဦးရေတိုးတက်လာမှုသည် နောက်ပိုင်း၌ စိုက်ပျိုးမြေ တိုးတက်လာမှုအတွက် ဖိအားဖြစ်လာ ပါသည်။ အစားအစာမဟုတ်သည့် သီးနှံဧရိယာသည် အလွန် တိုးပွားလာပါသည်။ ၎င်းတို့အနက် အများစုမှာ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ် နှင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းများတွင် ကျွဲနွားစာ စိုက်ခင်းများ ဧရိယာသည် ပိုများလာ၍ ဖြစ်ပါသည်။ ၎င်းအလှည့် အပြောင်း၏ အကျိုးဆက်အား စားသောက်ရာသီးနှံများမှ ခံစားခဲ့ ရပါသည်။ စားစရာကောက်ပဲသီးနှံ စိုက်ပျိုးနှုန်းလျော့ကျမှုသည် ၁၉၈၀ ပြည့် နှစ်နှောင်းပိုင်းနှင့် ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းများတွင် ၁၅ သိန်း မှ ၂ သိန်း ဟတ်တာနီးပါးခန့်အထိ လျော့ကျခဲ့ပါသည်။ ၎င်းသည် အသားတင် သီးနှံစိုက်ပျိုးဧရိယာ စုစုပေါင်း၏ ၁၉ မှ ၂၃ ရာခိုင်နှုန်းခန့်အထိ ရှိပါသည်။ စားသောက်ရန်မဟုတ်သည့် သီးနှံများတွင် ဆီကြိတ်သီးနှံများမှာ တိုးပွားလာပြီး ဝါစိုက်ပျိုးမှု ဧရိယာမှာ လျော့ကျလာခဲ့ပါသည်။

## ၃.၈။ ကွပ်ချဲခရိုင်၌ဓာတ်သတ္တုသိုက်များတည်ရှိမှု

အဓိကသတ္တု အရင်းအမြစ်များအား လက်ဟာပက်၊ အက်ဒါသာနှင့် နဟတ်ရာနမြို့နယ်အုပ်စုများတွင် ရှာဖွေတွေ့ရှိရပါသည်။ ဘောက်ဆိုဒ်နှင့် လစ်နိုက်တို့အား ဂူဂျာရတ်သတ္တု ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (GMDC) မှ တူးဖော် ထုတ်လုပ်ပါသည်။ အခြားသတ္တုရိုင်းအများစုကိုလည်း ပုဂ္ဂလိကလုပ်ငန်းများမှ ထုတ်လုပ်လျက်ရှိပြီး ၎င်းတို့၏ အရေအတွက်မှာ ၃၀၀၀ အထိ ရှိပါသည်။

**ဇယား ၃.၈။ သတ္တုသိုက်များ**

| သတ္တု | စုစုပေါင်း ပမာဏ | ကွပ်ချဲခရိုင်၏ ဂူဂျာရတ်ပြည်နယ် အပေါ်တည်ရှိသည့်% | ထုတ်လုပ်နိုင်သည့် ပမာဏ |
|---|---|---|---|
| ထုံးကျောက် | ၇၇၆၅ | ၇၄ | မရှိ |
| လစ်နိုက် | ၃၁၂ | ၄၅ | ၂၁၇ |
| ဘောက်ဆိုဒ် | ၄၂.၄ | ၄၄ | ၃၁ |
| ဘင်တိုနိုက် | ၁၈၀ | မရှိ | မရှိ |

## ၃.၉။ ကွပ်ချဲခရိုင်ရှိစက်မှုလုပ်ငန်းများ

ကွပ်ချဲခရိုင်တွင် မှတ်ပုံတင်ထားသော စက်ရုံများ၏ အရေအတွက်သည် ၁၉၆၀ ပြည့်နှစ်မှစတင်၍ တိုးတက်မှုရှိလာသော်လည်း စက်မှုကဏ္ဍသည် ဒေသအလုပ်သမားများကို

သိသာစွာ အလုပ်ပေးနိုင်ခြင်းမရှိပေ။ ၁၉၆၀ ပြည့်နှစ်တွင် ခရိုင်အတွင်းရှိ စက်ရုံ ၃၉ ခုသည် ဖျမ်းမျှအားဖြင့် တစ်နေ့လျှင် အလုပ်သမား ၃၇၅၁ ဦးကို အလုပ်ပေးနိုင်သော်လည်း ၁၉၉၉ ခုနှစ်တွင် စက်ရုံ ပေါင်း ၃၆၄ ရုံသည် ဖျမ်းမျှအားဖြင့် တစ်နေ့လျှင် အလုပ်သမား ၁၁၈၆၀ ဦး အလုပ်ပေးနိုင်ခဲ့သည်။ ဖျမ်းမျှအသေးစား စက်မှုလုပ်ငန်း ၉၂/၉၃ အစီရင်ခံစာအရ စက်ရုံပေါင်း ၁၄၅ ရုံသည် စားသောက်ကုန်တန်ဖိုး ရှုပီး ၉၈၈ ၁၁၈ ၄ ကုဋေဖိုး ထုတ်လုပ်ခဲ့ ပါသည်။ ချည်မျှင်နှင့် အထည်အလိပ်၊ ရော်ဘာ၊ ပလတ်စတစ်၊ ရေနံနှင့် ကျောက်မီးသွေး ထုတ်ကုန်များသည် အများစု ထုတ်ကုန် များ ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ် အစောပိုင်းတွင် အသေးစား စက်မှုကဏ္ဍကို အားပေးခဲ့သဖြင့် ကွပ်ချဲ့ခရိုင်တွင်လည်း အကျိုး ခံစားခဲ့ရပါသည်။ ၁၉၈၁ ခုနှစ် တွင် အသေးစားစက်မှု ၁၃၅ ခုသာ ရှိခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် တွင် ၄၇၈၀ အထိ မြင့်တက်ခဲ့ ပါသည်။ အကြောင်းမလှသဖြင့် အဆိုပါစာရင်းများ ချဉ်းကပ် လေ့လာခွင့် ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ အဆိုပါ နည်းစနစ်များ တွင် လူသားအပါအဝင် သုတေသနပြုသည့် အရာအားလုံး အသက်ရှင်သန်မှုအား မျှဝေပေးခြင်းများ စသော ထူးဆန်းသည့် အကြောင်းအရာများအား သတင်းအချက်အလက် စုဆောင်းခြင်း၊ ဘာသာရေးသွက်သွင်းမှုနှင့် ယုံကြည်မှုကိစ္စများအား အစီအစဉ် ရေးဆွဲ၍ အဆင်ပြေစွာ ချဉ်းကပ်လေ့လာခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်၏ အတွေ့အကြုံများအရ ရရှိခဲ့သည့် အရည်အသွေးပြည့်ဝပြီး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းထားသည့် ကိုယ်ပိုင်နည်းပညာများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**၃. ၁၀. ၁။ ကျေးလက်နည်းပညာ**

ဤသုတေသနသည် စစ်တမ်းထုတ်ယူခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း နည်းလမ်းများကို ပေါင်းစပ်ထားပါသည်။

**စစ်တမ်းမေးခွန်းနည်းပညာ**

ဤနည်းပညာနှင့် ပတ်သက်၍ ဘက်ချော၊ အန်ကျာနှင့် ဘုဂ္ဂျမြို့နယ်အုပ်စုများအကြားရှိ ကျေးရွာ ၁၅ ရွာကို ရွေးချယ်ခဲ့ပါသည်။ ဤနေရာကို စံညွှန်းယူရခြင်းမှာ ဘတ်ချောမြို့နယ်နှင့် ၎င်း၏ ကျေးရွာများသည် လျှော်ဒဏ်ကို အများဆုံးခံစားရသည့် အတွက် ဖြစ်ပါသည်။ အလားတူပင် ဘုဂ္ဂျသည်လည်း ကွပ်ချ်ခရိုင်၏ အရှေ့အကြီးဆုံးနှင့် အကြီးမားဆုံးမြို့တော်ဖြစ်ပြီး မြို့စီမံကိန်းကဲ့သို့သော သီးခြားပြန်လည် ထူထောင်ရေးအစီအမံများ တည်ရှိပြီးဖြစ်နေ၍ ဖြစ်ပါသည်။ အန်ကျာသည်လည်း မြို့ပြလူနေမှုဌာနဖွံ့ဖြိုးတိုးတက်လာနေ၍ ဖြစ်ပါသည်။

ကျေးရွာတစ်ရွာစီမှ စစ်တမ်းဖြေကြားသူ ၂၄ ဦးစီအား လေ့လာရာတွင် ၎င်း ၂၄ ဦးစလုံးသည် အလုပ်အကိုင် အုပ်စုမျိုးစုံနှင့် ဝင်ငွေအခြေအနေမျိုးစုံ ခြားနားလျက် ရှိပါသည်။

ဤလေ့လာချက်မှ အလုပ်အကိုင် အခြေအနေနှင့် ဝင်ငွေ ခြားနားချက်များရှိသည့် အလွှာမျိုးစုံအပေါ် လူအများမှ ငလျင်ကယ်ဆယ်ရေး မည်ကဲ့သို့ ဆောင်ရွက်သည်ကို အဓိက အလေးပေး လေ့လာခြင်းပင် ဖြစ်ပါသည်။

ဝင်ငွေပေါ်မူတည်၍ အတန်းအစားခွဲထားမှုမှာ-

(က) ရှီး ၃၀၀၀ အောက်

(ခ) ရှီး ၃၀၀၀ မှ ၆၀၀၀

(ဂ) ရှီး ၆၀၀၀ မှ ၉၀၀၀ နှင့် ၉၀၀၀ အထက်တို့ ဖြစ်ပါသည်။

ဝင်ငွေပေါ်မူတည်၍ အလုပ်အကိုင်များကို ခွဲခြားရာတွင် အခြေခံလုပ်သား၊ အသေးစား၊ အလယ်အလတ်နှင့် အကြီးစား စီးပွားရေးလုပ်ငန်း၊ အသေးစား၊ အလတ်စားနှင့် အကြီးစား တောင်သူလယ်သမားများအဖြစ် ခွဲခြားထားပါသည်။

ပိုင်းခြားသတ်မှတ်ထားသော ကယ်ဆယ်ရေးလုပ်ငန်းများကြောင့် အောက်ပါကဲ့သို့သော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေပါသည်-

(က) အလုပ်အားအသုံးချမှု

(ခ) ဝင်ငွေပြောင်းလဲခြင်း

(ဂ) စုဆောင်းငွေပြောင်းလဲခြင်း

(ဃ) တင်ရှိသောကြွေးမြီပြောင်းလဲခြင်း

(င) အပတ်စဉ်စားသုံးသည့် ဟင်းသီးဟင်းရွက်နှင့် နို့ထွက်ပစ္စည်း ပြောင်းလဲမှု

(စ) အပတ်စဉ်ငွေသုံးစွဲဝယ်ယူနိုင်မှု

(ဆ) အစားအစာမရရှိသည့် နေ့ရက်အရေအတွက် ပြောင်းလဲမှု

(ဇ) ဝင်ငွေရှိ အသက်မွေးဝမ်းကျောင်းပြုသူ၏ အသက်

(ဈ) ဝင်ငွေရှိ အသက်မွေးဝမ်းကျောင်းပြုသူဦးရေ

(ည) ဈေးနှုန်းမြင့်တက်မှု၏အကျိုး

(ဋ) ပိုင်ဆိုင်သည့်ပစ္စည်းအခြေခံ (မြေ ဆိုင်စသည်)

အထက်ပါပြောင်းလဲမှုများအား ဥပမာကိုယ်စားပြုသည့် ကျေးရွာများရှိ ဝင်ငွေအုပ်စုအမျိုးမျိုးနှင့် အလုပ်အကိုင်အုပ်စုအမျိုးမျိုး တို့အပေါ် အခြေခံ၍ လေ့လာထားခြင်း ဖြစ်ပါသည်။

စစ်တမ်းဖြေဆိုသူများအား ရေပြင်ညီအတန်းနှင့် ပြောင်းလဲမှုအား ဘယ်ဘက်ခေါင်လိုက်ကော်လံတွင် ဖော်ပြထားပါသည်။ ဖြေဆိုသူသည် သီးခြားကျေးရွာမှ ဌာနေတစ်ဦးဖြစ်ပြီး ဖော်ပြပါဝင်ငွေ အတန်းအစား (၃) မျိုးတွင် ကျရောက်ပါသည်။ ဝင်ငွေနှင့် အလုပ်အကိုင် ဖွဲ့စည်းမှုမှာ ဥပမာပြုကျေးရွာတွင် တစ်ဖက်ပါအတိုင်းဖြစ်သည်-

(က) ကိုယ်ပိုင်စီးပွားရေးအရ ပိုင်ဆိုင်မှုလုံးဝမရှိဘဲ လုပ်အားခပေါ်တွင်သာ ရပ်တည်နေရသည့် အလုပ်သမားလူတန်းစား၊

(ခ) ဤအပိုင်းတွင် ၅၀ စတုရန်းပေထက်ကျဉ်းသော ဈေးဆိုင်ပိုင်ဆိုင်မှု (သို့) ၄ ဟတ်တာထက် လျော့နည်းသည့် လယ်ယာမြေကို ပိုင်ဆိုင်သည့် တောင်သူလယ်သမားတို့ ပါဝင်သည် ဥပမာမြို့ ပြည်သူများ ပါဝင်ပါသည်။ ဤအတန်းအစားသည် အလယ်အလတ်တန်းစား ဝင်ငွေရှိသူများဖြစ်ပြီး လစဉ် ဝင်ငွေမှာ ၃၀၀၀ မှ ၆၀၀၀ ဖြစ်ပါသည်။

(ဂ) တတိယအပိုင်းတွင် ပါဝင်သောလူထုသည် လယ်ယာမြေ ၄ ဟတ်တာအထက်နှင့် ၅၀ စတုရန်း ပေထက် ကျယ်ဝန်းသော ဈေးဆိုင်ခန်းပိုင်ဆိုင်သူများ ဖြစ်ကြပြီး လစဉ်ဝင်ငွေမှာ ၆၀၀၀ ကျော် ဖြစ်ပါသည်။

နမူနာမြို့ကျေးရွာများမှ စစ်တမ်းဖြေဆိုသူများသည် ၎င်းတို့တွေ့ကြုံခဲ့ရသည့် သီးခြား ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် အခြေပြုပြီး အဖြေအမျိုးမျိုးပေးခဲ့ကြပါသည်။ ၎င်းအပြင် မူလကပင် လွတ်လပ်ခွင့်မရှိသည့် ကယ်ဆယ်ရေးလုပ်ငန်းများ သို့မဟုတ်

၎င်းတို့ တွေ့ကြုံခဲ့ရသည့် အမျိုးမျိုးသော ကယ်ဆယ်ရေးလုပ်ငန်းများ၏ ကွဲပြားခြားနားသည့် ပြောင်းလဲမှုဖြစ်စဉ် အကြောင်းတရားများကို ဖြေဆိုခဲ့ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေခဲ့ပါသည်။

စစ်တမ်း၏ပထမပိုင်းသည် အတူနေသူများနှင့် ဆက်နွယ်လျက်ရှိသည့် မွေးဖွားခြင်း၊ ကွယ်လွန်ခြင်း၊ အိမ်ထောင်ပြုခြင်းစသည့် လူမှုရေးစရိုက်လက္ခဏာများကို မေးမြန်းခြင်း ဖြစ်ပါသည်။ ဟိန္ဒူဇာတ်နိမ့်များအကြောင်း၊ မိသားစုအရေအတွက်၊ အလုပ်လုပ်သူ ဦးရေ၊ အလုပ်လုပ်သူများ၏အသက်၊ မှီခိုသူဦးရေ၊ မတရားအလုပ် စေခိုင်းမှုတို့၏ လျော်ကြေးမကျရောက်မီနှင့် လျော်ကြေးခံပြီးနောက် အခြေအနေများကို မေးမြန်းစုဆောင်းကြပါသည်။

ဒုတိယပိုင်းအနေဖြင့် အတူနေသူများအကြောင်း စစ်တမ်းကောက်ယူခြင်းဖြစ်ပြီး ၎င်းအတူနေသူများ၏ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ၊ စည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှုများ အကြောင်း မေးမြန်းစုံစမ်းပြီး သတင်းအချက်အလက်များ စုဆောင်းခဲ့ပါသည်။ ၎င်းတို့ကို မြေပိုင်ဆိုင်မှု၊ စားကျက်မြေ၊ မွေးမြူရေး၊ လယ်လုပ်ကိရိယာများ၊ အခြားစက်ကိရိယာများ၊ သီးခြားကျွမ်းကျင်မှုနှင့် ပညာရေးတို့ကို အခြေခံ၍ အတန်းအစားခွဲခြားပြုစုပါသည်။

တတိယစစ်တမ်းမေးခွန်းမှာ လျော်ကြေးမကျရောက်မီနှင့် ကျရောက်ပြီးနောက် စိုက်ပျိုးရေးထုတ်ကုန်နှင့် ဝင်ငွေများအခြေအနေကို စစ်တမ်းကောက်ယူခြင်း ဖြစ်ပါသည်။ ၎င်းအပြင်

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ လျှော်ဒဏ်မကျရောက်မီနှင့် ကျရောက်ပြီးအခြေအနေများ စုဆောင်းခြင်းလည်း ပါဝင်ပါသည်။

စစ်တမ်း၏ စတုတ္ထနယ်ပယ်မှာ အကြွေးနှုန်းထားများ၊ ငွေးရမ်းမှုနှုန်းထားများ၊ ကွဲပြားခြားနားသည့် ထောက်ပံ့ကြေးလက်ခံရရှိမှုများ၊ ထောက်ပံ့ကြေးရရှိသည့် အချိန်ကာလ စသည့်အဖြေများ ပါဝင်ပါသည်။

စစ်တမ်း၏ပဉ္စမအပိုင်းတွင် **"အခွန်ကင်းလွတ်ခွင့်ကာလ"** ၏ အကျိုးရလဒ်အဖြစ် ကွပ်ချုံခရိုင်တွင် လာရောက်ဖွင့်လှစ်သော စက်မှုလုပ်ငန်းများ၏ အကျိုးတရားနှင့် ပတ်သက်ပါသည်။ ဒေသခံအဆင့်၌ အလုပ်အကိုင်များ ဖန်တီးမှု၊ လေထုညစ်ညမ်းမှု၊ ရေအဆင့်အတန်းနှင့် မြေအသုံးပြုမှုဆိုင်ရာ စက်မှုလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု စသည့်အဖြေများကို စုဆောင်းခြင်း ဖြစ်ပါသည်။

## တွေ့ဆုံမေးမြန်းခြင်းနည်းလမ်း

ဦးဆောင်လူအလိုက်အမြဲ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသည် စာသင်ကျောင်းများ၊ အစိုးရရုံးများ၊ အမျိုးသမီးအုပ်စုများ၊ NGO များ၊ ဗျာပါရီမန်ခွဲများ၊ ကျေးရွာဆာပန်ချ်များကိုယ်စားငင်းတို့ ကိုယ်စားပြုသည့် နယ်ပယ်အလိုက် လျှော်မကျရောက်မီနှင့် လျှော်ကျရောက်ပြီးနောက် ၎င်းတို့၏ စီးပွားရေးအခြေအနေများ အကြောင်းကို တွေ့ဆုံမေးမြန်းခြင်း ခံကြပါသည်။ အဆိုပါ အဖွဲ့

အစည်းများအနေဖြင့် ၎င်းတို့အပေါ်တွင် အလွန်အရေးပါမှုနှင့် အချို့ဒေသများတွင်မူ ယနေ့ထိတိုင်အောင် လျှစ်လျူရှုထားခြင်း များကို မေးမြန်းခြင်း ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့၏ ကယ်ဆယ်ရေး လုပ်ငန်းများသည် မည်မျှလောက် သက်ရောက်သက်သာရှိမှုကိုလည်း မေးမြန်းခြင်း ခံကြရပါသည်။ အသံနှင့်ရုပ် အထောက်အကူပြု ပစ္စည်းများကို အသုံးပြု၍ လျှောင်ဒဏ်ကျရောက်ပြီး ၃ ရက်မြောက်နေ့ လျှောင်ဒဏ်ကျရောက်သည့် ပထမနှစ်နှင့် ပဉ္စမနှစ်များမှ အခြေအနေ များကို တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့ကြပါသည်။

## ၃. ၁၀. ၂။ နည်းလမ်း - မြို့ကြီးများ

အန်ဂျာ၊ ဘုဂျ်နှင့် ဘတ်ချောမြို့များတွင် ထုတ်ပြန်ထားသော မြို့ပြစီမံကိန်းနှင့် နေရာပြောင်းရွှေ့ချထားမှု ၎င်းထုတ်ပြန်မှု ၂ ခု ရှိ အမြွတမ်း ပြန်လည်ထူထောင် နေရာချထားမှု ထုတ်ပြန်ချက်များကို ထိတွေ့လေ့လာခြင်းပင် ဖြစ်သည်။

အဆိုပါလေ့လာမှုတွင် အောက်ဖော်ပြပါကဲ့သို့သော အချက်အလက်များ ပါဝင်သည့် မြို့ပြစီမံကိန်းရေးဆွဲ ဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှုများကို လေ့လာခြင်း ဖြစ်ပါသည်-

(က) နစ်နာကြေး (လျော်ကြေး) များ လက်ခံရရှိမှု
(ခ) အိမ်များတပ်ဆင်ခြင်းနှောင့်နှေးမှု
(ဂ) တွေ့ကြုံနေရသည့် မြို့ပြစီမံကိန်းအရ အိုးအိမ်အတွက် ငွေဖြတ်တောက်ခံရမှု

(ယ) တွေ့ကြုံနေရသည့် မြို့ပြစီမံကိန်းအရ ဈေးဆိုင် အတွက် ငွေဖြတ်တောက်ခံရမှု
(ဃ) မြို့ပြစီမံကိန်းမြေပုံနှင့် ၎င်းနှင့် သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို အတည်ပြုရန်နှောင့်နှေးခြင်း
(စ) မြို့ပြစီမံကိန်းမြေပုံနှင့် ၎င်း၏အကျိုးတရားများ မကြာခဏပြောင်းလဲခြင်း
(ဆ) စီးပွားရေးဈေးကွက်နေရာ မကြာခဏပြောင်းလဲမှု၏ အကျိုးတရားများ
(ဇ) မြို့ပြစီမံကိန်း ငွေစာရင်းအရ ပြည်သူများ၏ အိမ်များ ပြန်လည်တည်ဆောက်ခြင်းနှင့် ဖျက်စီးမှုများအပေါ် အကျိုးသက်ရောက်မှုများ
(ဈ) အိမ်ငှားများအပေါ် အကျိုးသက်ရောက်မှု
(ည) ကျူးကျော်နေထိုင်သူများအပေါ် အကျိုးသက်ရောက်မှု

တည်နေရာပြောင်းရွှေ့ခြင်းနှင့်စပ်လျဉ်း၍-
(က) နေရာပြောင်းရွှေ့သည့် ပြည်သူများ၏ ပြောင်းရွှေ့သည့် တည်နေရာနှင့် ပင်မဈေးကွက်တည်နေရာတို့၏ ကြားအကွာအဝေးအရ စီးပွားရေးလုပ်ငန်းများ

ရောင်းဝယ်ဖောက်ကားမှု ပမာဏအပေါ်
စီးပွားရေးအကျိုးသက်ရောက်မှု

(ခ) ရွှေ့ပြောင်းရန် လျာထားသည့် ကျယ်ပြန့်
သော နေရာ၏ အရွယ်အစားနှင့် ဈေးကွက်
တည်နေမှု အကွာအဝေးတို့ အကြားရှိ
အားနည်းချက်နှင့် အားသာချက်များ

(ဂ) ဒေသခံစီးပွားရေး လုပ်ငန်းရှင်များအပေါ်
မူတည်၍ နည်းလမ်းအရ (အစိုးရ၏
တိုက်တွန်းချက်အရ) ဖွဲ့စည်းထားသည့်
စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း၏ အကျိုး
သက်ရောက်မှု

ဝင်ငွေနှင့် အလုပ်အကိုင် ကွဲပြားခြားနားမှုရှိသည့် အုပ်စုများမှ ၂၅ ဦးစီ ပါဝင်သည့် ဖြေကြားသူ ၁၀၀ ခန့်နှင့် တွေ့ဆုံမေးမြန်းခြင်း ပြုခဲ့ပါသည်။ ၎င်းဖြေဆိုသူများတွင် ယာယီလုပ်သားများ၊ ဈေးသည်များ၊ ဈေးဆိုင် (အကြီး၊ အလတ်၊ အသေး) ပိုင်ရှင်များ၊ (ကြီး၊ လတ်၊ သေး) တောင်သူလယ်သမားများ၊ (ကြီး၊ လတ်၊ သေး) စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ အလုပ်သမားများ စသည်ဖြင့် အလွှာပေါင်းစုံ ပါဝင်ပါသည်။

အားလုံးအပေါ် အနီးစပ်ဆုံး ခန့်မှန်းချက်များအရ ဘတ်ချော၊ ဘူဂျီနှင့် အနက်ဂျာမြို့ကြီးများမှ ဖြေဆိုသူ ၃၀၀ နှင့် တွေ့ဆုံ မေးမြန်းမှုပြုလုပ်ခဲ့ကြပါသည်။

**ကိန်းဂဏန်းဆိုင်ရာ အစီအစဉ်များ အသုံးပြုခြင်း**

ကိန်းဂဏန်းများဆိုင်ရာ ဆန်းစစ်လေ့လာခြင်းအား SPSS (လူမှုရေးသိပ္ပံဆိုင်ရာ ကိန်းဂဏန်းများအစီအစဉ်) မှ ဆောင်ရွက်ခဲ့ပြီး ဝင်ငွေအတန်းအစား ခွဲခြားသတ်မှတ်မှုနှင့် အမျိုးမျိုးသော ဆက်နွယ်မှု စာရင်းဇယားများအရ ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် ကိန်းဂဏန်းများ သရုပ်ဖော်သော ကိရိယာများနှင့် တွက်ချက်ရရှိသည့် အဓိပ္ပာယ်၊ ပျမ်းမျှတန်ဖိုး၊ နည်းလမ်းနှင့် စံပြုထားသော သွေဖည်ခြင်းများကို ပေါင်းစပ် အသုံးပြုခဲ့ပါသည်။

အဆိုပါ ကိန်းဂဏန်းများဆိုင်ရာ ဆန်းစစ်လေ့လာခြင်းအား တွေ့ဆုံမေးမြန်း ဆန်းစစ်ချက်များအား အခြေခံ၍ ထိတွေ့လေ့လာမှုများ ပြုလုပ်ခဲ့ပြီး အဆိုပါတွေ့ရှိချက်များမှ အလားအလာများအား ဖော်ထုတ်ပြသနိုင်ရန်အတွက် အောက်ပါအချက်များကို အလေးထား လေ့လာခဲ့ပါသည်-

(က) မည်သည့်အလုပ်အကိုင်နှင့် ဝင်ငွေရအုပ်စုများအား ကယ်ဆယ်ခြင်းသည် သဘာဝအား ထိခိုက်မှု မရှိကြောင်း သက်သေပြရန်၊

(ခ) မည်သည့်အလုပ်အကိုင်နှင့် ဝင်ငွေရအုပ်စုများအတွက် ကယ်ဆယ်ခြင်းသည် သဘာဝအား ထိခိုက်မှုမရှိကြောင်း သက်သေပြရန်၊

(ဂ) လျှော်ဘေးဒဏ်ခံ ဒေသများတွင် ဆောင်ရွက်နေသော ကယ်ဆယ်ရေး လုပ်ငန်းလုပ်

နည်းများနှင့် အစိုးရ၏ ပြန်လည် ထူထောင်ရေး အစီအစဉ်များ အကြား ဆက်နွယ်မှုသည် မည်မျှအကျိုး သက်ရောက်မှုရှိသည် (သို့) အားနည်းမှုရှိခြင်း၊

(ယ) အချိန်၊ ကယ်ဆယ်ခြင်းနှင့် ပြန်လည် ထူထောင်ရေး အစီအစဉ်များ ဆက်နွယ်မှု၊

## ၃.၁၁။ တွေးခေါ် မြော်မြင် ယူဆချက်

စာပေအထောက်အကူများအပေါ် လေ့လာမှုပြုပြီးနောက် ယာယီနှင့် အမြဲတမ်းပြန်လည် ထူထောင်ရေးအဆင့် နှစ်ခုစလုံးကို မိမိကိုယ်ပိုင်ဟန်ဖြင့် မိမိလေ့လာပါသည်။ ၎င်းမှ အောက်ပါ တွေးခေါ် မြော်မြင် ယူဆချက်များ စုဖွဲ့ရရှိပါသည်-

၁။ ဘေးအန္တရာယ်လွန်ကာလ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း အနည်းငယ်မျှပင် ကျွမ်းကျင်မှုမရှိသည့် အလုပ်သမားများအား လုပ်ခများစွာ ရရှိစေပါသည်။ ၎င်းတို့သည် အလုပ်မရှိဘဲ ကျောခင်း၍ လုပ်ခအနည်းငယ်သာ ရရှိမည့် အလုပ်အကိုင်တစ်ခုခုကို ရှာဖွေနေသူများ ဖြစ်ပါသည်။ ယခုအခါ သတ်မှတ်ထားသည့် လုပ်အားခသည် ဒေသလုပ်အားခထက် ပိုများနေသဖြင့် ၎င်းတို့ စုပြုံထွက်လာခြင်း ဖြစ်ပါသည်။

၂။ လျှော့ချက်မကျရောက်မီက ခံစားပိုင်ခွင့်များကို တူညီမှု ရှိခဲ့သော်ငြားလည်း ဈေးဆိုင်ငယ်ပိုင်ရှင်များ၊ ကိုယ်ပိုင်အသေးစားလုပ်ငန်း လုပ်ကိုင်သူများသည် လယ်မြေပိုင်ဆိုင်သူများနှင့် နှိုင်းစာလျှင် အလုပ်မဲ့လျော့ချက် ရှိပါသည်။

၃။ ယာယီပြန်လည်ထူထောင်ရေးလုပ်ငန်းသည် သုံး နှစ်ထက်ပို၍ ကြာလွန်ပါက ကာယဆယ်နိုင်ရေး စွမ်းရည်များ လျော့ကျနိုင်ပါသည်။

၄။ သဘာဝဘေးဒုက္ခများသည် ပထမတွင် အုပ်စုအားလုံးနှင့် ပေါင်းကြွယ်ဝသည့်အစုများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်များအား ပိတ်ပင်ပါသည်။

၅။ ငုပ်လျှိုးနေသော အလားအလာများသည် ဥစ္စာဓနကြွယ်ဝချမ်းသာမှုများ တစ်နေရာတွင် အဆုံးသတ်မှုနှင့် အခြားတစ်ဖက်တွင် ချွတ်ခြုံကျမှုများ သိသာစွာ တိုးပွားလာခြင်းတို့ဖြစ်ပါသည်။

၆။ **"ပြန်လည်ပူးပေါင်းပါဝင်မှု တိုးတက်လာခြင်းသည် လူတိုင်းလူတိုင်း၏ ယုံကြည်မှုကို ရစေသည်"** ဟူသော အမြင်မှားအား ပြောင်းလဲဖြစ်ပေါ်စေသည်ဆိုသည့် အငြင်းပွားမှုပင် ဖြစ်ပါသည်။

** ** ** ** **

# ရည်ညွှန်းချက်များ

၁။ ဒေသအတွင်းလမ်းများ ဖောက်လုပ်မှုကြောင့် လုပ်ငန်းခွင်များ ဖန်တီးပေးနိုင်သည်ဟူသော ဒေသခံများ၏ အမြင်အရ ဖြစ်ပေ

သည်ဟု ဂျန်ဘာရီမန်ပြုလုပ်သော လေ့လာမှုမှ မီးမောင်းထိုးပြခဲ့

ပါသည်။ ဤအချက်သည် ဒေသခံများအတွက် အလုပ်အကိုင်များ

ဖန်တီးရန် ဆောင်ရွက်မည့်လုပ်ငန်း ပါဝင်သော အကောင်အထည်

ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ၏ ရည်မှန်းချက်ပင် ဖြစ်ပါသည်။

ဒေသအတွင်း အလားတူ ကျေးလက်မှကျေးလက်သို့ လူများပြောင်းရွှေ့

နေထိုင်ခြင်း အကျိုးတရားနှင့် ၎င်းသည် ကျေးလက်အလုပ်အကိုင်

ရရှိမှု၏ အကျိုးပြုပုံတို့ကိုလည်း ရှင်းလင်း ဖော်ပြခဲ့ပါသည်။

၂။ ယိုဟန်ဂျာရာရူး၊ ၂၀၀၇ ခုနှစ် ဇူလိုင်လစာအုပ်တွင်

ထုတ်ဝေသော အလားတူပင် ဒေသအတွေ့အကြုံနှင့် ဒေသစွမ်းအား

အရ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်

ဒေသခံလုပ်သားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးမှုသည်

ဖြစ်နိုင်ဖွယ်ရှိကြောင်း ထုတ်ဖော်ညွှန်ပြခဲ့ပါသည်။

၃။ ယာယီအဆောက်အအုံဆိုသည်မှာ လူနေထိုင်နိုင်သော အကာအရံပါဝင်သည့် နေရာတစ်ခုဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ နေထိုင်ရန် ပတ်ဝန်းကျင် လုံခြုံမှုရှိခြင်း၊ ပုဂ္ဂလိကလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်သောနေရာကို ဆိုလိုပါသည်။ သဘာဝကပ်ဘေး ကျရောက်ချိန်နှင့် အမြဲတမ်းနေအိမ်ကိစ္စ ဖြေရှင်းပြီးသည့်အထိ ကြားကာလသည် ၆ လထက် မပိုသင့်ပါ။

၄။ ဒေါက်တာ ရှိုဟာစ်ရှုကလ၏ ၁၉၈၂ ခုနှစ်၊ ဂူဂျာရတ်ခရိုင်၏ မိုးခေါင်ရေရှားမှု ဖြစ်လွယ်သော ဒေသများ၏ လူမှုစီးပွားရေး အမှတ်လက္ခဏာများ လေ့လာချက်တွင် ထုတ်လုပ်မှု ကျဆင်းခြင်း၏ ရက်စက် ပြင်းထန်သော သံသရာ၊ သဘောထား ရပ်တည်ချက် ပျောက်ဆုံးမည့်အန္တရာယ်၊ ကြွေးမြီ အတိုးနှုန်းကြီးမြင့်မှု၊ ကြွေးယူမှုနှုန်း (အကြွေးထူပြောမှု) နှင့် အထောက်အပံ့ခံယူရမှု၊ အချိုးစားမြင့်တက်မှုတို့သည် ဂူဂျာရတ်ခရိုင်အတွင်းရှိ မိုးခေါင်ဒဏ်ခံ အသေးစားလယ်သမားများ၏ တိုးတက်ကြွယ်ဝချမ်းသာမှုကို ဦးတည်ခဲ့ကြောင်း စသည်တို့ ဖော်ပြထားပါသည်။

၅။ မတ်စ် - ၁၈၆၇ တွင် ဝင်ငွေခွဲဝေပေးမှု ပမာဏနှင့် ပတ်သက်၍ တန်းတူညီမှု မရှိခြင်းသည် လောလောဆယ်၌ ပြဿနာ မဟုတ်ပါ။ သို့သော်လည်း ထုတ်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်း၏ မတူညီသော ရှုထောင့်အမြင် အမျိုးမျိုးကြားတွင် ဆန့်ကျင်ကွဲလွဲချက်များရှိကြောင်း စုံစမ်းစစ်ဆေးမှုတစ်ခုအရ သိရှိရပါသည်။